# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**အကျိုးထူးတရားလေးပါး**

အမြဲရှိခိုးလေ့ရှိ၍ မိမိထက် ဂုဏ်အသက်သိက္ခာအားဖြင့် ကြီးသောသူတို့၌ အရိုအသေပြုလေ့ရှိသူအား အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာခြင်း၊ ခွန်အားကြီးခြင်းဟူသော ဤအကျိုးထူးတရားလေးပါးတို့သည် တိုးပွားကုန်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၀၉)


၁၃၈၃ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၈ ရက် | ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာ ၁၁ ရက်၊ ကြာသပတေးနေ့ | အတွဲ (၆၁)၊ အမှတ်(၀၄၂)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အင်းတကော်စက်မှုဇုန်နယ်မြေသို့ သွားရောက်ကြည့်ရှုစစ်ဆေး

## ရပ်နားထားရသည့်စက်များ ပြန်လည်လည်ပတ်နိုင်ရေး ဆောင်ရွက်ရန်၊ စက်ရုံများအလိုက် စက်ပစ္စည်းများအား မလိုလားအပ်ဘဲ ပျက်စီးဆုံးရှုံးမှုမရှိစေရေး စနစ်တကျ ထိန်းသိမ်းဆောင်ရွက်



နေပြည်တော် နိုဝင်ဘာ ၁၀

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးအောင်သန်းဦး၊ ဒေါက်တာချာလီသန်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှစိုး၊ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် အဖွဲ့ဝင်များလိုက်ပါ၍ ယနေ့ မွန်းလွဲပိုင်းတွင် ပဲခူးတိုင်းဒေသကြီးရှိ အင်းတကော်စက်မှုဇုန်နယ်မြေသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❐

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အင်းတကော်စက်မှုဇုန်နယ်မြေရှိ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီ၊ EVER Meter စက်ရုံအတွင်း ကြည့်ရှုစစ်ဆေးစဉ်။

## ယနေ့ မာတိကာ

ဟင်းသီးဟင်းရွက်ဆီ (Vegetable Oil) နှင့် သတိပြုသင့်သော ကုန်အညွှန်းအမှတ်အသား ဖော်ပြချက်များ

ဆောင်းပါး၊ စာ - ၆

ဂျပန်လစ်ဘရယ်ဒီမိုကရက်တစ်ပါတီ ဥက္ကဋ္ဌ ဖူမီယို ကီရှီဒါး အထူးလွှတ်တော်အစည်းအဝေးတွင် ဝန်ကြီးချုပ်အဖြစ် ပြန်လည်ရွေးချယ်ခံရ

နိုင်ငံတကာသတင်း၊ စာ - ၁၃

ကိုဗစ်-၁၉ ကူးစက်မှုအကျော့အန္တရာယ်ကြောင့် ကန့်သတ်ချက်များ ဖြေလျှော့ပေးမည့်အစီအစဉ် ပြင်သစ်ရွှေ့ဆိုင်း

နိုင်ငံတကာရေးရာ၊ စာ - ၁၄

# ခိုင်မာအားကောင်းသည့် အမျိုးသားရေးစိတ်ဓာတ်အားမာန်

နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် စွမ်းဆောင်ရည်ရှိသော လူ့အဖွဲ့အစည်း တစ်ရပ်လိုအပ်သည်။ နိုင်ငံတစ်နိုင်ငံ၏ လူ့အဖွဲ့အစည်းသည် အလုပ်လုပ်နိုင်သည့် စွမ်းရည် (The ability to work) နှင့် အလုပ်လုပ်လိုသည့် စိတ် (The will to work) တို့ရှိနေမှသာ ၎င်းနိုင်ငံဖွံ့ဖြိုးတိုးတက်ရန် အလားအလာရှိမည်ဖြစ်သည်။ နောက်ထပ်လိုအပ်ချက်တစ်ရပ်မှာ လူ့အဖွဲ့အစည်း၏ အရည်အသွေးနှင့် အရည်အချင်းတို့ကို သက်ဆိုင်ရာ အစိုးရများက နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အထိရောက်ဆုံး အသုံးပြုနိုင်ခြင်းဖြစ်သည်။ ယင်းသို့ အသုံးပြုရာတွင် အစိုးရက တိုက်ရိုက်အသုံးပြုခြင်းနှင့် ပြည်သူတို့က မိမိတို့ အသိစိတ်ဓာတ်ဖြင့် အသုံးပြုလာအောင် သွယ်ဝိုက်၍ အခြေအနေများဖန်တီးပေးရန် လိုအပ်သည်ဟု ပညာရှင်များက ဆိုကြသည်။

သာဓကအားဖြင့် အာရှနိုင်ငံတစ်နိုင်ငံဖြစ်သည့် ကိုရီးယားသမ္မတနိုင်ငံသည် သဘာဝအရင်းအမြစ်ချို့တဲ့ပြီး စိုက်ပျိုးနိုင်သည့် မြေစတုရန်းကီလိုမီတာ ၂၂၀၀၀ မျှနှင့် ခဲမဖြူ သက်နုကျောက်မီးသွေး အနည်းငယ်မျှသာ ထွက်ရှိသော နိုင်ငံ၊ သမိုင်းကြောင်းတွင်လည်း နိုင်ငံနှစ်ပိုင်းကွဲခဲ့ရသည့် အဖြစ်ဆိုးနှင့် ကြုံခဲ့ရသည့်နိုင်ငံ၊ ၁၉၆၀ ပြည့်နှစ်အထိ စိုက်ပျိုးရေးကို အဓိကအားထားခဲ့ရသော ဖွံ့ဖြိုးမှုနိမ့်ကျသည့်နိုင်ငံဖြစ်ခဲ့သည်။ ယင်းနိုင်ငံတွင် သမ္မတပတ်ချုံဟီး အာဏာရလာခဲ့ပြီးနောက် ၁၉၆၀ ပြည့်လွန်နှစ်များတွင် ပြင်းထန်သော နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးစိတ်ဓာတ်ဖြင့် အားသွန်ခွန်စိုက်ဆောင်ရွက်ခဲ့ရာမှ မျက်မှောက်ကာလတွင် စက်မှုဖွံ့ဖြိုးတိုးတက်သော အာရှထိပ်တန်းနိုင်ငံတစ်ခုဘဝ ရောက်ရှိခဲ့သည်။

သမ္မတပတ်ချုံဟီးက "ခေတ်နောက်ကျသော နိုင်ငံတစ်ခု၏ စီးပွားရေးကို ဖွံ့ဖြိုးတိုးတက်အောင် ပြုလုပ်ရာတွင် အခြေခံကျသော အကြောင်းတရားမှာ ယင်းနိုင်ငံအတွင်းရှိ လူသားအရင်းအမြစ်များကို အထိရောက်ဆုံးနှင့် အကျိုးအထွက်ဆုံး အသုံးပြုရန်ပင်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် လူတို့နှင့် ပတ်သက်သည့် လုပ်ငန်းကြီးတစ်ရပ်ဖြစ်ရာ လူတို့၏ အစွမ်းအစများကို တက်ကြွသောအင်အားများ (Dynamic Force) အဖြစ် စုစည်းဖော်ဆောင်ပေးနိုင်မှသာလျှင် အောင်မြင်နိုင်သည့် လုပ်ငန်းကြီးဖြစ်လာသောကြောင့် ဖြစ်ပေသည်"ဟု ဆိုခဲ့သည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ခိုင်မာအားကောင်းသည့် အမျိုးသားရေးစိတ်ဓာတ်အားမာန် (Strong National will Power) လိုအပ်ပြီး ၎င်းအားမာန်ကို လက်တွေ့စွမ်းဆောင်မှုအဖြစ် ပြောင်းလဲပေးနိုင်သည့် အရည်အသွေး၊ အရည်အချင်းများမှာ ခေါင်းဆောင်နှင့် ပြည်သူနှစ်ဖက်စလုံးတွင် ရှိနေရန် လိုအပ်သည်ဟူ၍လည်း ၎င်းကဆိုသည်။

၁၉၆၀ ပြည့်နှစ် ဝန်းကျင်ကာလများအတွင်းက ကိုရီးယားသမ္မတနိုင်ငံ၏ မြို့တော် ဆိုးလ်မြို့၏ ပုံရိပ်များသည် မျက်မှောက်ကာလ မိမိတို့နိုင်ငံတွင် တွေ့မြင်နေရသည့် မြင်ကွင်းများနှင့် မကွာခြားသည်ကို တွေ့မြင်နိုင်သည်။ သို့ရာတွင် ခေါင်းဆောင်နှင့် ပြည်သူတို့က ခိုင်မာအားကောင်းသည့် အမျိုးသားရေးစိတ်ဓာတ်အားမာန်ဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို လက်တွေ့စွမ်းဆောင်ခဲ့ကြသည်။ ဆယ်စုနှစ်များနှင့်ချီ၍ ခေါင်းဆောင်အဆက်ဆက်၊ ပြည်သူအဆက်ဆက် နိုင်ငံအတွက် ထမ်းရွက်ခဲ့ကြခြင်းက ကမ္ဘာ့အလယ်တွင် တင့်တယ်သည့် ကိုရီးယားအခြေအနေသို့ ရောက်ရှိစေခဲ့ခြင်းဖြစ်သည်။ ဤတွင် ခိုင်မာအားကောင်းသည့် အမျိုးသားရေးစိတ်ဓာတ်အားမာန် (Strong National will Power) ဟူသည် ကဗျာစပ်ရန်၊ သီချင်းရေးရန် စကားလုံးအလှ သက်သက်မျှသာမဟုတ်ဘဲ လက်တွေ့စွမ်းဆောင်မှုအဖြစ် ပြောင်းလဲနိုင်ရန် လိုအပ်သည်ကို သတိပြုနိုင်ရန်လည်း လိုအပ်သည်။

မျက်မှောက်ကာလတွင် မိမိတို့သည် ဒီမိုကရေစီတည်တံ့ခိုင်မြဲရေးအတွက် ထိန်းသိမ်းဆောင်ရွက်နေသည့် နိုင်ငံရေးဖြစ်စဉ်တစ်ခုကို ဖြတ်သန်းနေရသလို တစ်ဖက်တွင်လည်း နိုင်ငံတည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းနေကြရသည်။ ဆန့်ကျင်ဘက်တွင်မူ နိုင်ငံပြိုကွဲပျက်စီးရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပြိုကွဲပျက်စီးရေး၊ အဘက်ဘက်မှ အခက်အခဲအကျပ်အတည်းများ ပေါ်ပေါက်ရေးအတွက် ပြည်တွင်းပြည်ပ အဖျက်အင်အားစုများက သဲသဲမဲမဲ ဖျက်ဆီးနေကြသည်။ မည်သို့ပင်ဖြစ်စေကာမူ နိုင်ငံနှင့် ပြည်သူအတွက် ကောင်းကျိုးရလဒ်များနှင့် ဖွံ့ဖြိုးမှုတို့ ဖြစ်ပေါ်ရန်မှာ ပြည်သူသည်သာ အခရာဖြစ်သည့်အလျောက် ခိုင်မာအားကောင်းသည့် အမျိုးသားရေးစိတ်ဓာတ်အားမာန်ကို မွေးမြူကာ နိုင်ငံကို တည်ဆောက်မြှင့်တင်ကြရမည်သာ ဖြစ်ပါကြောင်း။ ။

## လုပ်ငန်းခွင်အကြို မူလတန်းဆရာအတတ်ပညာသင်တန်း၊ Pre-service Primary Teacher Training PPTT (7/2020) သင်တန်းဖွင့်လှစ်မည်ဖြစ်ကြောင်း အသိပေးကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
ဆရာအတတ်ပညာဦးစီးဌာန
လုပ်ငန်းခွင်အကြို မူလတန်းဆရာအတတ်ပညာသင်တန်း၊
Pre-service Primary Teacher Training PPTT (7/2020) သင်တန်းဖွင့်လှစ်မည်ဖြစ်ကြောင်း
အသိပေးကြေညာခြင်း

ပညာရေးဝန်ကြီးဌာနရှိ ပညာရေးဒီဂရီကောလိပ်များ၌ လုပ်ငန်းခွင်အကြိုမူလတန်း ဆရာအတတ်ပညာသင်တန်း Pre-service Primary Teacher Training PPTT(7/2020) တက်ရောက်ရမည့်သူများ စာရင်းကို ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လတွင် ထုတ်ပြန်ကြေညာခဲ့ပြီး သက်ဆိုင်ရာ ပညာရေးဒီဂရီကောလိပ်များ၌ သင်တန်းတက်ရောက်ရန် စီစဉ်ခဲ့သော်လည်း ကိုဗစ်-၁၉ ကပ်ရောဂါအခြေအနေအရ ခေတ္တဆိုင်းငံ့ထားခဲ့ရပါသည်။ အဆိုပါ ရွေးချယ်ထားသော PPTT (7/2020) သင်တန်းသားများသည် သက်ဆိုင်ရာ ပညာရေးဒီဂရီကောလိပ်များတွင် ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ (၁၅)ရက်နေ့မှစ၍ တက်ရောက်ကြရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဆရာအတတ်ပညာဦးစီးဌာန




## သီကျူးနွဲ့ပျော် တန်ဆောင်တိုင်ပွဲတော် တေးဂီတဖျော်ဖြေမှုကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၌ ပြသမည်

နေပြည်တော် နိုဝင်ဘာ ၁၀

**"သီကျူးနွဲ့ပျော် တန်ဆောင်တိုင်ပွဲတော်"** တေးဂီတဖျော်ဖြေမှု ပွဲစဉ်(၇)ကို နိုဝင်ဘာ ၁၂ ရက် (သောကြာနေ့) ည ၈ နာရီ သတင်းအပြီးတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ထုတ်လွှင့်ပြသမည်ဖြစ်သည်။

ယင်းအစီအစဉ်ကို "စန္ဒရား ဘိုတာထွန်းညွန့် တေးဂီတအဖွဲ့" ၏ တီးခတ်မှုနှင့်အတူ တေးသံရှင်များဖြစ်ကြသည့် အိအိချွန်၊ ကျော့ကေခိုင်၊ မြတ်နိုးစံ၊ ကောင်းမြင့်စံ၊ ကိုထက်၊ ကျော်ထက်လွင်၊ သဲဦးသစ္စာ၊ ပြည်မိုး၊ ပွင့်စံပယ်နှင့် ဟိန်းဇော်လင်းတို့က ဖျော်ဖြေတင်ဆက်ကြမည် ဖြစ်သည်။

**"သီကျူးနွဲ့ပျော် တန်ဆောင်တိုင်ပွဲတော်"** တင်ဆက်မှုကို နိုဝင်ဘာ ၁၄ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီခွဲတွင် ဒုတိယအကြိမ် ထပ်မံထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## သုတဝေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေးအစီအစဉ် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်

နေပြည်တော် နိုဝင်ဘာ ၁၀

သုတဝေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေးအစီအစဉ် (Family Quiz) ပွဲစဉ် (၄၀) ကို နိုဝင်ဘာ ၁၂ ရက် ညနေတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဆက်လက်ထုတ်လွှင့်မည်ဖြစ်သည်။

အဆိုပါ ပွဲစဉ်(၄၀)၏ ကိုဗစ်-၁၉ ဆိုင်ရာ အသိပညာပေးအစီအစဉ်ကို အစီအစဉ်တင်ဆက်သူ စိုးသီဟနှင့် ဂျေနော်တို့က တင်ဆက်ကြမည်ဖြစ်ပြီး မိသားစု လေးစုဖြင့် သုံးပွဲယှဉ်ပြိုင်ကြမည်ဖြစ်ရာ ယင်းပြိုင်ပွဲများကို နိုဝင်ဘာ (၁၂၊ ၁၃၊ ၁၄ ) ရက် များတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ ညနေ ၆ နာရီ သတင်းအပြီး၌ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**




## ကိုဗစ်- ၁၉ ရောဂါအား ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်ဈေးများ

(၁၀-၁၁-၂၀၂၁) ညနေ ၆ နာရီအချိန်အထိ ဈေးနှုန်း

| No | Product Name | Pack Size | Price in Kyats (Retail) | Company Name |
|---|---|---|---|---|
| Antibiotics | | | | |
| 1 | Injection - Cefoperazone and Sulbactam 2G | Vial | 9300 | Ready Medicine |
| 2 | Injection - Meropenam | 1g/Vial | 10000 | AA Medical |
| Anti-inflammatory | | | | |
| 3 | P.O Dexamethasone | Box of 10x10's | 1450 | JDS |
| 4 | P.O Prednisolone | Box of 10x10 | 2000 | Aorta |
| 5 | Injection-Dexamethasone | Vial | 160 | Aorta |
| Antiviral | | | | |
| 6 | P.O Favipiravir 400 mg | 2X10 Tablet | 50000 | AA Medical |
| 7 | Injection - Remdesivir | Vial | 70000 | GHI |
| Anti thrombosis | | | | |
| 8 | Injection Enoxaprim 40 mg | 1 Pre-Filled Syringe | 7000 | Nyi Lay Naing |
| 9 | Injection Enoxaprim 60 mg | 1 Pre-Filled Syringe | 9000 | Nyi Lay Naing |
| Symptomatic | | | | |
| 10 | P.O Paracetamol 500 mg | 10X10's tablets/ Box | 1500 | AA Medical |

အခြားဆေးဝါးများ၏ ဈေးနှုန်းများကို Website (www.mccpmd.org)နှင့် Facebook Page https://www.facebook.com/ 32330252139 2189/posts/ 1720802588308835/ ?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အင်းတကော်စက်မှုဇုန်နယ်မြေရှိ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီ၊ EVER Meter စက်ရုံအတွင်း ကြည့်ရှုစစ်ဆေးစဉ်။

❐ *ရွှေဖုံးမှ*

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အင်းတကော် စက်မှုဇုန်နယ်မြေသို့ရောက်ရှိကြရာ စက်မှုဇုန်နယ်မြေရှင်းလင်းဆောင်၌ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ဆန်းဦးက အင်းတကော်စက်မှုနယ်မြေနောက်ခံသမိုင်းကြောင်း၊ စက်မှုနယ်မြေအတွင်း မော်တော်ယာဉ်များနှင့် ဆက်စပ်ပစ္စည်းများ၊ ACSR Wire များ၊ လျှပ်စစ်မီတာများနှင့် အခြားလုပ်ငန်းသုံးဆက်စပ်ပစ္စည်းများ ထုတ်လုပ်ဆောင်ရွက်ခဲ့မှုနှင့် ရပ်နားထားရသည့် စက်ရုံအလုပ်ရုံများ ပြန်လည်လည်ပတ်နိုင်ရေးဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း၊ EVER Meter စက်ရုံ CEO ဦးမျိုးအောင်က Digital Meter များ ထုတ်လုပ်နေမှုနှင့် ၂၀၁၅ ခုနှစ်မှစ၍ AMI စနစ်ဖြင့် လျှပ်စစ်မီတာများ တပ်ဆင်ဆောင်ရွက်၍ Automatic Billing System၊ Automatic Reading System များ အသုံးပြုပြီး မီတာခများကောက်ခံမှုနှင့် ထိန်းသိမ်းမှုများဆောင်ရွက်လျက်ရှိသည့်အခြေအနေ၊ Control Center မှတစ်ဆင့် ထိန်းချုပ်ဆောင်ရွက်လျက်ရှိမှု အခြေအနေ၊ အဆင့်မြင့်မီတာများ ထုတ်လုပ်နိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိသည့်အခြေအနေ၊ Analog Meter များနှင့် ပြည်ပမှ တင်သွင်းသည့် ဆက်သွယ်ရေးစနစ်မပါရှိသည့် ဒစ်ဂျစ်တယ်မီတာများ၏ အားနည်းချက်များနှင့် AMI စနစ်တပ်ဆင်ထားသည့် မီတာများဖြင့် လဲလှယ်တပ်ဆင်နိုင်ရေး လိုအပ်ချက်ရှိသည့်အခြေအနေ၊ လျှပ်စစ်ဓာတ်အားပျောက်ဆုံးမှုများမှာ ယခင်က ပျမ်းမျှ ၁၆ ရာခိုင်နှုန်းခန့်အထိ ရှိခဲ့ရာမှ ယခု AMI စနစ် တပ်ဆင်အသုံးပြုနိုင်ခဲ့ခြင်းကြောင့် ဓာတ်အားပျောက်ဆုံးမှုပျမ်းမျှ ၂ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့မှုအခြေအနေ၊ AMI စနစ်မီတာအသုံးပြုခြင်းဖြင့် လျှပ်စစ်မီတာခများ ကောက်ခံရာတွင် Mobile Banking စနစ်များဖြင့် လွယ်ကူစွာ ချိတ်ဆက်ဆောင်ရွက်နိုင်မှု၊ လျှပ်စစ်ဓာတ်အားပျောက်ဆုံးမှုများအား အထိုက်အလျောက် ထိန်းချုပ်နိုင်မှုနှင့် အခြားမြို့ပြဆိုင်ရာ လုပ်ငန်းများတွင်လည်း ချိတ်ဆက်ဆောင်ရွက်နိုင်မှု၊ လျှပ်စစ်ဓာတ်အားသုံးစွဲမှုနှင့် သက်ဆိုင်သည့် အချက်အလက်များအား အချိန်နှင့်တစ်ပြေးညီ ကြည့်ရှုဆောင်ရွက်နိုင်မှုအခြေအနေများကို လည်းကောင်း၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်သန်းဦးက တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လျှပ်စစ်မီတာများလိုအပ်မှုအခြေအနေ၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး လုပ်ငန်းများ ဆောင်ရွက်ပေးနေမှုအခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

**ပြည်ပငွေသုံးစွဲမှုကို လျှော့ချ**

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က ရပ်နားထားရသည့်စက်များ ပြန်လည်လည်ပတ်နိုင်ရေး ဆောင်ရွက်ရန်၊ စက်ရုံများအလိုက် စက်ပစ္စည်းများအား မလိုလားအပ်ဘဲ ပျက်စီးဆုံးရှုံးမှုမရှိစေရေး စနစ်တကျ ထိန်းသိမ်းဆောင်ရွက်ရန်၊ မြန်မာ့လျှပ်စစ်လုပ်ငန်းတွင် အသုံးပြုရန် လိုအပ်လျက်ရှိသည့် လျှပ်စစ်ဝိုင်ယာကြိုးများအား ပြည်တွင်း၌ အရည်အသွေးပြည့်မီသည့် ကုန်ကြမ်းများကို အသုံးပြု၍ စံချိန်စံညွှန်းကိုက်ညီစွာဖြင့် ထုတ်လုပ်နိုင်ပါက ပြည်ပငွေသုံးစွဲမှုကို လျှော့ချနိုင်မည်ဖြစ်သဖြင့် လုံလောက်စွာ ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်၊ လျှပ်စစ်ဓာတ်အားများအား တရားမဝင်နည်းလမ်းများဖြင့် ရယူသုံးစွဲမှု မရှိစေရေး သက်ဆိုင်ရာဝန်ကြီးဌာနမှ ကြပ်မတ်ဆောင်ရွက်ရန်၊ အခြေခံပြည်သူများ လျှပ်စစ်ဓာတ်အားသုံးစွဲခများ သက်သာမှုရှိစေရေး စွမ်းအင်ချွေတာနိုင်သည့် လျှပ်စစ်ပစ္စည်းများ အသုံးပြုနိုင်ရေးပညာပေးခြင်းနှင့် တိုက်တွန်းခြင်းများ ဆောင်ရွက်ပေးရန်၊ လျှပ်စစ်ဓာတ်အားများ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖြန့်ဖြူးပေးနိုင်ရေး ဆောင်ရွက်ရန်၊ အာဆီယံနိုင်ငံများနှင့် နိုင်ငံတကာရှိ လျှပ်စစ်သုံးစွဲခများနှင့် မြန်မာနိုင်ငံရှိ လျှပ်စစ်ဓာတ်အားသုံးစွဲခအား ပြည်သူလူထုသက်သာမှုရှိစေရေး နှိုင်းယှဉ်သုံးသပ်ဆောင်ရွက်သွားရန်နှင့် ကျေးရွာများတွင် ထင်းသုံးစွဲ၍ ချက်ပြုတ်မှုများကြောင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရေးအတွက် ထင်းသုံးစွဲမှုလျှော့ချပေးရန် လိုအပ်ကြောင်း၊ ထင်းသုံးစွဲမှုများ လျှော့ချနိုင်ရေးအတွက် လျှပ်စစ်ဓာတ်အားကို တိုးမြှင့်ထုတ်လုပ်၍ ဓာတ်အားသုံးစွဲခများ သက်သာစွာရရှိအောင် ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ တစ်အိမ်ထောင်လျှင် ယူနစ် ၁၀၀ ခန့်သာ သုံးစွဲပါက ခန့်မှန်းဓာတ်အား သုံးစွဲခငွေကျပ် ၆၀၀၀ ဝန်းကျင်ခန့်သာ ကုန်ကျမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကျေးရွာများတွင် လျှပ်စစ်မီးရရှိစေရေးအတွက် ဆိုလာစနစ်များ တပ်ဆင်ပေးရန် လိုအပ်မည်ဖြစ်ကြောင်း၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်သည့် နေရောင်ခြည်စွမ်းအင်သုံးဆိုလာများဖြင့် အိမ်သုံးလျှပ်စစ်ဓာတ်အားများ ထုတ်ယူသုံးစွဲနိုင်ရေး ဆောင်ရွက်ရန်နှင့် လိုအပ်လျက်ရှိသည့် ဆိုလာပြားများအား ပြည်တွင်း၌လုံလောက်စွာ ထုတ်လုပ်နိုင်ရေး ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားရန်၊ ရန်ကုန်မြို့အတွင်း AMI စနစ်သုံးမီတာများ ရာနှုန်းပြည့် ပြောင်းလဲတပ်ဆင်နိုင်ရေးဆောင်ရွက်ရန်နှင့် မန္တလေးမြို့တွင်လည်း AMI စနစ်သုံး လျှပ်စစ်မီတာများ ပြောင်းလဲတပ်ဆင်နိုင်ရေး လျာထားဆောင်ရွက်သွားရန်၊ အလားတူ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မြို့ကြီးများတွင်လည်း တပ်ဆင်နိုင်ရေး အဆင့်လိုက်ဆောင်ရွက်သွားရန်၊ လျှပ်စစ်မီတာများ အရည်အသွေးအဆင့်မြင့်မားမှုရှိစေရေး၊ ဓာတ်အားပျောက်ဆုံးမှုများ လျှော့ချနိုင်ရေးတို့အား ဆောင်ရွက်သွားရန် လိုကြောင်း မှာကြားသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်သည် EVER Meter များအသုံးပြု၍ AMI စနစ်ဖြင့် ဆောင်ရွက်ထားသည့် ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ်၏ လျှပ်စစ်သုံးစွဲနေမှုအခြေအနေကို မော်နီတာမှတစ်ဆင့် တိုက်ရိုက်ကြည့်ရှုရာ EVER Meter စက်ရုံ CEO ဦးမျိုးအောင်က ရှင်းလင်းတင်ပြသည်။

**ဖြည့်ဆည်းဆောင်ရွက်ပေး**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီ၊ EVER Meter စက်ရုံအတွင်း စက်ရုံမှ ထုတ်လုပ်ထားသည့် မီတာများနှင့် မီတာများ ထုတ်လုပ်နေမှု အဆင့်ဆင့်ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ❏ အခြေခံပြည်သူများ လျှပ်စစ်ဓာတ်အားသုံးစွဲခများ သက်သာမှုရှိစေရေး စွမ်းအင်ချွေတာနိုင်သည့် လျှပ်စစ်ပစ္စည်းများ အသုံးပြုနိုင်ရေး ပညာပေးခြင်းနှင့် တိုက်တွန်းခြင်းများ ဆောင်ရွက်ပေးရန်၊ လျှပ်စစ်ဓာတ်အားများ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖြန့်ဖြူးပေးနိုင်ရေးဆောင်ရွက်ရန်၊ အာဆီယံနိုင်ငံများနှင့် နိုင်ငံတကာရှိ လျှပ်စစ်သုံးစွဲခများနှင့် မြန်မာနိုင်ငံရှိ လျှပ်စစ်ဓာတ်အားသုံးစွဲခအား ပြည်သူလူထုသက်သာမှုရှိစေရေး နှိုင်းယှဉ်သုံးသပ်ဆောင်ရွက်

# မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ကိုင်ခွင့်ရရှိထားသော ဧရိယာများအပေါ် သတ်မှတ်အချိန်ကာလ ပြည့်မြောက်ချိန်အထိ အကောင်အထည်ဖော်ဆောင်ရွက်ရန် ပျက်ကွက်နေမှုများကို ဆက်လက်အရေးယူ ဆောင်ရွက်သွားမည်

နေပြည်တော် နိုဝင်ဘာ ၁၀

**မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများအပေါ် လုပ်ကိုင်ခွင့်ရရှိထားသူများအနေဖြင့်လည်း ယင်းမြေကို လွှဲပြောင်းခြင်း၊ ရောင်းချပေါင်နှံခြင်းများ ဆောင်ရွက်ခွင့်မရှိဘဲ သတ်မှတ်ချက်များနှင့်အညီ အကျိုးရှိထိရောက်စွာ အသုံးပြုနိုင်ရေးအတွက် လိုအပ်သည့် ထိန်းကျောင်းကြပ်မတ်မှုများကို ဆောင်ရွက်သွားရန်လိုကြောင်း ယနေ့နံနက်ပိုင်းက ကျင်းပသည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီအစည်းအဝေး၌ ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးက ပြောကြားသည်။** (ယာပုံ)



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်တွင် တတိယအကြိမ်မြောက် ကျင်းပပြုလုပ်သည့် အဆိုပါအစည်းအဝေးသို့ ဒုတိယဝန်ကြီးများ ဖြစ်ကြသည့် ဒေါက်တာအောင်ကြီး၊ ဦးသန်းအောင်ကျော်နှင့် ဗဟိုကော်မတီဝင်များ စုံညီစွာ တက်ရောက်ဆွေးနွေးခဲ့ကြသည်။

### ပြင်ဆင်ဖွဲ့စည်း

ယနေ့ အစည်းအဝေးတွင် နိုင်ငံတော်စီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံများ၊ မြေယာမဲ့ နိုင်ငံသားများ၏ အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်နိုင်ရေးတို့အတွက် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများကို လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် လျှောက်ထားလာသည့် ပြည့်စုံသောအမှုတွဲများအား သက်ဆိုင်ရာဝန်ကြီးဌာနများမှ သဘောထားမှတ်ချက် ပြန်ကြားလာသည့် လုပ်ငန်းစာတွဲများဆိုင်ရာကိစ္စရပ်များကို လည်းကောင်း၊ ဗဟိုကော်မတီသို့ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေပုဒ်မ ၈-က (ခ) အရ အယူခံဝင်ရောက်လာခြင်းကိစ္စရပ်များ၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိမှုများအပေါ် သတ်မှတ်ကာလ (၄)နှစ်ပြည့် မြောက်ပြီးချိန်အထိ မြေပြင်တွင် အမှန်တကယ် စိုက်ပျိုးလုပ်ကိုင်မှု မရှိသည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ ပြန်လည်သိမ်းဆည်းရန်အတွက် အထူးအဖွဲ့များ ပြင်ဆင်ဖွဲ့စည်းပေးရန်နှင့် လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် လျှောက်ထားခြင်းအပေါ် ကန့်ကွက်လွှာ တင်သွင်းခြင်းအား စိစစ်ရန် သီးခြားအဖွဲ့ ဖွဲ့စည်းခြင်းဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

### ရောင်းချပေါင်နှံခွင့်များရရှိ

မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ရရှိသူက လိုက်နာရန် စည်းကမ်းချက်တွင် စတင်ခွင့်ပြုသည့်နေ့မှစ၍ "(၄)နှစ်အတွင်း ပထမနှစ်တွင် ၁၅ ရာခိုင်နှုန်း၊ ဒုတိယနှစ်တွင် ၃၀ ရာခိုင်နှုန်း၊ တတိယနှစ်တွင် ၃၀ ရာခိုင်နှုန်းနှင့် စတုတ္ထနှစ်တွင် ၂၅ ရာခိုင်နှုန်းဖြင့် ရာခိုင်နှုန်းပြည့် လုပ်ငန်းပြီးစီးသည်အထိ ဖော်ထုတ် လုပ်ကိုင်ရမည်ဖြစ်ပြီး မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများသည် နိုင်ငံတော်က စီမံခန့်ခွဲပိုင်ခွင့်ရှိသော မြေအမျိုးအစားဖြစ်၍ အဆိုပြုလျှောက်ထားခဲ့သူ ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများထံသို့ ပိုင်ဆိုင်မှု ပေးအပ်ထားခြင်း မဟုတ်ဘဲ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ပေးအပ်ခြင်းသာဖြစ်သည်။ သို့ရာတွင် သတ်မှတ်ခွင့်ပြုထားသော စိုက်ပျိုးရေးလုပ်ငန်းများကို ပြီးမြောက်အောင် ဆောင်ရွက်ပြီးစီးပါက မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းအမျိုးအစားမှ သက်ဆိုင်ရာ စိုက်ပျိုးမြေ အမျိုးအစားများသို့ ပြောင်းလဲခြင်းကို ဆောင်ရွက်နိုင်ပြီး ဥပဒေနှင့်အညီ လွှဲပြောင်း ရောင်းချပေါင်နှံခွင့်များ ရရှိလာနိုင်မည်ဖြစ်သည်။

### ကြပ်မတ်ဆောင်ရွက်

၂၀၁၂ ခုနှစ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေ ပေါ်ထွန်းလာချိန်မတိုင်မီ ကာလအထိ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်း ဧရိယာပေါင်း (၂၂ ဒသမ ၁၉) သိန်းကျော်ကို လုပ်ပိုင်ခွင့်အတွက် ခွင့်ပြုချထားပေးခဲ့ကြောင်း၊ အဆိုပါ ခွင့်ပြုချထားပေးမှု အား ၂၀၁၆ ခုနှစ်၌ ပြန်လည်စိစစ်ချိန်တွင် ဧရိယာ(၆ ဒသမ ၅) သိန်းကျော်သာ အမှန်တကယ် အကောင်အထည်ဖော် လုပ်ကိုင်နေသည်ကိုတွေ့ရှိရသဖြင့် လုပ်ပိုင်ခွင့်ပြုထားသော စုစုပေါင်း ဧရိယာ၏ ၂၉ ရာခိုင်နှုန်းခန့်သာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ထားခြင်းမရှိသည့် ဧရိယာများကို နိုင်ငံတော်က ပြန်လည်သိမ်းဆည်းခဲ့ရကြောင်း၊ အလားတူ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ကိုင်ခွင့်ရရှိထားသော ဧရိယာများအပေါ် သတ်မှတ်အချိန်ကာလ ပြည့်မြောက်ချိန်အထိ အကောင်အထည်ဖော် ဆောင်ရွက်ရန် ပျက်ကွက်နေမှုများကို ဆက်လက်အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြေအား လက်ဦးမှုရယူလိုမှုအတွက်သာ ဆောင်ရွက်ခြင်းနှင့် ရောင်းကုန်သဖွယ် ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ အငှားချထားခြင်း၊ ခွဲစိတ်ခြင်းစသည့် လွှဲပြောင်းမှုဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်မှုမဖြစ်ပေါ်စေရေး ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ထိန်းသိမ်းစဉ်လာအနုပညာ ဘာသာရပ်ဆိုင်ရာ သုတေသနစာတမ်းဖတ်ပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၀**

တက္ကသိုလ်၏သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သင်ကြားမှုသင်ယူမှုများတွင် အထောက်အကူဖြစ်စေနိုင်ရေးအတွက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)၏ ၂၀၂၀-၂၀၂၁ ပညာသင်နှစ်အတွက် ကျင်းပပြုလုပ်သည့် ထိန်းသိမ်းစဉ်လာအနုပညာ ဘာသာရပ်ဆိုင်ရာ သုတေသနစာတမ်းဖတ်ပွဲကို ယနေ့ နံနက် ၉ နာရီတွင် အဆိုပါတက္ကသိုလ်၏ အနုပညာခန်းမ သရဖီဆောင်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးစည်းကမ်းချက်များနှင့်အညီ ကျင်းပသည်။

စာတမ်းဖတ်ပွဲအခမ်းအနားသို့ ခေတ္တပါမောက္ခချုပ် ဒေါက်တာကေသီထွေး၊ ဒုတိယပါမောက္ခချုပ်(စီမံ)၊ ဘာသာရပ်ဆိုင်ရာပညာရှင်ကြီးများ၊ သဘာပတိအဖွဲ့ဝင်များ၊ ဌာနအသီးသီးမှ အရာထမ်း၊ အမှုထမ်းများ၊ ဆရာ ဆရာမများ၊ သင်ကြားရေးနှင့်စီမံရေးရာဌာန ဝန်ထမ်းများ၊ စာတမ်းရှင်များနှင့် ဖိတ်ကြားထားသောဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက Video Clip ဖြင့် အဖွင့်အမှာစကား ပြောကြားသည်။ **(ယာပုံ)**

ဆက်လက်၍ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) ခေတ္တပါမောက္ခချုပ် ဒေါက်တာကေသီထွေးက ဘာသာရပ်ဆိုင်ရာ သုတေသနစာတမ်းဖတ်ပွဲ ကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး သက်ဆိုင်ရာ ဘာသာရပ်အလိုက် ပြင်ပစာပေပညာရှင်၊ အနုပညာရှင်များက သဘာပတိအဖြစ်ဆောင်ရွက်ကြကာ စာတမ်းရှင်များက မိမိတို့ဘာသာရပ်ဆိုင်ရာ စာတမ်းများကို ဖတ်ကြားကြသည်။

ပထမဦးစွာ ဂီတပညာဌာနမှ ကထိက ဒေါ်သိမ့်သိမ့်ဆွေက "ရတုသီဆိုပုံနည်းစနစ်" စာတမ်းကိုလည်းကောင်း၊ သဘင်ပညာဌာနမှ လက်ထောက်ကထိက ဒေါ်ခင်နွဲ့အောင်က "ရာမဇာတ်ဝင်တေးဂီတ ကောက်နုတ်ချက်များ" စာတမ်းကိုလည်းကောင်း၊ ပန်းချီပညာဌာနမှ ကထိက ဒေါ်နွယ်နီစိုးက "ပုရပိုက် ပန်းချီအခြေခံများ" စာတမ်းကို လည်းကောင်း ဖတ်ကြားကြပြီး နံနက်ပိုင်းအစီအစဉ်ကို နားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယပိုင်းအစီအစဉ်ကို ဆက်လက်ကျင်းပရာ ပန်းပုပညာဌာနမှ ကထိက ဒေါ်မြသူဇာဝင်းက "မြေမီးဖုတ်စဥ့်ထည် ပန်းပုအနုလက်ရာများ သုတေသနပြုလုပ်ခြင်း"စာတမ်းကိုလည်းကောင်း၊ ရုပ်ရှင်နှင့်ပြဇာတ်ပညာဌာနမှ တွဲဖက်ပါမောက္ခ ဒေါ်မြင့်မြင့်ကြည်က "VFX နည်းပညာနှင့် ရုပ်ရှင်၊ ရုပ်မြင်ဖန်တီးမှုအချို့ကို လေ့လာခြင်း" စာတမ်းကိုလည်းကောင်း ဖတ်ကြားကြသည်။

ထို့နောက် တက်ရောက်လာသူများက စာတမ်းရှင်များ၏ ဖတ်ကြားမှုအပေါ် ပြန်လည်မေးမြန်းဆွေးနွေးခြင်း၊ သဘာပတိများ ဖြစ်ကြသည့် ဂီတပညာရှင် ဦးအောင်ကိန်း၊ ဇာတ်သဘင်ပညာရှင် ဦးရဲထွဋ်၊ ပန်းချီပညာရှင် ဦးအောင်သင်းဦး၊ ပန်းပုပညာရှင် ဒေါက်တာ ပြည့်ဖြိုးကျော်နှင့် ရုပ်ရှင်နှင့်ပြဇာတ်ပညာရှင် ဒါရိုက်တာ ပန်းချီစိုးမိုးတို့က ခြုံငုံသုံးသပ်ဆွေးနွေးခြင်းများဆောင်ရွက်ကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# ပြည်ပပြန် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်များတွင် လက်ခံလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၁၀**

ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်အသီးသီးတွင် လက်ခံဆောင်ရွက်ပေးလျက်ရှိရာ နိုဝင်ဘာ ၉ ရက်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) ချင်းရွှေဟော်မြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသား ၁၈ ဦး၊ အမျိုးသမီး ၁၅ ဦး၊ စုစုပေါင်း ၃၃ ဦးနှင့် လောက်ကိုင်မြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသားတစ်ဦး၊ အမျိုးသမီးသုံးဦး၊ စုစုပေါင်းလေးဦးတို့ကို လက်ခံခဲ့ကြသည်။

ထိုသို့လက်ခံရာတွင် သက်ဆိုင်ရာ ပြည်သူ့ဆေးရုံများမှ ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများ၊ တပ်မတော်ဆေးတပ်ဖွဲ့ဝင်များက ကိုဗစ်-၁၉ ရောဂါစစ်ဆေးပေးခြင်း၊ Quarantine ဝင်ရောက်ရမည့် အထောက်အထားစာရွက်စာတမ်းများ ပြုလုပ်ပေးခြင်း၊ ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်များကို ရှင်းလင်းပြောကြားခြင်းတို့ကို စနစ်တကျဆောင်ရွက်ပေးပြီး တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များက စီစဉ်ဆောင်ရွက်ပေးသည့် ခရီးသည်တင်မော်တော်ယာဉ်များဖြင့် ၎င်းတို့နေရပ်အသီးသီးသို့ လိုက်လံပို့ဆောင်ပေးခဲ့ကြောင်းနှင့် ရောဂါပိုးတွေ့ရှိသူများအား သက်ဆိုင်ရာနေရာများတွင် သီးသန့်ထားရှိ၍ လိုအပ်သည့် ကျန်းမာရေးဆိုင်ရာများနှင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များကို အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## နိုင်ငံရေးရင့်ကျက်မှု

ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသော ပြည်ထောင်စုစနစ်ကို တည်ဆောက်ကြရာတွင် သက်ဆိုင်သူအားလုံးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ နိုင်ငံရေးရင့်ကျက်မှုနှင့် စည်းလုံးညီညွတ်မှုက အခြေခံအကျဆုံးဖြစ်ပါသည်။ ခေတ်အဆက်ဆက် နိုင်ငံရေးရင့်ကျက်ရန် လိုအပ်မှုများကြောင့် အမိမြန်မာနိုင်ငံတော်ကြီး တိုးတက်သင့်သလောက် မတိုးတက်ခဲ့သည်ကို သင်ခန်းစာယူရပါမည်။ မိမိတို့လက်ထက်၌ ၎င်းကိစ္စကို ကျော်လွှားနိုင်အောင် ကြိုးစားကြရပါမည်။ တိုင်းပြည်ငြိမ်းချမ်းရေးအတွက် “ပညာပြည့်ဝ၊ နှလုံးလှသော” နိုင်ငံရေးရင့်ကျက်မှုနှင့် စည်းလုံးမှုကို တည်ဆောက်ကြရပါမည်။

**(ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၁၅-၁၀-၂၀၂၁ ရက်နေ့တွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ချုပ်ဆိုခြင်း (၆) နှစ်မြောက် နှစ်ပတ်လည်နေ့သို့ ပေးပို့သည့် သဝဏ်လွှာမှ ကောက်နုတ်ချက်)**

# ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး ဘရူနိုင်းဒါရုဆလမ်နိုင်ငံတွင် ကျင်းပသည့် အာဆီယံကာကွယ်ရေးဝန်ကြီးများ သီးသန့်အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်

**နေပြည်တော် နိုဝင်ဘာ ၁၀**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး ဦးဆောင်၍ နိုင်ငံတကာရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်နိုင်ဝင်းနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် အာဆီယံအလှည့်ကျဥက္ကဋ္ဌ ဘရူနိုင်းဒါရုဆလမ်နိုင်ငံက ဦးစီးကျင်းပသည့် အာဆီယံကာကွယ်ရေး ဝန်ကြီးများ သီးသန့်အစည်းအဝေး (ADMM Retreat) နှင့် ဆက်စပ်အစည်းအဝေးများဖြစ်သည့် အာဆီယံ-ကိုရီးယား ကာကွယ်ရေးဝန်ကြီးများ အလွတ်သဘောအစည်းအဝေး၊ အာဆီယံ-ဩစတြေးလျ ကာကွယ်ရေးဝန်ကြီးများ အလွတ်သဘော အစည်းအဝေးများသို့ ကာကွယ်ရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမမှ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ပါဝင်တက်ရောက်ကြသည်။ **(အပေါ်ပုံ)**




**ပါဝင်တက်ရောက်**

အာဆီယံကာကွယ်ရေးဝန်ကြီးများ သီးသန့်အစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင် နိုင်ငံများမှ ကာကွယ်ရေးဝန်ကြီးများ၊ ဒုတိယကာကွယ်ရေးဝန်ကြီးများ၊ ကာကွယ်ရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့ ပါဝင်တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် အာဆီယံနိုင်ငံများမှ ကာကွယ်ရေးဝန်ကြီးများက **“ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားမှုကာလအတွင်း ပေါ်ပေါက်လာနေသော ဒေသတွင်းလုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုများနှင့် ADMM ၏ အနာဂတ်ဦးစားပေး ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များ”** နှင့် စပ်လျဉ်း၍ နိုင်ငံအလိုက် အမြင်သဘောထားများအား ဆွေးနွေးဖလှယ်ခဲ့ကြသည်။

**နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်**

ထို့အပြင် အာဆီယံ-ကိုရီးယား ကာကွယ်ရေးဝန်ကြီးများ အလွတ်သဘော အစည်းအဝေးနှင့် အာဆီယံ-ဩစတြေးလျ ကာကွယ်ရေးဝန်ကြီးများ အလွတ်သဘော အစည်းအဝေးများ တွင်လည်း အာဆီယံနိုင်ငံများနှင့် ၎င်းနိုင်ငံတို့အကြား ကာကွယ်ရေးနှင့်လုံခြုံရေးဆိုင်ရာ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်နေမှု၊ ရှေ့ဆက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ကာကွယ်ရေးဝန်ကြီးများအကြား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ခဲ့ကြသည်။

**လွှဲပြောင်းပေးအပ်**

အစည်းအဝေးများအပြီးတွင် ၂၀၂၁ ခုနှစ်အတွက် အာဆီယံကာကွယ်ရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများတွင် အလှည့်ကျဥက္ကဋ္ဌတာဝန် ထမ်းဆောင်ခဲ့သည့် ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ကာကွယ်ရေးဝန်ကြီး(၂) The Honorable PEHIN DATU LAILARAJA MAJOR GENERAL (RETIRED) DATO PADUKA SERI HAJI AWANG HALBI BIN HAJI MD YUSSOF က ၂၀၂၂ ခုနှစ်အတွက် အာဆီယံကာကွယ်ရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများတွင် အလှည့်ကျဥက္ကဋ္ဌ တာဝန်ထမ်းဆောင်မည့် ကမ္ဘောဒီးယားနိုင်ငံ ကာကွယ်ရေးဝန်ကြီး GENERAL TEA BANH ထံသို့ ဥက္ကဋ္ဌတာဝန်နှင့် အထိမ်းအမှတ်ပစ္စည်းများ လွှဲပြောင်းပေးအပ်ခဲ့သည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံတော်ဗဟိုဘဏ် အမိန့်ကြော်ငြာစာအမှတ် ၄၆ / ၂၀၂၁ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**
**အမိန့်ကြော်ငြာစာအမှတ် ၄၆ /၂၀၂၁**
**၁၃၈၃ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၇ ရက်**
**( ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက် )**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေပုဒ်မ ၄၉ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုစည်းမျဉ်း အပိုဒ် ၃၅ အား အောက်ပါအတိုင်း ပြင်ဆင်လိုက်သည်-

“အပိုဒ် နိုင်ငံခြားသုံးငွေများရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်းလိုင်စင်ရရှိသူသည် ပို့ကုန် အမှန်တကယ်တင်ပို့ခဲ့သည့် ပို့ကုန်တင်ပို့သည့် အထောက်အထားများအရ ကုန်စည်များကို သင်္ဘောတင်သည့်နေ့မှ သုံးလအတွင်း ပို့ကုန်တင်ပို့သူများက ပို့ကုန်ရငွေများ လက်ခံရရှိခြင်း ရှိ မရှိ ကို စိစစ်ရမည်။”

**သန်းညိန်း**
**ဥက္ကဋ္ဌ**
**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် နိုဝင်ဘာ ၁၀**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အတင့်အသင့်ဖြစ်ထွန်းမည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ရှစ်ပေခန့် ရှိနိုင်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

**မိုး/ဇလ**

# ဟင်းသီးဟင်းရွက်ဆီ (Vegetable Oil) နှင့် သတိပြုသင့်သော ကုန်အညွှန်းအမှတ်အသားဖော်ပြချက်များ

## အိအိချော (စားသုံးသူရေးရာဦးစီးဌာန)

**မြန်မာတို့၏ အခြေခံစားသောက်ကုန်များတွင် စားသုံးဆီသည် တစ်ခုအပါအဝင်ဖြစ်ရာ နေ့စဉ်အစားအစာ ချက်ပြုတ်ကြော်လှော်မှုတို့အတွက် မရှိမဖြစ်အရာတစ်ခု ဖြစ်နေပါသည်။ မိရိုးဖလာသုံးစွဲခဲ့ကြသော ပြည်တွင်းဖြစ် မြေပဲဆီ၊ နှမ်းဆီတို့ကိုသာမကပဲ လူဦးရေတိုးတက်လာမှု၊ စီးပွားရေးစနစ်ပုံစံပြောင်းလဲလာမှုနှင့် Globalization ကြောင့် ပြောင်းလဲလာသော အစားအစာယဉ်ကျေးမှု စသည်တို့ကြောင့် ပြည်ပမှ တင်သွင်းလာသော စားသုံးဆီအမျိုးမျိုးတို့ကိုပါ ယဉ်ပါးစွာ သုံးစွဲနေကြပြီဖြစ်ပါသည်။**

စားသုံးသူမိဘပြည်သူများ၏ ဆီသုံးစွဲမှု မြင့်မားလာသောကြောင့် ဝယ်လိုအား များလာခြင်းနှင့်အတူ စားသုံးဆီဈေးကွက်လည်း ကျယ်ပြန့်လာပေရာ လုပ်ငန်းရှင်အချို့က မီဒီယာတွင် ကြော်ငြာအားကောင်းစွာဖြင့် စားသုံးဆီအမယ်သစ်များအတွက် ဈေးကွက်ဝေစု ရရှိရန် ကြိုးစားနေသည်ကိုလည်း တွေ့မြင်နိုင်သကဲ့သို့ ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ဖြစ်ပွားမှုကြောင့် နေထိုင်မှုပုံစံသစ်ဖြစ်သော (Stay at Home/Work from Home) ကာလတွင် စားသုံးဆီမျိုးစုံကို Online တင်ပြီး အိမ်အရောက်ဝန်ဆောင်မှုပေး (အိမ်ရောက်ငွေချေ) စနစ်ဖြင့် ရောင်းချနေမှုများလည်း ရှိနေပြီဖြစ်ပါသည်။

### စားသုံးဆီ ရောင်းချသည့်ပုံစံ

မည်သို့ပင် ဈေးကွက်ကျယ်ပြန့်လာသည်ဖြစ်စေ စားသုံးဆီရောင်းချသည့်ပုံစံကို လေ့လာမည်ဆိုလျှင် လက်လီခြင်တွယ်ပြီး (ခွက်မှောက်၊ ခွက်လှန်) ရောင်းချသောပုံစံနှင့် ပလတ်စတစ်ပါကင်ဘူးဖြင့် ရောင်းချသောပုံစံဟူ၍ နှစ်မျိုးသာ တွေ့နိုင်ပါသည်။ ပါကင်ဘူးဖြင့် ရောင်းချသော ပုံစံတွင် ၁ လီတာမှစ၍ ၂ ဒသမ ၅ လီတာ၊ ၉ လီတာ စသည်ဖြင့် အရွယ်အစားအမျိုးမျိုးတို့ကို ကုန်အညွှန်းအမှတ်အသား (ကုန်အမှတ်တံဆိပ်) မျိုးစုံဖြင့် ဝယ်ယူရရှိနိုင်ပါသည်။ အချို့သော စားအုန်းဆီတင်သွင်း၊ ဖြန့်ဖြူးရောင်းချနေသူများကိုယ်တိုင် ကိုယ်ပိုင်ကုန်အမှတ်တံဆိပ်ကပ်ဘူးများဖြင့် ဈေးကွက်အတွင်း ရောင်းချနေသည်ကို တွေ့ရှိရပါသည်။

ဤသို့ကုန်အမှတ်တံဆိပ်ကပ်ရောင်းသော ဆီအမျိုးမျိုးတို့တွင် ဟင်းသီးဟင်းရွက်ဆီ (Vegetable Oil) လည်းပါဝင်နေပြီး ဈေးကွက်အတွင်း စားသုံးဆီရောင်းနေသူများ၏ ပြောပြချက်များအရ အခြားဟင်းချက်ဆီများ (မြေပဲဆီ၊ နေကြာဆီ၊ ပဲပုပ်စေ့ဆီ စသည်ဖြင့်) ထက် ဈေးနှုန်းသက်သာသည့်အပြင် ဟင်းသီးဟင်းရွက်များမှ ထုတ်ယူထားသောဆီဖြစ်သောကြောင့် သွေးတိုး၊ နှလုံး၊ ဆီးချိုရောဂါအခံရှိသူများ ဝယ်ယူကြကြောင်း၊ ရောင်းအားကောင်းသော ဆီအမျိုးအစားဖြစ်ကြောင်း သိရှိရပါသည်။ ဆီဘူး၏ ကုန်အမှတ်အသားတွင်လည်း ဂေါ်ဖီထုပ်၊ မုန်လာဥနီ၊ ပန်းဂေါ်ဖီနှင့် ငရုတ်ပွသီးပုံများဖြင့် သရုပ်ဖော်ထားသည်ကို ဟင်းသီးဟင်းရွက်ဆီ (Vegetable Oil) အမည်ဖြင့် ရောင်းချနေသော ဆီဘူးတိုင်းတွင် တွေ့ရှိနေရပါသည်။ အမှန်စင်စစ် အဆိုပါ ဟင်းသီးဟင်းရွက်များသည် ဆီထွက်သီးနှံအုပ်စုဝင် သီးနှံများမဟုတ်ကြသောအခါ "ဟင်းသီးဟင်းရွက်ဆီ" ဆိုသည်မှာ မည်သည့်ဆီအမျိုးအစားဖြစ်ကြောင်း သေချာစွာသိရှိရန် လိုအပ်လာပြီဖြစ်ပါသည်။

### အဆင့်မြင့် စားအုန်းဆီများ

သို့ဖြစ်ရာ ပါကင်ဘူးအတွင်းရှိ ကုန်ပစ္စည်းအကြောင်းကို သေချာစွာ သိလိုလျှင် ကုန်အညွှန်းအမှတ်အသားပါ အချက်အလက်များကို လေ့လာရမည် ဖြစ်သောကြောင့် "ဟင်းသီးဟင်းရွက်ဆီ" များ၏ ကုန်အညွှန်းအမှတ်အသားများတွင် ဖော်ပြထားသော အဓိက ပါဝင်ပစ္စည်း (Main Ingredient) ကို အချိန်အနည်းငယ်ယူ၍ ရှာဖွေဖတ်ရှုကြည့်ရာတွင် Refined Palm Olein IV-60 ဟုတစ်မျိုး၊ RBD Palm Olein IV-60 ဟုတစ်သွယ်၊ Refined Palm Olein 100 % ဟုတစ်ဖုံနှင့် Blended with RBD Soy Bean Oil 15% ဟုတစ်နည်း တွေ့ရှိရမည်ဖြစ်ပါသည်။ တွေ့ရှိချက်များကို ဘာသာပြန်လိုက်မည် ဆိုပါက "ဟင်းသီးဟင်းရွက်ဆီ (Vegetable Oil)" ဆိုသည်မှာ "သန့်စင်ပြီးသော အဆင့်မြင့် စားအုန်းဆီများသာဖြစ်သည်" ဟု ဆိုရမည်သာဖြစ်ပါသည်။

ဈေးကွက်အတွင်း မည်သည့်ဆီဘူးမျိုးတွင်မဆို မြေပဲဆီ အမည်တပ်လျှင် မြေပဲစေ့၊ မြေပဲတောင့်ပုံ၊ နေကြာဆီအမည်တပ်လျှင် နေကြာစေ့ပုံ၊ ပဲပုပ်ဆီအမည်တပ်လျှင် ပဲပုပ်စေ့ပုံ စသည်ဖြင့် ပင်ရင်းဆီထွက်သီးနှံအမည်နှင့်ပုံတို့၏ ယှဉ်တွဲဖော်ပြမှုသည် ရိုးရှင်း၍ စားသုံးသူကို ကုန်ပစ္စည်းနှင့်ပတ်သက်ပြီး စိတ်ကျေနပ်မှုဖြစ်စေပါသည်။ သို့ရာတွင် ဆီအုန်းပင်မှရသောအသီး (ဆီအုန်းသီး)ကို ကြိတ်ချေ၍ အဆင့်ဆင့်သန့်စင်ပြီးသောအခါမှရရှိလာသည့် အဆင့်မြင့်စားအုန်းဆီကို ဆီထွက်သီးနှံမဟုတ်သော ဟင်းသီးဟင်းရွက်များနှင့် ပုံဖော်သည့်အပြင် ဟင်းသီးဟင်းရွက်ဆီ (Vegetable Oil) ဟု အမည်တပ်ခြင်းမှာ စားသုံးသူများအတွက် စဉ်းစားစရာ ဖြစ်လာနိုင်ပါသည်။

ကမ္ဘာပေါ်တွင် စားသုံးရန်အတွက် သတ်မှတ်ထားသောဆီ (Edible Oil) နှင့် အဆီ (Edible Fat) အုပ်စုများကို-

- (က) ဝက်ဆီအုပ်စု (Pork Fat)၊
- ( ခ ) အမဲဆီအုပ်စု (Beef Fat)၊
- ( ဂ ) နို့ထွက်ပစ္စည်းမှထုတ်လုပ်သောအဆီအုပ်စု (Dairy Fat)၊
- (ဃ) ကြက်၊ ဘဲ၊ ငန်းတို့မှရသော အဆီအုပ်စု (Poultry Fat)၊
- ( င ) ဆီထွက်သီးနှံမှ ထုတ်လုပ်သော အဆီအုပ်စု (Vegetable Fat)၊
- ( စ ) ငါးဆီအုပ်စု (Fish Oil)၊
- (ဆ) ဆီထွက်သီးနှံမှထုတ်လုပ်သော ဟင်းသီးဟင်းရွက်ဆီအုပ်စု (Vegetable Oil) ဟူ၍ အုပ်စု ခုနစ်မျိုး ခွဲခြားထားပေရာ စားသုံးဆီထုတ်ယူနိုင်သော ဆီထွက်သီးနှံပင်များမှ ထုတ်လုပ်ရရှိသော စားသုံးဆီတိုင်းသည် (Vegetable Oil) အုပ်စုထဲတွင် ပါဝင်နေပါသည်။

### ထင်ယောင်ထင်မှား ဖြစ်စေနိုင်

ဤသို့ဆိုလျှင် စားအုန်းဆီအပါအဝင် မြေပဲဆီ၊ နှမ်းဆီ၊ နေကြာဆီ၊ ပဲပုပ်ဆီ၊ ကနိုလာ (ပန်းမုန်ညင်းဆီ) နှင့် ပြောင်းဖူးစေ့ဆီ အားလုံးတို့သည် ဟင်းသီးဟင်းရွက်ဆီ (Vegetable Oil) အုပ်စုဝင် စားသုံးဆီများ ဖြစ်ကြပေသည်။ သို့သော်လည်း ဈေးကွက်တွင် စားအုန်းဆီကိုသာ ကိုယ်ပိုင်အမည်မဖော်ပြဘဲ ဆီအုပ်စုအမည်ဖြင့် ဖော်ပြသည့်အပြင် သရုပ်ဖော်ပုံမှာလည်း ဟင်းသီးဟင်းရွက်များဖြင့်သာ ဖော်ပြရောင်းချနေခြင်းကြောင့် စားသုံးသူအတွက် ကုန်ပစ္စည်းနှင့် ပတ်သက်သည့် သတင်းအချက်အလက်ကို ရှင်းလင်းစွာမသိရဘဲ ထင်ယောင်ထင်မှား ဖြစ်စေနိုင်ပါသည်။ ထို့အပြင် ကျန်းမာရေးအတွက် စားသုံးဆီကို ရွေးချယ်စားသောက်နေရသော စားသုံးသူဖြစ်ခဲ့လျှင် ကြီးမားသော ဆုံးရှုံးနစ်နာမှုကို ဖြစ်ပေါ်စေမည်မှာ ဧကန်ဖြစ်ပေသည်။

စားသုံးဆီ၏ အရည်အသွေးစစ်တမ်းတွင် အရေးပါသော အဆီအက်စစ်ဖွဲ့စည်းပုံအရ ပြည့်ဝအဆီအက်စစ်နှင့် မပြည့်ဝအဆီအက်စစ်တို့ တစ်ဝက်စီနီးပါးဖြင့် ပေါင်းစပ်ဖွဲ့စည်းထားသော စားအုန်းဆီသည် မိုနိုမပြည့်ဝဆီဖြစ်သော မြေပဲဆီ၊ ပိုလီမပြည့်ဝဆီဖြစ်သော နေကြာဆီတို့ကို အရည်အသွေးပိုင်းအရ မယှဉ်နိုင်သည်ကို စားသုံးသူများက သိရှိထားပါသည်။ ဤအချက်ကို စားအုန်းဆီတင်သွင်းရောင်းချသူများကလည်း သိရှိပြီးဖြစ်ပေရာ စားအုန်းဆီ၏ ကိုယ်ပိုင်အမည်ကိုဖျောက်၍ ဆီအုပ်စုအမည်ကိုသာ ပေါ်လွင်စေလျက် ဈေးကွက်ထိုးဖောက်ခဲ့ခြင်းဖြစ်သည်ဟု ယူဆရပါသည်။ တစ်နည်းအားဖြင့် မြန်မာစားသုံးသူတို့၏ အားနည်းချက်ဖြစ်သော ကုန်အညွှန်းအမှတ်အသားပါ အချက်အလက်များကို သေချာစွာဖတ်ရှုလေ့လာသည့် အလေ့အကျင့်မရှိဘဲ သရုပ်ဖော်ပုံကိုသာ ကြည့်၍ ဆုံးဖြတ်ဝယ်ယူတတ်ခြင်းဟူသောအချက်ကို ပိုင်နိုင်စွာ အသုံးချခံရခြင်းပင် ဖြစ်ပါသည်။




### လုပ်ငန်းရှင်များ လေ့လာသိရှိထားသင့်

စားသုံးသူကာကွယ်ရေးဥပဒေအရ "စားသုံးသူများတွင် မိမိဝယ်ယူမည့် ကုန်စည်အတွက် လိုအပ်သော သတင်းအချက်အလက် ပြည့်စုံမှန်ကန်စွာ သိရှိခွင့်ရှိကြောင်း"၊ "ကုန်စည်နှင့် ပတ်သက်၍ မှားယွင်းသော ဖော်ပြခြင်းဖြစ်စေ၊ မမှန်ကန်သော ကြော်ငြာခြင်းဖြစ်စေ၊ မရိုးမဖြောင့်သော သဘောဖြင့်ဖြစ်စေ၊ စားသုံးသူကလွဲမှားစွာ လက်ခံစေရန် ရည်ရွယ်၍ ဆောင်ရွက်လျှင် လိမ်လည်လှည့်ဖြားခြင်း" ဟု ခေါ်ဆိုနိုင်ကြောင်း၊ ထို့ပြင် ကုန်စည်နှင့် စပ်လျဉ်းသည့် ဝိသေသလက္ခဏာကိုဖြစ်စေ၊ သတ်မှတ်ထားသော စံချိန်စံညွှန်းကိုဖြစ်စေ၊ စားသုံးသူကို လွဲမှားယူဆမှုဖြစ်စေလျှင် ထင်ယောင်ထင်မှားဖြစ်စေရန် ဆောင်ရွက်ခြင်းဖြစ်ကြောင်းစသည်ဖြင့် ဖော်ပြထားသည်ကို ဟင်းသီးဟင်းရွက်ဆီ (Vegetable Oil) ဖြန့်ဖြူးနေသော လုပ်ငန်းရှင်များ လေ့လာသိရှိထားသင့်ပါသည်။

အဆိုပါဥပဒေ၏ အခန်း(၁)၊ ပုဒ်မ-၂၊ ပုဒ်မခွဲ(၄)ပါ အဓိပ္ပာယ်သတ်မှတ်ချက်အရ "ကုန်အညွှန်းအမှတ်အသားဆိုသည်မှာ ကုန်စည်သို့မဟုတ် ကုန်စည်ထုပ်ပိုးမှု အပြင်အဆင်ပေါ်တွင် စာဖြင့်ရေးသား၍ဖြစ်စေ၊ ပုံနှိပ်၍ဖြစ်စေ၊ ရုပ်ပုံဖြင့်ဖြစ်စေ၊ အခြားနည်း တစ်ရပ်ရပ်ဖြင့်ဖြစ်စေ ဖော်ပြထားသည့် ကုန်စည်နှင့်သက်ဆိုင်သည့် အချက်အလက်သို့မဟုတ် အမှတ်အသားကိုဆိုသည်" ဟုပါရှိပြီး ကုန်စည်နှင့်သက်ဆိုင်သည့် ကုန်အညွှန်းအမှတ်အသားတွင် ဖော်ပြထားသည့် အချက်အလက်များနှင့် ကိုက်ညီမှုမရှိသော ကုန်စည်ဖြစ်နေပါကလည်း ယင်းဥပဒေပါ ပုဒ်မ-၇၃ အရ နှစ်နှစ်ထက် မပိုသောထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်းနှစ်ရာထက် မပိုသောငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်ပါသည်။

သို့ပါသောကြောင့် ဟင်းသီးဟင်းရွက်ဆီ (Vegetable Oil) ဖြန့်ဖြူးသော လုပ်ငန်းရှင်များအနေဖြင့် မိမိတို့ ဖြန့်ဖြူးရောင်းချနေသော ကုန်စည်၏ ကုန်အညွှန်းအမှတ်အသား ဖော်ပြမှုများကို အလေးထားဆောင်ရွက်သည့်အနေဖြင့် ဆီအမည်စာသားကို ဟင်းသီးဟင်းရွက်ဆီ (သန့်စင်ပြီးသော အဆင့်မြင့်စားအုန်းဆီ) ဟုလည်းကောင်း၊ ဟင်းသီးဟင်းရွက်ပုံများကိုလည်း ဆီအုန်းပင်၊ ဆီအုန်းခိုင်၊ ဆီအုန်းသီး စသည်ဖြင့် သင့်လျော်သော ရုပ်ပုံများကိုလည်းကောင်း ပြောင်းလဲသုံးစွဲသင့်ပါကြောင်းကို စားသုံးသူများ ထင်ယောင်ထင်မှားဖြစ်ခြင်းမှ ကင်းဝေးစေရန်ရည်သန်၍ အကြံပြုရေးသားတင်ပြလိုက်ရပါသည်။

**ကိုးကား။** စားသုံးသူကာကွယ်ရေးဥပဒေ
(၂၀၁၉ ခုနှစ်၊ မတ်လ ၁၅ ရက်)

**✻ စားအုန်းဆီအပါအဝင် မြေပဲဆီ၊ နှမ်းဆီ၊ နေကြာဆီ၊ ပဲပုပ်ဆီ၊ ကနိုလာ (ပန်းမုန်ညင်းဆီ) နှင့် ပြောင်းဖူးစေ့ဆီ အားလုံးတို့သည် ဟင်းသီးဟင်းရွက်ဆီ (Vegetable Oil) အုပ်စုဝင် စားသုံးဆီများ ဖြစ်ကြပေသည်။ သို့သော်လည်း ဈေးကွက်တွင် စားအုန်းဆီကိုသာ ကိုယ်ပိုင်အမည် မဖော်ပြဘဲ ဆီအုပ်စုအမည်ဖြင့် ဖော်ပြသည့်အပြင် သရုပ်ဖော်ပုံမှာလည်း ဟင်းသီးဟင်းရွက်များဖြင့်သာ ဖော်ပြရောင်းချနေခြင်းကြောင့် စားသုံးသူအတွက် ကုန်ပစ္စည်းနှင့်ပတ်သက်သည့် သတင်းအချက်အလက်ကို ရှင်းလင်းစွာမသိရဘဲ ထင်ယောင်ထင်မှား ဖြစ်စေနိုင်ပါသည်။ ထို့အပြင် ကျန်းမာရေးအတွက် စားသုံးဆီကို ရွေးချယ်စားသောက်နေရသော စားသုံးသူဖြစ်ခဲ့လျှင် ကြီးမားသော ဆုံးရှုံးနစ်နာမှုကို ဖြစ်ပေါ်စေမည်မှာ ဧကန်ဖြစ်ပေသည်**

# အလုပ်ရှင်၊ အလုပ်သမားများ ကြုံတွေ့နေရသော အခက်အခဲများနှင့်ပတ်သက်၍ အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၀

စက်ရုံ၊ အလုပ်ရုံများတွင် အလုပ်ရှင်၊ အလုပ်သမားများ၏ အခက်အခဲများနှင့်ပတ်သက်၍ အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားသုံးပွင့်ဆိုင် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် အလုပ်သမားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ Virtual ဖြင့် ကျင်းပသည်။ (ယာပုံ)




အစည်းအဝေးတွင် အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က ကိုဗစ်-၁၉ ရောဂါနှင့် အခြားစိန်ခေါ်မှုများရှိသော်လည်း စက်ရုံ၊ အလုပ်ရုံများ ပုံမှန်လည်ပတ်နိုင်ရေး၊ အလုပ်သမားများ အလုပ်လက်မဲ့ မဖြစ်စေရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရေး၊ အလုပ်သမားများ လုပ်ခလစာ အချိန်မီရရှိနိုင်ရေး၊ အလုပ်သမားရေးရာအငြင်းပွားမှုများအား ဥပဒေနှင့်အညီ ဖြေရှင်းပေးနိုင်ရေးနှင့် လုပ်ငန်းခွင်များတွင် ကြုံတွေ့နေရသည့် အခက်အခဲများကို ပွင့်ပွင့်လင်းလင်း တိုင်ပင်ဆွေးနွေးပြီး အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ရည်ရွယ်ပြီး သုံးပွင့်ဆိုင် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပရခြင်းဖြစ်ကြောင်း။

### တိုးတက်ကောင်းမွန်လာမည်

စက်ရုံ၊ အလုပ်ရုံများပိတ်သိမ်းရပါက အလုပ်ရှင်နှင့် အလုပ်သမားများ၏ အကျိုးစီးပွားများ နစ်နာမည်ဖြစ်သကဲ့သို့ နိုင်ငံတော်၏ ကုန်ထုတ်စွမ်းအားပိုင်းဆိုင်ရာ ထိခိုက်နိုင်ပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ထပ်ဆင့်အားနည်းစေနိုင်ကြောင်း၊ အလုပ်ရှင်၊ အလုပ်သမားများ လုပ်ငန်းခွင်ဆက်ဆံရေး တိုးတက်ကောင်းမွန်စေရေးအတွက် အပြုသဘောဆောင်၍ ဥပဒေနှင့်အညီ စက်ရုံအတွင်း ငြိမ်းချမ်းစွာညှိနှိုင်းဖြေရှင်းခြင်းဖြင့် လုပ်ငန်းခွင်ဆက်ဆံရေး တိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း။

### ကိုဗစ်ရောဂါ ကာကွယ်ဆေးထိုးနှံ

စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများမှ အလုပ်သမားများ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံနိုင်ရေး Coronavirus Disease 2019 (COVID-19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၊ ကျန်းမာရေးဝန်ကြီးဌာနများသို့ ကာကွယ်ဆေး ထိုးနှံမည့် စီမံချက် ရေးဆွဲတင်ပြခဲ့ပြီး ပထမဦးစားပေးအနေဖြင့် အလုပ်သမားအင်အား အများဆုံးဖြစ်သည့် ရန်ကုန်တိုင်း၊ မန္တလေးတိုင်း၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်းဒေသကြီးများအတွင်းရှိ စက်မှုဇုန်များမှ အလုပ်သမားများအား ကိုဗစ်ရောဂါ ကာကွယ်ဆေး ထိုးနှံခြင်းလုပ်ငန်းများကို ဩဂုတ် ၁၈ ရက်မှ စတင်၍ နိုဝင်ဘာ ၈ ရက်အထိ ပထမအကြိမ် ၇၉၃၈ ဌာနမှ အလုပ်သမား ၅၄၂၅၃၃ ဦး၊ ဒုတိယအကြိမ် ၆၁၁၂ ဌာနမှ အလုပ်သမား ၃၂၅၉၅၈ ဦးတို့ကို ထိုးနှံပေးနိုင်ခဲ့ပြီး ဆက်လက်ထိုးနှံပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ကျန်တိုင်းဒေသကြီး၊ ပြည်နယ်များရှိ အလုပ်သမားများကိုလည်း ရောဂါကာကွယ်ဆေးထိုးနှံနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း။

Online ဖြင့် တက်ရောက်လာကြသည့် ကိုယ်စားလှယ်များအနေဖြင့် အလုပ်ရှင်နှင့် အလုပ်သမားများ၏ အမှန်တကယ် ကြုံတွေ့နေရသည့် အခက်အခဲများကို ဖြည့်ဆည်းပေးရန် လိုအပ်သည့်အချက်များကို ပွင့်ပွင့်လင်းလင်း အကောင်းဆုံးဆွေးနွေးအဖြေရှာပြီး အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား၊ သုံးပွင့်ဆိုင်ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံ၏ ကုန်ထုတ်စွမ်းအားမြင့်မားတိုးတက်စေရေး ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ရန် တိုက်တွန်းပါကြောင်း ရှင်းလင်းပြောကြားသည်။

### ဖြည့်စွက်ရှင်းလင်း

ဆက်လက်၍ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဩဂုတ် ၃ ရက်တွင် ကျင်းပခဲ့သည့် အစည်းအဝေး ဆုံးဖြတ်ချက်များနှင့် ပတ်သက်၍ ဆောင်ရွက်ပြီးစီးမှုများကို ရှင်းလင်းဆွေးနွေးတင်ပြပြီး Online ဖြင့်တက်ရောက်ကြသော ခုံသမာဓိကောင်စီ အဖွဲ့ဝင်များ၊ အလုပ်ရှင် ကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များ၊ ညှိနှိုင်းဖျန်ဖြေရေး အဖွဲ့ဝင်များ၊ စက်မှုဇုန်အသီးသီးမှ ကိုယ်စားလှယ်များက လတ်တလောတွေ့ကြုံ ခံစားနေရသည့် လုပ်ငန်းဆိုင်ရာ အခက်အခဲများ၊ ဖြည့်ဆည်းပေးရန် လိုအပ်ချက်များကို အသီးသီး ရှင်းလင်းဆွေးနွေးတင်ပြကြရာ ညွှန်ကြားရေးမှူးချုပ်များက ဖြည့်စွက်ရှင်းလင်း တင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားများမှ ကြုံတွေ့နေရသည့် အခက်အခဲများကို အတူတကွ လက်တွဲကျော်ဖြတ်ရင်း နိုင်ငံထုတ်ကုန်စွမ်းအား မြင့်မားတိုးတက်စေရေး ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရေး မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံ့ဝန်ထမ်း သစ္စာအဓိဋ္ဌာန် (၆) ချက်ကို ဦးထိပ်ပန်ဆင် နိုင်ငံတော်အစိုးရက ချမှတ်ထားသော မူဝါဒ၊ လုပ်ငန်းစဉ်များကို ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၁၀

**ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) တွင် အလယ်အလတ်အဆင့်အရာထမ်း စီမံခန့်ခွဲမှုသင်တန်း၊ ပြည်သူ့ဝန်ထမ်း စီမံခန့်ခွဲမှု အဆင့်မြင့်ဒီပလိုမာသင်တန်း အမှတ်စဉ်(၅) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရတနာခန်းမ၌ ကျင်းပသည်။** (အောက်ပုံ)

သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးဆန်းမြင့်၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ် ဦးကျော်စိုး၊ ဒုတိယပါမောက္ခချုပ်များ၊ တက္ကသိုလ်သင်ကြားစီမံဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။




သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ (ကိုယ်စား) တာဝန်ခံ အဖွဲ့ဝင် ဦးဆန်းမြင့်က သင်တန်းဖွင့် အမှာစကားပြောကြားရာတွင် ယခုသင်တန်းကို နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်း အသီးသီးတွင် အလယ်အလတ် အဆင့်များ၌ စီမံခန့်ခွဲမှု တာဝန်ထမ်းဆောင်နေသူများအား ခေတ်နှင့်အညီ ပြောင်းလဲလာသော စီမံခန့်ခွဲရေးဆိုင်ရာ အယူအဆနှင့် အတွေ့အကြုံများကို လေ့လာသိရှိစေရန်၊ မိမိတို့၏ လုပ်ငန်းတာဝန်များကို ထိရောက်ထက်မြက်စွာ ထမ်းဆောင်နိုင်ရန်၊ နိုင်ငံ့ဝန်ထမ်းများ သိရှိလိုက်နာရမည့် ဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများကို နားလည်စေရန်၊ ကောင်းမွန်သော အုပ်ချုပ်ရေးနှင့်ခေါင်းဆောင်မှု သဘောတရားများကို နားလည်စေရန်၊ ပြည်တွင်း၊ ပြည်ပနိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေး အခြေအနေများကို လေ့လာဆည်းပူးနိုင်စေရန်၊ ဝန်ထမ်းအချင်းချင်း စည်းလုံးညီညွတ်မှု၊ ညှိနှိုင်းဆောင်ရွက်တတ်မှု၊ ပူးပေါင်းဆောင်ရွက်တတ်မှု၊ ချစ်ခင်ရင်းနှီးမှုများ ပိုမိုရရှိစေရန်၊ စိတ်ဓာတ်၊ စည်းကမ်း၊ ခံယူချက်၊ ယုံကြည်ချက်၊ စိတ်နေသဘောထား ကောင်းမွန်သည့် ဝန်ထမ်းကောင်းများ ပေါ်ထွက်လာစေရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း။

“ ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည် ” ဟူသောဆောင်ပုဒ်နှင့်အညီ နိုင်ငံ့ဝန်ထမ်းများသည် မည်သည့်အစိုးရ အုပ်ချုပ်သည်ဖြစ်စေ နိုင်ငံတော်ယန္တရားကြီး ကောင်းမွန် ချောမွေ့စွာလည်ပတ်နိုင်စေရန် တာဝန်ယူဆောင်ရွက်ပေးရသူများ ဖြစ်သည့်အတွက် နိုင်ငံ့ဝန်ထမ်း သစ္စာ အဓိဋ္ဌာန် (၆) ချက်ကို ဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်အစိုးရက ချမှတ်ထားသော မူဝါဒ၊ လုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ နိုင်ငံတော်နှင့် ပြည်သူ၏ အကျိုးစီးပွားအတွက် တာဝန်ယူမှု၊ တာဝန်ခံမှု စိတ်ဓာတ်အပြည့်ဖြင့် မိမိတို့၏ လုပ်ငန်းတာဝန်များကို ကြိုးစား ထမ်းဆောင်သွားရန် တိုက်တွန်းလိုပါကြောင်း၊ ကိုဗစ်ရောဂါ ကူးစက်မှုကာလအတွင်း ဖွင့်လှစ်ရသော သင်တန်းဖြစ်၍ သတ်မှတ်ထားသည့် စည်းကမ်းချက်များကို တိကျစွာလိုက်နာကြရန် အထူးမှာကြားလိုကြောင်း ပြောကြားခဲ့သည်။

အဆိုပါ သင်တန်းသို့ သင်တန်းသား ၃၉ ဦး၊ သင်တန်းသူ ၄၅ ဦး စုစုပေါင်း ၈၄ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တပတ် ၂၀ ကြာမြင့်မည်ဖြစ်သည်။ သင်တန်းပြီးမြောက်ပါက ပြည်သူ့ဝန်ထမ်း စီမံခန့်ခွဲမှု အဆင့်မြင့်ဒီပလိုမာဘွဲ့နှင့် အလယ်အလတ်အဆင့် အရာထမ်း စီမံခန့်ခွဲမှုသင်တန်းဆင်း လက်မှတ်တို့ကို ချီးမြှင့်အပ်နှင်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# သက်သာသောဈေးနှုန်းဖြင့် စားအုန်းဆီဖြန့်ဖြူးရောင်းချလျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၁၀

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းစီစဉ်မှုဖြင့် စားသုံးသူပြည်သူများ သက်သာသော ဈေးနှုန်းဖြင့် ဝယ်ယူရရှိနိုင်ရန် ရည်ရွယ်၍ ဗဟိုဘဏ်မှ ရည်ညွှန်းငွေလဲနှုန်းဖြင့် တိုက်ရိုက်ရောင်းချပေးသည့် နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာ ၁၂ သန်းဖြင့် မှာယူတင်သွင်းခဲ့သည့် စားအုန်းဆီများကို နိုဝင်ဘာ ၉ ရက်မှစတင်ပြီး တိုင်းဒေသကြီး/ပြည်နယ် ဒေသအသီးသီးရှိ လက်လီ/လက်ကား ရောင်းချသူများသို့ တစ်ပိဿာလျှင် လက်ကားဈေး ငွေကျပ် ၄၂၄၀ ဖြင့် နေ့စဉ်ဖြန့်ဖြူးရောင်းချပေးလျက်ရှိရာ ယနေ့အထိ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ နေပြည်တော်၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့အတွက် စားအုန်းဆီ ပိဿာ ၂၀၈၆၇၀၀၊ တန်ချိန် ၃၄၀၉ ဒသမ ၆၄ တန် ရောင်းချခဲ့ပြီးဖြစ်သည်။

ရန်ကုန်မြို့အတွင်းရှိ စားသုံးသူများအတွက် အသင်း၏ အစီအစဉ်ဖြင့် ရပ်ကွက်များသို့ ဈေးကားများဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိပြီး ကျန်တိုင်းဒေသကြီး/ပြည်နယ်များသို့လည်း ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း၊ စားအုန်းဆီများကို လက်ကားဝယ်ယူရောင်းချသူများအနေဖြင့် လက်လီအရောင်းဆိုင်များတွင် အသားတင်အကျိုးအမြတ် ၂ ရာခိုင်နှုန်းထက်မပိုသည့် ဈေးနှုန်းဖြင့် စားသုံးသူပြည်သူများသို့ ပြန်လည်ဖြန့်ဖြူး ရောင်းချသွားရမည်ဖြစ်ကြောင်းနှင့် စားသုံးသူပြည်သူများသို့ လက်လီ/လက်ကား ဖြန့်ဖြူးရောင်းချပေးမည့် လုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၊ အမှတ်(၁၀၄/၁၀၈) ကမ်းနားလမ်း၊ လွတ်လပ်ရေးရပ်ကွက် (ဆင်မင်းအိမ်ရာဓမ္မာရုံရှေ့) အလုံမြို့နယ်၊ ဖုန်းအမှတ်၊ ၀၉၄၄၄၄၃၇၂၉၅၊ ၀၉၄၀၁၅၂၇၀၄၉ နှင့် ရန်ကုန်တိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန ၀၁၂၅၀၂၇၀၊ ၀၉၄၃၆၆၆၆၈ တို့သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၀ ပြည့်နှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုများ ထုတ်ပြန်ကြေညာ

## အမျိုးသားစာပေတစ်သက်တာဆုကို စာပေပညာရှင်ဆရာကြီးဦးမောင်မောင်လတ်(နောင်)၊ စာပေပညာရှင်ဆရာကြီးဦးစိန်လှိုင်(သူရဇော်)နှင့် စာရေးဆရာမကြီးဒေါ်ချိုချိုတင်(မစန္ဒာ)တို့ရရှိ

**နေပြည်တော် နိုဝင်ဘာ ၁၀**

ပြန်ကြားရေးဝန်ကြီးဌာန အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တွင် မြန်မာစာပေအကျိုးကို ထူးချွန်ပြောင်မြောက်စွာ တစ်သက်တာလုံးအားထုတ်ရေးသားပြုစုခဲ့သောဆောင်ရွက်ချက်များကို နိုင်ငံတော်က အသိအမှတ်ပြုသောအားဖြင့် စာပေပညာရှင် ဆရာကြီး **ဦးမောင်မောင်လတ်(နောင်)** ၊ စာပေပညာရှင်ဆရာကြီး **ဦးစိန်လှိုင်(သူရဇော်)**နှင့် စာရေးဆရာမကြီး **ဒေါ်ချိုချိုတင်(မစန္ဒာ)**တို့အား ၂၀၂၀ပြည့်နှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆုရှင်များအဖြစ် ရွေးချယ်ချီးမြှင့်လိုက်ကြောင်း ကြေညာသည်။

ထို့နည်းတူ အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီသည် ၂၀၂၀ ပြည့်နှစ်အတွင်း ပထမအကြိမ်ထုတ်ဝေခဲ့သည့် စာအုပ်များကိုစိစစ်ရွေးချယ်ခဲ့ပြီး အမျိုးသားစာပေဆုချီးမြှင့်ရန် ရွေးချယ်ခံရသော စာအုပ်များနှင့် စာရေးဆရာများ၏ အမည်စာရင်းကို ယနေ့ထုတ်ပြန်ကြေညာသည်။

ဝတ္ထုရှည်ဆုတွင် **မခြူးပွင့်**ရေးသားသည့် **ပျောက်ဆုံးသွားသောနှင်းစက်များ (သို့မဟုတ်) နှင်းစက်** ပုံပြင်စာအုပ်(တက်တိုးစာပေ)၊ ကဗျာ(ဂန္ထဝင်)ဆုတွင် **ချစ်စုအောင်**ရေးသားသည့် **မြင်းမိုရ်စိတ်ကူး** ကဗျာများစာအုပ်(စာပေဗိမာန်)၊ ကဗျာ(ခေတ်ပေါ်)ဆုတွင် **အောင်ကောင်းမြစ်**ရေးသားသည့် **ဒီနေ့ပန်းတွေပွင့်တယ်** စာအုပ်(စိတ်ကူးချိုချို)၊ စာပဒေသာဆုတွင် **မြသန်းစံ**ရေးသားသည့် **ပါမောက္ခချုပ် ဆရာတော် ဒေါက်တာအရှင်နန္ဒမာလာဘိဝံသ၏ ဘဝခရီးနှင့်ဓမ္မဆီမီးစာအုပ်(အပွမာဒစာစဉ်)**၊ မြန်မာ့ယဉ်ကျေးမှုနှင့်အနုပညာဆိုင်ရာဆုတွင် **နိုင်ဇော်**ရေးသားသည့် **ရှေးဟောင်းယဉ်ကျေးမှုအစဉ်အလာအမွေအနှစ်တက္ကသိုလ်ပညာသင်ကြားခဲ့ရာများ**စာအုပ်(သီရိဝဏ္ဏစာပေ)၊ ဘာသာပြန်(သုတ)ဆုတွင် **ရဲမင်းဝင်း**ရေးသားသည့် **ပစ်မှတ်**စာအုပ်(သားငယ်စာပေ)၊ သုတပဒေသာ(ဝိဇ္ဇာ)ဆုတွင် **ဒေါက်တာအောင်မြင့်ဦး**ရေးသားသည့် **စာပေပင်လယ်ထဲက ကဗျာလှိုင်းကလေး**စာအုပ် (ရောဝဏ်စာပေတိုက်)၊ သုတပဒေသာ(အသုံးချသိပ္ပံ)ဆုတွင် **ဒေါက်တာဦးလှကြည် (ကလေးကျန်းမာရေး)** ရေးသားသည့် **ကလေးကျန်းမာဖွံ့ဖြိုးရေး၊ နိုင်ငံတိုးတက်မှုနှင့် ခဲဆိပ်အန္တရာယ်**စာအုပ်(ရှင်မတောင်စာပေ)၊ နိုင်ငံရေးစာပေဆုတွင် **မန္တလေး့ရီ(မဟာဝိဇ္ဇာ)** ရေးသားသည့် **ဗိုလ်ချုပ်အောင်ဆန်း၏ နိုင်ငံရေးသဘောတရားအမြင်များ** စာအုပ်(ကနုတ်ပန်းစာပေ)၊ အင်္ဂလိပ်ဘာသာ(သုတ)ဆုတွင် **Sithu Dr.Thaw Kaung** ရေးသားသည့် **Papers from My Shoulder Bag** စာအုပ်(Myanmar Book Centre)၊ အင်္ဂလိပ်ဘာသာ(ရသ)ဆုတွင် **Aye Phyu** ရေးသားသည့် **A Motley Collection of My Works** စာအုပ်(မွန်မြတ်သူစာပေ)၊ ရသစာတမ်း (အက်ဆေး) စာပေဆုတွင် **နိုင်ဝင်းသီ**ရေးသားသည့် **မြို့ကလေးရဲ့အော်ပရာအက်ဆေးများ**စာအုပ် (သီရိဝဏ္ဏစာပေ) တို့ကိုရွေးချယ်ကြောင်း ကြေညာသည်။

အမျိုးသားစာပေတစ်သက်တာဆုကိုတစ်ဦးလျှင် ငွေကျပ် သိန်း ၁၀၀ ချီးမြှင့်မည်ဖြစ်ပြီး အမျိုးသားစာပေဆုများကို တစ်ဆုလျှင် ငွေကျပ် သိန်း ၃၀ ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီကို စာပေပညာရှင်၊ အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလောကမှ အတွေ့အကြုံရှိသူများ ပါဝင်သော ပုဂ္ဂိုလ် ၂၈ ဦးဖြင့် ဖွဲ့စည်းထားပြီး သက်ဆိုင်ရာဘာသာရပ်အလိုက် ခွဲခြားကာ **ပဏာမအဆင့်၊ ဆန်ခါတင်အဆင့်၊ အတည်ပြုအဆင့်**ဟူသော အဆင့်သုံးဆင့်ဖြင့် စနစ်တကျ စိစစ်ရွေးချယ်ခဲ့ကြကြောင်း သိရှိရသည်။

ဆုရရှိသူများသည် ရန်ကုန်မြို့ အမှတ် (၅၂၉-၅၃၁)၊ကုန်သည်လမ်း၊ စာပေဗိမာန်ရှိ အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီအတွင်းရေးမှူး တယ်လီဖုန်းအမှတ် ၀၁-၂၄၀၀၄၈နှင့် စီမံရေးရာ တယ်လီဖုန်းအမှတ် ၀၁-၃၈၁၄၄၉သို့ အမြန်ဆုံး ဆက်သွယ်ကြရန်နှင့် (၅x၈)လက်မရောင်စုံ ဓာတ်ပုံ နှစ်ပုံနှင့် ပတ်စပို့အရွယ် ရောင်စုံဓာတ်ပုံ နှစ်ပုံစီကို ကိုယ်ရေးရာဇဝင် အကျဉ်းချုပ်နှင့်တကွ (ကြေညာသည့်ရက်မှ တစ်ပတ်အတွင်း) ပေးပို့ရန် နှိုးဆော်ထားကြောင်းသိရသည်။

အဆိုပါဆုများကို၁၃၈၃ခုနှစ်၊ နတ်တော်လဆန်း ၁ ရက် (စာဆိုတော်နေ့)၊ ၂၀၂၁ခုနှစ် ဒီဇင်ဘာလ ၄ ရက် (စနေနေ့)တွင် ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ မိုးကောင်းဘုရားလမ်းရှိ မြဝတီမီဒီယာစင်တာ၌ကျင်းပပြုလုပ်မည့် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုများ ချီးမြှင့်ပွဲအခမ်းအနားတွင် ချီးမြှင့်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ၂၀၂၀ ပြည့်နှစ်အတွက် စာပေဗိမာန်စာမူဆုများ ထုတ်ပြန်ကြေညာ

**နေပြည်တော် နိုဝင်ဘာ ၁၀**

ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၊ စာပေဗိမာန်က ကြီးမှူးကျင်းပသည့် ၂၀၂၀ ပြည့်နှစ်အတွက် စာပေဗိမာန်စာမူဆုပြိုင်ပွဲတွင် ဆုရရှိသောစာမူများနှင့် စာရေးဆရာများ၏ အမည်စာရင်းကို စာပေဗိမာန်စာမူဆုစိစစ်ရွေးချယ်ရေးအဖွဲ့က ယနေ့ထုတ်ပြန်ကြေညာသည်။

ဝတ္ထုရှည်ဆုတွင် **ပထမဆုကို ညိမ်းညို၏ မလင်းဘယ်ခါရှိပါ့မယ်၊ ဒုတိယဆုကို ကံမြင့်မော်၏ မေတ္တာရှိရင်းစွဲမို့ လွဲနိုင်ပါဘူးရှင်၊ တတိယဆုကို တင်လင်းဇော်၏ လေဆန်သည့်ငှက်၊ လှိုင်းထက်ကလှေ** စာမူများကလည်းကောင်း၊ ဝတ္ထုတိုပေါင်းချုပ်ဆုတွင် **ပထမဆုကို သိန်းဇော်(ရွှေလီဦး)၏ ဖားဝိဇ္ဇာနှင့် ကျေးရွာအလှဝတ္ထုတိုများ၊ ဒုတိယဆုကို မင်းလပြည့်(ဟားခါး)၏ မိုးယံထက်ကအလှပန်းများနှင့် အခြားဝတ္ထုတိုများ၊ တတိယဆုကို တင်တော်၏ ပွဲကိုင်ရှင်တို့၏ နှလုံးသားအလှနှင့် ဝတ္ထုတိုများစုစည်းမှု** စာမူများကလည်းကောင်း၊ ကဗျာပေါင်းချုပ်ဆုတွင် **ပထမဆုကို ကောင်းနွဲ့၏ ရာသီမြုံလုံးချင်းကဗျာများ၊ ဒုတိယဆုကို ကျော်သက်ခိုင်(မုံရွာ)၏ မြန်မာဂန္ထဝင်ရနံ့လက်ရွေးစင်ကဗျာများ၊ တတိယဆုကို ကနောင် နိုင်နွယ်ဦး၏ နေနှင့်လမင်းအလင်းသစ္စာကဗျာများ** စာမူများကလည်းကောင်း၊ **သုတပဒေသာ(ဝိဇ္ဇာ)ဆုတွင် ပထမဆုကို ယဉ်ယဉ်မွန်(ရှေးဟောင်း သုတေသန)၏ ဒွတ္တပေါင်မင်းကြီးနှင့် ကမ္ဘာ့အမွေအနှစ်စာရင်းဝင် သရေခေတ္တရာ၊ ဒုတိယဆုကို ဦးညွန့်ဝေ (ဘီအေဘီအီးဒီ)၏ မြန်မာ့သုတပညာရေးမှတ်တိုင်များ၊ တတိယဆုကို လွင်မြန်မာ(မန်းတက္ကသိုလ်)၏ ပအိုဝ်းရိုးရာဒုံးလွှတ်ခြင်းဓလေ့နှင့် ဗမာဒုံးချင်းကဗျာများ** စာမူများကလည်းကောင်း၊ **သုတပဒေသာ(ရိုးရိုးသိပ္ပံနှင့်အသုံးချသိပ္ပံ)ဆုတွင် ပထမဆုကို အောင်စိုး (စိုက်ပျိုး/၁၀၇)၏ အရိပ်ရပင်နှင့်ပန်းအလှပင်များ၊ ဒုတိယဆုကိုဆွေဆွေအုန်း (ရန်ကုန်တက္ကသိုလ်)၏ သက်စွန့်ဆံဖျားတောင်တက်ခြင်းအားကစား၊ တတိယဆုကို ကိုတူး (သာယာမြိုင်)၏ သားရေခွာ ရုပ်လုံးသွင်းအတတ်ပညာ မိတ်ဆက်**စာမူများကလည်းကောင်း၊ **စာပဒေသာဆုတွင် ပထမဆုကို မြေလတ်မင်းလွင်၏ ဆိုင်းဂီတဖြင့် တိုင်းပြည်အလှဆင်ခြင်း(သို့)အလင်္ကာကျော်စွာစိန်စတင်း၊ ဒုတိယဆုကို ဇာတ်ညွှန်းအကယ်ဒမီ ကိုကိုလေး၏ ဆည်းဆာရသ** စာတမ်းများ၊ **တတိယဆုကို နန္ဒခင်(သက္ကလမြေ)၏ နာပေါင်းကုဋ္ဌေဆရာ မြေဝယ်** စာမူများကလည်းကောင်း၊ **မြန်မာ့ယဉ်ကျေးမှုနှင့်အနုပညာဆိုင်ရာစာပေဆုတွင် ပထမဆုကိုအရှင်ပညာသာမိ၏ မြန်မာနိုင်ငံအတွင်းရှိ အရှေ့ပိုးကရင်လူမျိုးတို့၏ ယဉ်ကျေးမှုဓလေ့ထုံးစံနှင့်စာပေ၊ ဒုတိယဆုကို မင်းသျှင်အောင်(တွံတေး)၏ ကွက်စိပ်ဗေဒသုခုမ၊ တတိယဆုကို အောင်စိုး(တိရစ္ဆာန်ဆေးကုဆရာဝန်)၏ မြန်မာ့ယဉ်ကျေးမှုဆယ့်နှစ်လရာသီ ဓလေ့ထုံးစဉ်လာ** စာမူများကလည်းကောင်း၊ **ကလေးစာပေဆုတွင် ပထမဆုကို ဝတ်ရည်ခင်(ပဲခူး)၏ မြန်မာ့မေတ္တာစွမ်းကမ္ဘာကိုလွှမ်းစေရမည်နှင့် ကလေးဝတ္ထုတိုများ၊ ဒုတိယဆုကို သက်ဦးခင်၏ ဖူးစီဝေလန်း ရောင်စုံပန်းကလေး** ကဗျာများ၊ **တတိယဆုကို ညွှန့်ဝင်း(နတ္တလင်း)၏ တို့လေးလေးစားစားသီဆိုမယ်နှင့် အခြားဝတ္ထုတိုများ** စာမူများကလည်းကောင်း၊ **လူငယ်စာပေဆုတွင် ပထမဆုကို ယဉ်ယဉ်(ဘက်ရဲ)၏ ကြယ်မကြွေသော ထိုကောင်းကင်၊ ဒုတိယဆုကို သက်ဦးခင်၏ ပန်းတစ်ပွင့်လန်းစွင့်ခဲ့ပြီ၊ တတိယဆုကို နွေကံ့ကော်(မြို့လှ)၏ သားသို့ပေးစာများ**စာမူများကလည်းကောင်း ရရှိကြပါသည်။

စာပေဗိမာန်စာမူဆုများကို ပထမဆု ၁၅ သိန်း၊ ဒုတိယဆု ၁၀သိန်း၊ တတိယဆု ၇ သိန်း ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရပါသည်။

စာပေဗိမာန်စာမူဆုများကို စာပေပညာရှင်၊ အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလောကမှ အတွေ့အကြုံရှိသူများပါဝင်သော ပုဂ္ဂိုလ် ၂၄ ဦးဖြင့် ဖွဲ့စည်းထားပြီး ၂၀၂၀ ပြည့်နှစ် ပြိုင်ပွဲသို့ တင်သွင်းလာသော စာမူ ၂၅၉ စောင်ကို သက်ဆိုင်ရာဘာသာရပ်အလိုက် ခွဲခြားကာ **ပဏာမအဆင့်၊ ဆန်ခါတင်အဆင့်၊ အတည်ပြုအဆင့်**ဟူသော အဆင့်သုံးဆင့်ဖြင့် စနစ်တကျ စိစစ်ရွေးချယ်ခဲ့ကြကြောင်း သိရှိရသည်။

ဆုရရှိသူများသည် ရန်ကုန်မြို့ အမှတ် (၅၂၉-၅၃၁)၊ကုန်သည်လမ်း၊ စာပေဗိမာန်ရှိ စာပေဗိမာန် စာမူဆုစိစစ်ရွေးချယ်ရေးအဖွဲ့အတွင်းရေးမှူး တယ်လီဖုန်းအမှတ် ၀၁-၂၄၀၀၄၈ နှင့် စီမံရေးရာဌာန ၀၁-၃၈၁၄၄၉ သို့ အမြန်ဆုံးဆက်သွယ်ကြရန်နှင့် (၅x၈) လက်မရောင်စုံဓာတ်ပုံနှစ်ပုံနှင့် ပတ်စပို့အရွယ် ရောင်စုံဓာတ်ပုံ နှစ်ပုံစီကို ကိုယ်ရေးရာဇဝင် အကျဉ်းချုပ်နှင့်တကွ (ကြေညာသည့်ရက်မှ တစ်ပတ်အတွင်း) ပေးပို့ရန် နှိုးဆော်ထားကြောင်းသိရသည်။

အဆိုပါဆုများကို ၁၃၈၃ ခုနှစ်၊ နတ်တော်လဆန်း ၁ ရက် (စာဆိုတော်နေ့)၊ ၂၀၂၁ ခုနှစ် ဒီဇင်ဘာလ ၄ ရက် (စနေနေ့)တွင် ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ မိုးကောင်းဘုရားလမ်းရှိ မြဝတီမီဒီယာစင်တာ၌ ကျင်းပပြုလုပ်မည့် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန် စာမူဆုများ ချီးမြှင့်ပွဲအခမ်းအနားတွင် ချီးမြှင့်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

၂၀၂၁ခုနှစ်အတွက် စာမူပြိုင်ပွဲဝင်လိုသူများအနေဖြင့် စာမူများကို ၃၁-၁၂-၂၀၂၁ရက်နေ့ နောက်ဆုံးထား၍ စာပေဗိမာန်ရုံးသို့ လာရောက်ပေးပို့ရန် နှိုးဆော်ထားကြောင်း သိရှိရသည်။ **သတင်းစဉ်**

❑ *ကျောဖုံးမှ*

ပြင်ပဖြေဆိုရန် လျှောက်လွှာတင်သွင်းသူများသည် သက်ဆိုင်ရာမြို့နယ်ပညာရေးမှူးရုံးများတွင် ဖြေဆိုခွင့်လျှောက်လွှာ တစ်စောင်လျှင် (၂၀၀ိ/-)ကျပ်နှင့် စာမေးပွဲဝင်ကြေးအတွက် (၇၀၀ိ/-) ကျပ်တန်ငွေသွင်း တံဆိပ်ခေါင်းများ ဝယ်ယူပြီး ဝင်ခွင့်လျှောက်လွှာ၏ လက်ဝဲဘက်ထိပ်ပိုင်းတွင်ကပ်၍ မိမိတို့ အမှန်တကယ် နေထိုင်သည့်မြို့နယ်ရှိ မြို့နယ်ပညာရေးမှူးရုံးတွင် သတ်မှတ်ရက်အတွင်း အချိန်မီတင်သွင်းကြရမည်ဖြစ်ကြောင်း။

သတ်မှတ်ထားသောရက်များအတွင်း အချိန်မီပေးပို့ခြင်းမရှိသူများသည် စာမေးပွဲဖြေဆိုခွင့်ရရှိကြမည် မဟုတ်ကြောင်းနှင့် စာဖြေသူတင်သွင်းသည့် စာမေးပွဲဖြေဆိုခွင့်လျှောက်လွှာနှင့် ဖြေဆိုခွင့်ကတ်ပြားတွင် ဖော်ပြပါရှိသည့် ဘာသာတွဲမှအပ အခြားဘာသာတွဲသို့ ပြောင်းလဲဖြေဆိုခွင့်ပြုမည်မဟုတ်သဖြင့် မိမိဖြေဆိုမည့် ဘာသာတွဲအလိုက် ပုံစံများ မှန်ကန်မှု ရှိ/မရှိ သေချာစွာ စစ်ဆေးပြီး မှန်ကန်စွာ ဖြည့်စွက်ပေးပို့ကြရန် သတိပြုစေလိုကြောင်း။

ကျောင်းများယာယီပိတ်ထားသဖြင့် ကျောင်းဖွင့် ရက်နောက်ကျသော တိုင်းဒေသကြီး/ပြည်နယ် ကိုးခုမှ မြို့နယ် ၄၆ မြို့နယ်ရှိ အခြေခံပညာကျောင်းများ၏ ကျောင်းသား ကျောင်းသူများနှင့် ပြင်ပဖြေဆိုမည့်သူများအတွက် လျှောက်လွှာရောင်းချခြင်း နှင့် ပြန်လည်ပေးပို့ခြင်းတို့ကို သတ်မှတ်ရက်တိုးမြှင့်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဖော်ပြထားသည်။ **သတင်းစဉ်**

* *ကျောဖုံးမှ*

မှစတင်၍ ရေဒီယိုတေးသီချင်းများ၊ ရုပ်ရှင် တေးသီချင်းများ၊ ရောင်းတန်းခေတ်ပြားသီချင်းများ ရေးသားခဲ့သူဖြစ်သည်။ ဆရာကြီး၏ အထင်ရှားဆုံး တေးသီချင်းမှာ တိမ်တမန်သီချင်းဖြစ်သည်။ ဆရာကြီးသည် ၁၉၅၂ ခုနှစ်မှ ၁၉၇၀ ပြည့်နှစ်အတွင်းတွင်လည်း တက္ကသိုလ် တေးယဉ်ယဉ်၊ အပျော်တမ်း တူရိယာအဖွဲ့နှင့် ဂီတဉ္စလီတူရိယာအဖွဲ့ ဖွဲ့စည်း၍ မြန်မာ့အသံမှ ရေဒီယိုတေးသီချင်းများ ရေးသား ဖျော်ဖြေတင်ဆက်ခဲ့သူဖြစ်ပြီး သီချင်းများစွာကိုလည်း ကိုယ်တိုင်သီဆိုခဲ့သူတစ်ဦးဖြစ်သည်။

ဆုရရှိမှုနှင့် ပတ်သက်၍ ပြောကြားရာတွင် ဆရာကြီးက "အခုလို ၂၀၂၀ ပြည့်နှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆုရတာ အလွန်ပဲ ကျေနပ်ပီတိဖြစ်ရပါတယ်။ ကျွန်တော်က အသက် ၁၆ နှစ်ကတည်းက စာတွေစရေးဖြစ်ခဲ့တာ။ ပြောရရင် ရှစ်တန်း၊ ကိုးတန်းလောက်ကတည်းကပေါ့။ စာပေနဲ့ပတ်သက်လို့ ပြောရရင် ကဗျာတွေ စတင်ရေးဖြစ်ခဲ့တာများပါတယ်။ နောက်တော့မှ ဘာသာပြန် ဝတ္ထုကို ရေးဖြစ်ခဲ့တာ။ ကဗျာကတော့ အတော်များများရေးဖြစ်ခဲ့တယ်။ စာပေအနုပညာနဲ့ ပတ်သက်လို့ကတော့ အခု အသက် ၉၀ နီးပါးဖြစ်တဲ့ အချိန်ထိ စိတ်အားထက်သန်စွာနဲ့ ကိုယ်တတ်နိုင်တဲ့ဘက်ကနေ ပါဝင်ဆောင်ရွက်နေပါသေးတယ်" ဟု ရင်ဖွင့်ပြောကြားသည်။

**ဦးစိန်လှိုင် (သူရဇော်)**

**အမျိုးသားစာပေတစ်သက်တာဆုရှင်**

"အခုလို ကျွန်တော့်အနေနဲ့ အမျိုးသားစာပေတစ်သက်တာဆုရတဲ့အတွက် ၁၈ နှစ်သားမှစလို့ ကဗျာကို အစွမ်းကုန်လေ့လာရေးဖွဲ့ခဲ့ပြီး ဘဝတစ်လျှောက် ကဗျာကိုအခြေခံတဲ့ စာပေတွေရေးသားခဲ့ရကျိုး၊ စာပေကိစ္စအဝဝကို ယခုအသက် ၈၀ ကျော်သည်အထိ တစိုက်မတ်မတ် ဆောင်ရွက်ခဲ့ရကျိုးနပ်ပြီလို့ ခံယူမိတယ်။ လတ်တလောမှာလည်း ကလောင်နှစ်မျိုးနဲ့ ကဗျာတွေ၊ စာတွေရေးသားနေဆဲဖြစ်ပြီး နောင်မှာလည်း စာရေးနိုင်သေးသရွေ့ ကလောင်ကို ခိုင်ခိုင်မြဲမြဲ စွဲကိုင်သွားမယ်လို့ ဆုံးဖြတ်ထားပါတယ်။ စာပေဆိုတာ လေ့လာလိုက်စားလို့ မကုန်ခန်းနိုင်တဲ့ ရတနာတစ်မျိုးလို့ ခံယူထားပါတယ်။ အနာဂတ် လူငယ်တွေအနေနဲ့ပြောရရင် စာပေသည်သာ ဘဝရဲ့ မီးရှူးတန်ဆောင်လို့ သဘောပိုက်ပြီး ဖတ်ရှုလေ့လာခြင်း၊ ရေးသားခြင်းတွေ လုပ်ဆောင်ခြင်းဖြင့် နိုင်ငံတော်အကျိုးကို သယ်ပိုးထမ်းရွက်နိုင်ပါစေလို့ တိုက်တွန်းလိုပါတယ်" ဟု ပြောကြားသည်။


ဦးစိန်လှိုင် (သူရဇော်)
အမျိုးသားစာပေတစ်သက်တာဆုရှင်

ဆရာကြီးအား မြန်မာသက္ကရာဇ် ၁၃၀၂ ခုနှစ်တွင် တွံတေးမြို့နယ် ဟံသာဝတီခရိုင် ကင်းရွာ ကျေးရွာ၌ အဖ ဦးအောင်ခင်- အမိ ဒေါ်စိန်ပုတို့က မွေးဖွားခဲ့သည်။ ဆရာကြီးသည် ၂၀၁၉ ခုနှစ်တွင် ပခုက္ကူ ဦးအုံးဖေစာပေဆု (ကျမ်းစာပေ) ပထမဆုကို စာမရီ စာမူဖြင့် ရရှိခဲ့သည်။ ဆရာကြီးသည် စာပေနှင့် ပတ်သက်၍ စာအုပ်ပေါင်းမြောက်မြားစွာ ရေးသားခဲ့သူဖြစ်ပြီး ယနေ့တိုင် စာပေသည်သာ အသက်ဟု ထင်မှတ်ကာ လူငယ်များကို မီးမောင်းထိုးပေးနေသူ တစ်ဦးလည်းဖြစ်သည်။


ဒေါ်ချိုချိုတင်(မစန္ဒာ)
အမျိုးသားစာပေတစ်သက်တာဆုရှင်

**ဒေါ်ချိုချိုတင်(မစန္ဒာ)**

**အမျိုးသားစာပေတစ်သက်တာဆုရှင်**

ဆရာမကြီးအား ၁၉၄၇ ခုနှစ် စက်တင်ဘာ ၄ ရက်တွင် ဖခင် ဦးထွန်းတင် (စာရေးဆရာ မန်းတင်)၊ မိခင် ဒေါ်သန်းတင်တို့က မွေးဖွားခဲ့သည်။ မြို့မ အမျိုးသမီးကျောင်းတွင် ပညာသင်ကြားခဲ့ပြီး ၁၉၆၅ ခုနှစ်တွင် စက်မှုတက္ကသိုလ်တက်ရောက်ခဲ့ကာ ၁၉၇၁ ခုနှစ်တွင် ဗိသုကာဘွဲ့ရရှိခဲ့သည်။ ၁၉၆၅ ခုနှစ်၌ ငွေတာရီမဂ္ဂဇင်းတွင် ပါဝင်ခဲ့သော ကျွန်မ ဆရာမ ဝတ္ထုတိုဖြင့် စာပေလောကသို့ ဝင်ရောက်လာခဲ့သည်။ ၁၉၇၂ ခုနှစ်တွင် ပထမဆုံး လုံးချင်းဝတ္ထု ဖြစ်သော ငယ်သူမို့မသိပါ ကို ရေးသားခဲ့သည်။

ယခုရရှိသော အမျိုးသားစာပေ တစ်သက်တာဆုနှင့်ပတ်သက်၍ ဆရာမကြီးက " တစ်သက်တာစာပေဆုဆိုတာ ကိုယ်တစ်သက်လုံး နှစ်ပေါင်းများစွာ ရေးသားခဲ့တဲ့ စာတွေအပေါ်မှာ အကဲဖြတ်ပြီး ရွေးချယ်တာဖြစ်လို့ ဂုဏ်ယူဝမ်းမြောက်မိတယ်။ တိုင်းပြည်လည်း အေးချမ်းမယ်၊ ပြည်သူအများလည်း ကျန်းမာပျော်ရွှင်နေကြမယ် ဆိုရင်တော့ ပိုပြီးပျော်ရွှင်မိမှာပါ။ စာပေနဲ့ပတ်သက်လို့ကတော့ လူငယ်တွေ မကဘဲ လူကြီးတွေပါ အားလုံးစာဖတ်ကြပါလို့ ပြောချင်ပါတယ်။ ကျွန်မ ကြားဖူးတာက ကံချင်းတူရင် ဉာဏ်ရှိတဲ့သူက သာတယ်၊ ကံနဲ့ ဉာဏ်တူရင် ဝီရိယရှိသူက သာတယ်၊ ကံ၊ ဉာဏ်၊ ဝီရိယတူရင် စာဖတ်တဲ့သူက သာတယ်တဲ့။ စာကြည့်တိုက်တွေနဲ့ အင်တာနက်ကို အကျိုးရှိရှိအသုံးချသူများလာရင် ကျွန်မတို့ တိုင်းပြည် အများကြီးတိုးတက်လာမှာပါ"ဟု ပြောကြားသည်။

ဆရာမကြီးသည် ယနေ့တိုင် မဂ္ဂဇင်း၊ ဝတ္ထုတို၊ ဝတ္ထုရှည်ပေါင်း ၂၀၀ ကျော် ရေးသားခဲ့သူဖြစ်ပြီး လုံးချင်းဝတ္ထု ၁၃ အုပ်နှင့် ဝတ္ထုလတ်များကိုလည်း ရေးသားခဲ့သည်။ မဂ္ဂဇင်းဝတ္ထုတိုများကိုလည်း အမှတ်စာ ၉ အထိ ထုတ်ဝေခဲ့ပြီးဖြစ်သည်။ ဆရာမကြီး ရေးသားခဲ့သော ဝတ္ထုအချို့နှင့် လုံးချင်းဝတ္ထု အချို့ကို ရုရှား၊ ဂျပန်၊ တရုတ်၊ ဂျာမနီနှင့် ထိုင်းဘာသာများသို့လည်း သက်ဆိုင်ရာ နိုင်ငံအသီးသီးတွင် ပြန်ဆိုခဲ့သည်။ ၁၉၉၄ ခုနှစ်တွင် ဘဝအိပ်မက် ပန်းအိပ်မက်၊ ၁၉၉၉ ခုနှစ်တွင် ဝတ္ထုတိုများ(၃)၊ ၂၀၀၂ ခုနှစ်တွင် ဆဠင်္ဂ၊ ၂၀၀၆ ခုနှစ်တွင် ပန်းပွင့်ခရေနှင့် အခြားဝတ္ထုများစာအုပ်တို့ဖြင့် အမျိုးသားစာပေဆု လေးကြိမ်ရရှိခဲ့ပြီးဖြစ်သည်။

ဆရာမကြီး၏ ထင်ရှားသောဝတ္ထုများမှာ ငယ်သူမို့ မသိပါ၊ ဂျီဟောသူ၊ နှင်းဆီ၊ ဘဝအိပ်မက် ပန်းအိပ်မက်၊ အရိပ်နှင့် ဆဠင်္ဂတို့ဖြစ်သည်။ လုံးချင်းဝတ္ထု ၁၃ အုပ်အနက် ၁၁ အုပ်မှာ ရုပ်ရှင်ဇာတ်လမ်းများအဖြစ် ကူးပြောင်းရိုက်ကူးခံခဲ့ရသည်။ လက်ရှိတွင်လည်း စာရေးဆရာအသင်း၌ ဒုတိယဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

တွေ့ဆုံမေးမြန်း-မြင့်မိုရ်၊ လင်းရာမ
ဓာတ်ပုံ - မင်းထက်ထက်

## အမျိုးသားစာပေဆု ရွေးချယ်ခံရသောစာအုပ်များနှင့် စာရေးဆရာများ၏ အမည်စာရင်း

| စဉ် | ဆုအမျိုးအစား | စာရေးသူ | စာအုပ်အမည် |
|---|---|---|---|
| ၁ | ဝတ္ထုရှည်ဆု | မခြူးပွင့် | ပျောက်ဆုံးသွားသောနှင်းစက်များ (သို့မဟုတ်) နှင်းစက်ပုံပြင် |
| ၂ | ကဗျာ(ဂန္ထဝင်)ဆု | ချစ်စုအောင် | မြင်းမိုရ်စိတ်ကူး ကဗျာများ |
| ၃ | ကဗျာ(ခေတ်ပေါ်)ဆု | အောင်ကောင်းမြစ် | ဒီနေ့ပန်းတွေပွင့်တယ် |
| ၄ | စာပဒေသာဆု | မြသန်းစံ | ပါမောက္ခချုပ် ဆရာတော် ဒေါက်တာအရှင်နန္ဒမာလာဘိဝံသ၏ ဘဝခရီးနှင့်ဓမ္မဆီမီး |
| ၅ | မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာဆု | နိုင်ဇော် | ရှေးဟောင်းယဉ်ကျေးမှုအစဉ်အလာ အမွေအနှစ် တက္ကသိုလ်ပညာ သင်ကြားခဲ့ရာများ |
| ၆ | ဘာသာပြန်(သုတ)ဆု | ရဲမင်းဝင်း | ပစ်မှတ် |
| ၇ | သုတပဒေသာ(ဝိဇ္ဇာ)ဆု | ဒေါက်တာအောင်မြင့်ဦး | စာပေပင်လယ်ထဲက ကဗျာလှိုင်းကလေး |
| ၈ | သုတပဒေသာ(အသုံးချသိပ္ပံ)ဆု | ဒေါက်တာဦးလှကြည် (ကလေးကျန်းမာရေး) | ကလေးကျန်းမာဖွံ့ဖြိုးရေး၊ နိုင်ငံတိုးတက်မှုနှင့် ခဲဆိပ်အန္တရာယ် |
| ၉ | နိုင်ငံရေးစာပေဆု | မန္တလေး(မဟာဝိဇ္ဇာ) | ဗိုလ်ချုပ်အောင်ဆန်း၏ နိုင်ငံရေးသဘောတရား အမြင်များ |
| ၁၀ | အင်္ဂလိပ်ဘာသာ(သုတ)ဆု | Sithu Dr.Thaw Kaung | Papers from My Shoulder Bag |
| ၁၁ | အင်္ဂလိပ်ဘာသာ(ရသ)ဆု | Aye Phyu | A Motley Collection of My Works |
| ၁၂ | ရသစာတမ်း (အက်ဆေး) စာပေဆု | နိုင်ဝင်းသီ | မြို့ကလေးရဲ့အော်ပရာအက်ဆေးများ |

## မိုးညှင်းမြို့နယ်၌ သဘာဝဘေးအန္တရာယ် ကူညီကယ်ဆယ်ရေး သင်တန်းဖွင့်

**မိုးညှင်း နိုဝင်ဘာ ၁၀**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ဟိုပင်လူငယ်သင်တန်းကျောင်း၌ သဘာဝဘေးအန္တရာယ် ကူညီကယ်ဆယ်ရေးသင်တန်းကို နိုဝင်ဘာ ၈ ရက်က ဖွင့်လှစ်သည်။

အဆိုပါသင်တန်းကို နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းရှိ ကျောင်းသား ကျောင်းသူများအနေဖြင့် သဘာဝဘေးဒဏ်ကျရောက်လာပါက ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို တာဝန်ပေးအပ်လျှင် အချိန်နှင့်တစ်ပြေးညီ သွားရောက်ကူညီ ကယ်ဆယ်ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ဟိုပင်မြို့ ဒုတိယမီးသတ်ဦးစီးမှူး ဦးသိန်းကျော်က သဘာဝဘေးအန္တရာယ် ကူညီကယ်ဆယ်ရေးနည်းလမ်းများကို အသိပညာပေးဟောပြောခြင်း၊ မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်နည်းနှင့် မီးသတ်ယာဉ်ဖြင့် ရေဖျန်းနည်းများ စသည်တို့ကို လက်တွေ့သရုပ်ပြသ သင်ကြားပေးသည်။

ထို့အတူ ဟိုပင်မြို့ ကြက်ခြေနီသူနာပြုတပ်ဖွဲ့မှ တပ်ခွဲမှူး ဦးအောင်မျိုးလွင်က ရှေးဦးသူနာပြုစု နည်းလမ်းများနှင့်အရေးပေါ် အသက်ကယ်ဆယ်ရေးနည်းလမ်းများကို စာတွေ့ဖြင့်လည်းကောင်း၊ လက်တွေ့ဖြင့်လည်းကောင်း သင်ကြားပေးသည်။

ယင်းသင်တန်းတွင် လူငယ်သင်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးအောင်သူ ဦးဆောင်သည့် ဝန်ထမ်းများနှင့် သင်တန်းသား သင်တန်းသူ စုစုပေါင်း ၆၈ ဦး ပါဝင်တက်ရောက်ခဲ့ကြပြီး အဆိုပါသင်တန်းကို ရက်သတ္တတစ်ပတ်အကြာ ဖွင့်လှစ်သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

ဇွဲသူရအောင်
(ပြန်/ဆက်)

# ကျူးကျော်စစ်ပွဲများမှ အတိတ်သမိုင်းသင်ခန်းစာများ

မြင့်မြတ်

ကျွန်တော်တို့ဟာ ပစ္စုပ္ပန်မှာ မိမိဘဝနဲ့ မိမိလူ့အဖွဲ့အစည်းအတွက် ကောင်းမွန် တိုးတက်အောင် စံနှုန်းတွေနဲ့အညီ ကြိုးစားနေထိုင်နေကြရတဲ့သူတွေချည်းပါပဲ။ ဒီလိုကြိုးစားရာမှာ အတိတ်ကိုလည်း မေ့ထားလို့မရတဲ့အပြင် ထိုအတိတ်ဆီကပဲ သင်ယူလေ့လာစရာတွေ၊ သင်ခန်းစာယူစရာတွေ အများကြီးရှိနေတဲ့အတွက် ရယူတတ်မယ်ဆိုရင် လွန်စွာအကျိုးရှိပါလိမ့်မယ်။ အတိတ်က ကိုယ့်အမှားတွေကို သုံးသပ်အဖြေရှာနိုင်ဖို့အပြင် သူများရဲ့အမှားမှလည်း သင်ခန်းစာယူနိုင်မှ၊ လေ့လာနိုင်မှသာ ပစ္စုပ္ပန်ကိုတန်ဖိုးထားတတ်ပြီး အနာဂတ်စိန်ခေါ်မှုတွေကို မှန်မှန်ကန်ကန်နဲ့ ရင်ဆိုင်ဖြေရှင်းနိုင်မှာဖြစ်တယ်လို့ ယုံကြည်မိပါတယ်။

### ကမ္ဘာမြေပေါ် နောက်ထပ် Failed state တစ်ခု မပေါ်ပေါက်ရေး သမိုင်းပေးတာဝန်

မြန်မာနိုင်ငံဆိုတာ ကိုယ့်သမိုင်းကြောင်းနဲ့ကိုယ်၊ ကိုယ့်အစဉ်အလာနဲ့ကိုယ် ရပ်တည်နေတာဖြစ်တယ်။ ကိုယ့်နိုင်ငံတော်ဟာ ကမ္ဘာ့အကြီးဆုံး၊ အားအကောင်းဆုံး၊ အဖွံ့ဖြိုးဆုံး လူသားအရင်းအမြစ်ကြီး နှစ်ခုအကြားမှာ တည်ရှိနေပါတယ်။ သဘာဝက ပေးထားတဲ့ ရေခံမြေခံနဲ့ ပေါကြွယ်ဝတဲ့ သယံဇာတများစွာ ပိုင်ဆိုင်ထားတဲ့ မြန်မာနိုင်ငံဟာ အင်အားကြီးတွေက သူတို့အကျိုးစီးပွားအတွက် အာရုံစိုက်မှုခံနေရပြီး geopolitics အရလည်း key player တစ်ခုဖြစ်နေတဲ့အတွက် ကိုယ့်နိုင်ငံရဲ့ အနေအထားကို ဘယ်လိုမှမေ့ထားလို့ မရပါဘူး။

သူတို့အကျိုးစီးပွားအတွက် အသည်းအသန်လိုအပ်လာပြီဆိုရင် စစ်တိုက်ဖို့ ဝန်မလေးတတ်ကြတဲ့ Power struggle တွေကြားမှာ ကြားမညပ်ဖို့ အမြဲသတိထားနေရတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ ကမ္ဘာမီးလောင် သားကောင်ချနင်း၊ မတရားချောက်တွန်း၊ အမှုဆင်အနိုင်ကျင့်၊ မျောက်ပြဆန်တောင်း၊ မျက်ရည်ချူပြီး ထောင်ချောက်ဆင်လိုသူတွေကြားမှာ ရှင်သန်ရပ်တည်နေရတဲ့ နိုင်ငံတစ်နိုင်ငံအနေနဲ့ ကမ္ဘာမြေပေါ်မှာ နောက်ထပ်ကျဆုံးနိုင်ငံ(Failed state)တစ်ခု ထပ်မံ မပေါ်ပေါက်စေရေးဟာ နိုင်ငံသားအားလုံးရဲ့ သမိုင်းပေးတာဝန်တစ်ရပ်လည်းဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ဟာ အတိတ်က အီရတ်၊ လစ်ဗျား၊ ဆီးရီးယားနိုင်ငံတွေရဲ့ ကျဆုံးခြင်း သမိုင်းဖြစ်စဉ်တွေထံက သင်ခန်းစာတွေကို ထုတ်နုတ်ကြည့်နိုင်ဖို့ ယနေ့ခေတ်မှာ အထူးလိုအပ်လာပါတယ်။

### အီရတ်၊ လစ်ဗျား၊ ဆီးရီးယားနမူနာ

အီရတ်၊ လစ်ဗျား၊ ဆီးရီးယားစတဲ့ နိုင်ငံတွေမှာ နိုင်ငံခြားတပ်တွေ ဝင်ရောက်မွှေနှောက်လို့ မီးဟုန်းဟုန်းတောက်ခဲ့တဲ့အခြေအနေတွေ၊ ဘဝပျက်သွားခဲ့တဲ့ ပြည်သူတွေကိုကြည့်ပြီး သင်ခန်းစာယူတတ်ရပါမယ်။ စစ်ကိုခေါ်ခဲ့ကြလို့ စစ်ပွဲတွေကို လက်ခံခဲ့ကြတယ်။ အမုန်းတရားတွေ မွေးခဲ့ကြလို့ ပဋိပက္ခတွေ ဆိုက်ခဲ့ကြရတယ်။

အမှန်ခံရတာက ကြားကအပြစ်မဲ့ မြေစာပင်



အမေရိကန်နှင့် မဟာမိတ်တပ်ဖွဲ့များ အီရတ်ကို သိမ်းပိုက်ပြီးနောက် ဖော်လူဂျာမြို့၌ ထိခိုက်ပျက်စီးမှုများကို တွေ့ရစဉ်။

ပြည်သူလူထုတွေ ၊ အသက်အိုးအိမ် စည်းစိမ်တွေ၊ ဗုံးဒဏ်၊ အမြောက်ဒဏ်အောက်က မီးလောင်ပြင်တစ်စစီနဲ့ အသက်မဲ့မြို့တွေ ရွာတွေ၊ ပျက်သုဉ်းသွားတဲ့ မူလလူ့အဖွဲ့အစည်းရဲ့ ယဉ်ကျေးမှုတွေ၊ ပြန်လည်ကုစားရခက်သွားတဲ့ လူမှုစံနှုန်းတွေ အများကြီးပေးဆပ်လိုက်ကြရတယ်။ ဆုံးရှုံးမှုတွေကိုပြန်လည်ကုစားဖို့ခုထိ နာလန်မထူနိုင်သေးပါဘူး။ အချင်းချင်းလည်း စည်းလုံးညီညွတ်မှုတွေပြိုကွဲသွားပြီး ယခုအချိန်အထိ တိုက်လို့ခိုက်လို့ မပြီးကြသေးပါ။ ကိုယ့်နိုင်ငံရဲ့ အဆီအနှစ်တွေကို ထုတ်ယူခံခဲ့ကြရပြီး အချင်းချင်းရန်တိုက်ပေးတာ ခံခဲ့ကြရတဲ့အတွက် မဖြေရှင်းနိုင်သေးတဲ့ ဇာတ်ရှုပ်ကြီးထဲမှာ ပြည်သူတွေသာ အရှုံးသမား ဖြစ်နေကြရတယ်။ သိမ်းပိုက်ခံနိုင်ငံတွေဟာ ကျဆုံးနိုင်ငံ(Failed state) တွေဖြစ်သွားကြရတယ်ဆိုတာ သဘောပေါက်သင့်ပါတယ်။

### အတိတ်သင်ခန်းစာအပိုင်း(၁)အီရတ်

သမိုင်းအစဉ်အလာကြီးမားပြီး ဒေသတွင်း သြဇာကြီးမား၊ ချမ်းသာကြွယ်ဝတဲ့ အီရတ်နိုင်ငံရဲ့ ကြမ္မာဆိုးဟာ ရှစ်နှစ်ကြာ အီရန်နဲ့ စစ်ပွဲအပြီးမှာ စတင်ခဲ့တယ်လို့ ဆိုရပါမယ်။ ၁၉၉၁ မှာ အီရတ်ဟာ ကူဝိတ်ကိုဝင်ရောက်ကျူးကျော်တိုက်ခိုက်ခဲ့တယ်။ ကူဝိတ်ဆိုတာ ယခင်က အီရတ်ပိုင်ဖြစ်ခဲ့တယ်။ ရေနံကြောင့်ပဲ အမေရိကန်က ကူဝိတ်ကို အီရတ်လက်အောက် ကျရောက်ခွင့်မပေးခဲ့ခြင်းဖြစ်တယ်ဆိုတာ သမိုင်းဖြစ်စဉ် ပြန်လှန်ကြည့်ရင် သိပါလိမ့်မယ်။ ထို့နောက် ဒုတိယအကြိမ် ပါရှန်ပင်လယ်ကွေ့စစ်ပွဲကို ရင်ဆိုင်ရပြီး အရှုံးရလဒ်နဲ့အတူ ၁၃ နှစ်ကြာ အနောက်အုပ်စုရဲ့ စီးပွားရေးပိတ်ဆို့မှု ဒဏ်ကို အလူးအလဲခံခဲ့ရတယ်။ အင်အားချည့်နဲ့သွားတဲ့ အီရတ်နိုင်ငံတော်ကြီးဟာ ၂၀၀၃ ခုနှစ်မှာတော့ အမေရိကန်နဲ့ ဗြိတိန်မဟာမိတ်တပ်တွေရဲ့ ဝင်ရောက်တိုက်ခိုက် အပိုင်သိမ်းပိုက်ခြင်းကို ခံလိုက်ရတော့တာပဲ ဖြစ်ပါတယ်။

### အလွယ်တကူ သိမ်းပိုက်ခံရခြင်းရဲ့ မြင်သာသော အကြောင်းတရားများ

အမေရိကန်က အီရတ်ကို ကျူးကျော်တိုက်ခိုက်ခဲ့တဲ့ ဖြစ်စဉ်က သမ္မတ ဂျော့ဘွတ်ရှ် လက်ထက်မှာဖြစ်ခဲ့တယ်။ မခိုင်လုံတဲ့ စွပ်စွဲချက်တွေအောက်မှာ အီရတ်ဟာ စစ်ရှုံးနိုင်ငံဖြစ်ခဲ့ရတယ်။ အမေရိကန်ရဲ့ အဓိကအကြောင်းပြချက်က အီရတ်မှာ ဖျက်အားပြင်း နျူကလီးယား ဇီဝဓာတုလက်နက်ကြီးတွေရှိတယ်ဆိုတဲ့ CIA ရဲ့ သတင်းပေးပို့မှု အမှားတွေနဲ့ အီရတ်နယ်မြေတွေမှာ အကြမ်းဖက်အယ်လ်ကေဒါတွေကို ခိုလှုံအခြေချခွင့်ပေးထားတယ်ဆိုတဲ့ အကြောင်းပြချက်တွေပါပဲ။

အီရတ်ကို အမေရိကန် ဦးဆောင်တဲ့ မဟာမိတ်တပ်တွေ အလွယ်တကူ ဝင်တိုက်ပြီး တစ်နိုင်ငံလုံးကို အချိန်တိုတွင်း သိမ်းပိုက်နိုင်ခြင်းကို လေ့လာတဲ့အခါ နိုင်ငံတွင်း စည်းလုံးညီညွတ်မှုမရှိတာကို တွေ့ရသလို အီရတ်တပ်မတော်နဲ့ ပြည်သူတွေရဲ့ မျိုးချစ်စိတ်ကင်းမဲ့မှု၊ အီရတ်ခေါင်းဆောင် ဆက်ဒမ်ဟူစိန်ရဲ့ အာဏာရှင်ဆန်ပြီး မောက်မာခက်ထန်မှု၊ အနောက်အုပ်စုရဲ့ နိုင်ငံရေးစစ်ရေးထောင်ချောက်ကို မမြင်နိုင်လောက်အောင် စစ်ရေးစွမ်းရည်၊ စည်းရုံးရေးစွမ်းရည် မပြည့်ဝမှု စတဲ့အချက်တွေကို လေ့လာသင်ခန်းစာယူကြရမှာပဲဖြစ်ပါတယ်။

### တမင်ဖန်တီးထားသည့် ထောင်ချောက်နှင့်အတူ ဖိတ်ခေါ်ခံရတတ်သည့်ကျူးကျော်စစ်

နိုင်ငံရေးအရ စည်းလုံးညီညွတ်မှုမရှိတာကတော့ အဆိုးရွားဆုံးလို့ ဆိုရပါမယ်။ ဂိုဏ်းဂဏကွဲ၊ ကာ့ဒ်လူမျိုးကွဲ၊ ဆွန်နီ- ရှီယာ ဘာသာကွဲတွေနဲ့ အပြန်အလှန် လက်စားချေ ဖိနှိပ်သတ်ဖြတ်မှုတွေဟာ မပျောက်ကင်းနိုင်တဲ့ နာတာရှည်ရောဂါတစ်ခုလိုပါပဲ။ မဖြေရှင်းနိုင်တဲ့ ရေရှည်ပဋိပက္ခဟာ ပြည်တွင်းစည်းလုံးညီညွတ်မှုကိုပါ ပြိုကွဲသွားစေပါတယ်။ ကျဉ်းထဲကျပ်ထဲရောက်ရင် အဖြေပေါ်ပါတယ်။ ကိုယ့်လူ သူ့ဘက်သား၊ သူ့လူကိုယ့်ဘက်သားအဖြစ်နဲ့ တောင့်တင်းလှပါတယ်ဆိုတဲ့ အီရတ်တပ်တော်ကြီးအနေနဲ့ မဟာမိတ်အနောက်အုပ်စုတပ်တွေကို လွယ်လွယ်ကူကူ အရှုံးပေးလိုက်ရတဲ့အချက်ဟာ သင်ခန်းစာယူစရာပါပဲ။

အရေးထဲ အရာပေါ်ဆိုသလို အီရတ်စစ်သားတွေရဲ့ မျိုးချစ်စိတ်ကင်းမဲ့မှုကိုလည်း ထည့်တွက်ရပါမယ်။ မိမိအင်အားကို အလွန်အကျွံအထင်ကြီး၊ အင်အားကို အဆမတန်သုံး၊ လူနည်းစုသူပုန်တွေကို အီရတ်တပ်ဖွဲ့တွေက ဓာတုအဆိပ်ပါတဲ့ ဗုံးတွေကြဲပြီး အရပ်သားတွေကိုပါ တိုက်ခိုက်မိတဲ့ ဖြစ်စဉ်ဖြစ်ရပ်တွေကြောင့် ဆန့်ကျင်ဘက်အင်အားစုတွေအပေါ် ကမ္ဘာကအာရုံစိုက်မှုနဲ့ ကရုဏာသက်မှုကို ရရှိသွားစေနိုင်တယ်ဆိုတာကို သတိပြုရပါမယ်။

အကျိုးဆက်က အနောက်အုပ်စုရဲ့ ဖန်တီးထားတဲ့ တစ်ဖက်သတ် မီဒီယာထောင်ချောက်ထဲ ဝင်သွားပြီး တိုင်းရင်းသားတွေအပေါ် စစ်ဆင်နေတဲ့ အီရတ်တပ်ဖွဲ့တွေရဲ့စစ်ဆင်ရေးဧရိယာမှာ လေယာဉ်မပျံသန်းရဇုန် (no fly zone) အဖြစ် အနောက်အုပ်စုရဲ့ စိတ်ကြိုက်သတ်မှတ်ခြင်းခံခဲ့ရတာပါပဲ။ အနောက်အုပ်စုအကွက်ထဲဝင်သွားပြီး ကျူးကျော်စစ်ကို ဖိတ်ခေါ်သလိုဖြစ်သွားတာကတော့ အီရတ်ခေါင်းဆောင်တွေရဲ့ ဆင်ခြင်တုံတရားနဲ့ အမြော်အမြင်နည်းမှုလို့သာ ဆိုရမှာပါပဲ။

### ပြည်ပသိမ်းပိုက်ခံရမှုကြောင့် သွယ်ဝိုက်ပေးဆပ်ခဲ့ကြရတဲ့ ဘဝများ

အီရတ်နိုင်ငံဟာ ၁၉၈၀ ပြည့်နှစ်လောက်ကစပြီး အလျင်အမြန်ဖွံ့ဖြိုးတိုးတက်လာတဲ့ ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံဖြစ်ခဲ့ပြီး အထက်တန်းနဲ့လူလတ်တန်းစား အရေအတွက်ဟာလည်း ဒေသတွင်းမှာ အများဆုံးဖြစ်ပါတယ်။ ကမ္ဘာ့ဘဏ်ရဲ့ မှတ်တမ်းများအရ လူတစ်ဦးချင်းဝင်ငွေလည်း မြင့်မားခဲ့တယ်။ အဲဒီအချိန်၊ အဲဒီကာလမှာ ပိုပြီးလုံခြုံတဲ့ဘဝနဲ့ ကောင်းမွန်လှတဲ့ ကျန်းမာရေးစနစ်တစ်ခုကို အီရတ်နိုင်ငံသားတွေ ပိုင်ဆိုင်ထားပြီးသားလည်း ဖြစ်ပါတယ်။

ဒါပေမယ့် အီရတ် - အမေရိကန် စစ်ပွဲအပြီး ဆယ်စုနှစ်တစ်စုအကြာမှာ စီးပွားရေးပိတ်ဆို့မှုနဲ့ အကြမ်းဖက်မှုဒဏ်ကြောင့် ဒေသတွင်းက အကောင်းဆုံး ကျန်းမာရေးစနစ်ကြီးတစ်ခုဟာ ဗုန်းဗုန်းလဲကျသွားပြီး အထူးသဖြင့် မိခင်နဲ့ ကလေးသေဆုံးနှုန်းဟာ မြင့်တက်လာခဲ့ပါတယ်။ ကာလဝမ်းရောဂါလို ကူးစက်ရောဂါတွေ ပြန်လည်ခေါင်းထောင်လာခဲ့တယ်။ အီရတ်မှာရှိတဲ့ နိုင်ငံခြားတပ်တွေရဲ့ လွဲမှားတဲ့ စီမံခန့်ခွဲမှုနဲ့ ပြည်ပလက်ဝေခံ အီရတ်အစိုးရအတွင်း ခြစား လာဘ်စားမှုတွေအောက်မှာ စီးပွားရေးဟာ ဆုတ်ယုတ်ပျက်ပြားသွားပြီး ဆင်းရဲမွဲတေမှုက ၂၂ ဒသမ ၉ ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့ပါတယ်။ မဖြေရှင်းနိုင်တဲ့ နိုင်ငံရေးကလဲ့စားချေမှု၊ ပဋိပက္ခတွေနဲ့ လူမှုစီးပွားဘဝ နာတာရှည်ရောဂါပေါင်းစုံကို နှစ်ရှည်လများ အီရတ်ပြည်သူတွေ ခံစားနေရတာ ယနေ့ထိတိုင်ပါပဲ။

အထူးသဖြင့် ဆင်းရဲချမ်းသာ ကွာဟချက် အလွန်ကြီးမားလာခြင်းပဲဖြစ်တယ်။ ပြဿနာက လမ်းတံတားစတဲ့ အခြေခံအဆောက်အအုံတွေ ပျက်စီးယိုယွင်းမှု၊ စစ်ပွဲတွေကြောင့် နည်းပညာနောက်ကျမှုနဲ့အတူ အီရတ်ပြည်သူတွေရဲ့ အဓိကအားထားရာဖြစ်တဲ့လယ်ယာကဏ္ဍဟာ လုံးဝနာလန်မထူနိုင်ဖြစ်ပြီး အစာရေစာ မလုံလောက်မှုဒဏ်ကို အမေရိကန်ဝင်ရောက်ပြီး ၁၀ နှစ်ခန့်အထိ အပြင်းအထန်ခံစားခဲ့ကြရပါတယ်။ *စာမျက်နှာ ၁၁ သို့*

> **“အမှန်ခံရတာက ကြားကအပြစ်မဲ့မြေစာပင် ပြည်သူလူထုတွေ၊ အသက်အိုးအိမ် စည်းစိမ်တွေ၊ ဗုံးဒဏ်၊ အမြောက်ဒဏ်အောက်က မီးလောင်ပြင်တစ်စစီနဲ့ အသက်မဲ့မြို့တွေ ရွာတွေ၊ ပျက်သုဉ်းသွားတဲ့ မူလလူ့အဖွဲ့အစည်းရဲ့ ယဉ်ကျေးမှုတွေ၊ ပြန်လည်ကုစားရခက်သွားတဲ့ လူမှုစံနှုန်းတွေ အများကြီးပေးဆပ်လိုက်ကြရတယ်။ ဆုံးရှုံးမှုတွေကို ပြန်လည်ကုစားဖို့ ခုထိနာလန်မထူနိုင်သေးပါဘူး။ အချင်းချင်းလည်း စည်းလုံးညီညွတ်မှုတွေပြိုကွဲသွားပြီး ယခုအချိန်အထိ တိုက်လို့ခိုက်လို့ မပြီးကြသေးပါ။ ကိုယ့်နိုင်ငံရဲ့ အဆီအနှစ်တွေကို ထုတ်ယူခံခဲ့ကြရပြီး အချင်းချင်းရန်တိုက်ပေးတာ ခံခဲ့ကြရတဲ့အတွက် မဖြေရှင်းနိုင်သေးတဲ့ ဇာတ်ရှုပ်ကြီးထဲမှာ ပြည်သူတွေသာ အရှုံးသမား ဖြစ်နေကြရတယ်။ သိမ်းပိုက်ခံနိုင်ငံတွေဟာ ကျဆုံးနိုင်ငံ (Failed state) တွေ ဖြစ်သွားကြရတယ်ဆိုတာ သဘောပေါက်သင့်ပါတယ်”**

# ပြည်တွင်းလေယာဉ်စီး ခရီးသည်များအတွက် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲစစ်ဆေးပေးမည့်အစီအစဉ် အသိပေးကြေညာခြင်း

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအား အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်မှုကြောင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုတတိယလှိုင်းအား အတိုင်းအတာတစ်ခုအထိ ထိန်းချုပ်လာနိုင်ပြီဖြစ်၍ ရောဂါထိန်းချုပ်ရေးဆိုင်ရာ ကန့်သတ်ချက်များအား တစ်ဆင့်ချင်းဖြေလျှော့ပေးလျက်ရှိရာ ပြည်တွင်းလေယာဉ်စီးခရီးသည်များ အဆင်ပြေချောမွေ့စေရေးအတွက် ခရီးစဉ်မတိုင်မီ ၄၈ နာရီအတွင်း RDT ဖြင့် ကိုဗစ်-၁၉ ရောဂါပိုးမရှိကြောင်း ဓာတ်ခွဲစမ်းသပ်ချက်ကို Check-in ဝင်သည့်အချိန်၌ တင်ပြနိုင်ရန်အတွက် -

(က) ခရီးစဉ်မတိုင်မီ ၄၈ နာရီထက် နောက်မကျစေဘဲ ကိုဗစ်-၁၉ ရောဂါကို လေယာဉ်ကွင်းတည်ရှိရာ သက်ဆိုင်ရာ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးရုံးများတွင် နေ့စဉ်နံနက် ၀၉:၀၀ နာရီမှ ၁၁:၀၀ နာရီနှင့် နေ့လယ် ၁၃:၀၀ နာရီမှ ၁၅:၀၀ နာရီ အချိန်အထိ ပိတ်ရက်မရှိ အခမဲ့စစ်ဆေးဆောင်ရွက်ပေးပါမည်၊

(ခ) ၎င်းအပြင် ကျန်းမာရေးဝန်ကြီးဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ စစ်ဆေး၍ ရောဂါရှာဖွေရေးလုပ်ငန်း လုပ်ကိုင်ခွင့်ပြုထားသော ပုဂ္ဂလိကဆေးရုံများ၊ ဆေးခန်းများ၊ ဓာတ်ခွဲခန်းများတွင် သတ်မှတ်နှုန်းထားပေး၍ ဓာတ်ခွဲစစ်ဆေးခြင်းများ ဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**
( ၁၀-၁၁-၂၀၂၁ )

# အသက်မွေးဝမ်းကျောင်း အထောက်အကူပြု လူသုံးကုန်ပစ္စည်းပြုလုပ်နည်း သင်တန်းဖွင့်

**သထုံ နိုဝင်ဘာ ၁၀**

မွန်ပြည်နယ် ဘီးလင်းမြို့နယ် ကြာဇီအောင်ကျေးရွာတွင် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု လူသုံးကုန်ပစ္စည်း ပြုလုပ်နည်းသင်တန်းကို နိုဝင်ဘာ ၈ ရက်က ဖွင့်လှစ်သည်။

အခမ်းအနားတွင် သထုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမိုးဝင်းက အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးမင်းထောစံက သင်တန်းနှင့်ပတ်သက်သည့် အချက်အလက်များ ရှင်းလင်းပြောကြားသည်။ အဆိုပါသင်တန်းတွင် ရေချိုးဆပ်ပြာ၊ လက်ဆေးဆပ်ပြာ၊ မျက်နှာသစ်ဆပ်ပြာ၊ ပန်းကန်ဆေးဆပ်ပြာ၊ ခေါင်းလျှော်ရည်၊ အဝတ်လျှော်ဆပ်ပြာ၊ အမွှေးရည်ပြုလုပ်နည်းများ သင်ကြားပို့ချသွားမည်ဖြစ်သည်။ ယင်းသင်တန်းသို့ သင်တန်းသူ ၂၀ တက်ရောက်ပြီး သင်တန်းကာလမှာ ရက်သတ္တတစ်ပတ် ကြာမြင့်မည်ဖြစ်သည်။

ယင်းနောက် ခရိုင်ဦးစီးမှူးနှင့်အဖွဲ့သည် ၂၀၂၀-၂၁ ၂၁ဘဏ္ဍာရေးနှစ် ဘီးလင်းမြို့နယ်တွင် ဆောင်ရွက်ခဲ့သည့် ကျေးလက်ကုန်ထုတ်လမ်း၊ တံတားများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**မိုးဝင်း(ကျေးလက်)**

*စာမျက်နှာ ၁၀ မှ*

**အာဟာရချို့တဲ့မှုဒဏ် ဆိုးဆိုးရွားရွား ခံစားခဲ့ကြရ**

ဆက်ဒမ်ဟူစိန်လက်ထက် အမေရိကန်စီးပွားရေးပိတ်ဆို့မှုဒဏ် ခံနေရစဉ်အတွင်းမှာတောင် အစိုးရက ပြည်သူတွေကို အခြေခံစားကုန်သောက်ကုန်တွေကို လစဉ် အခမဲ့ဖြည့်စွက်ထောက်ပံ့နိုင်ခဲ့လို့ အစာရေစာပြတ်လပ်မှုနဲ့ ငတ်မွတ်မှုဒဏ်ကို မခံစားခဲ့ကြရဘူး။ အမေရိကန်ဝင်အပြီးမှာတော့ အီရတ် ငါးနှစ်အောက်ကလေး ၂၂ ရာခိုင်နှုန်းဟာ အာဟာရချို့တဲ့မှုဒဏ်ကို ဆိုးဆိုးရွားရွား ခံစားခဲ့ကြရတယ်လို့ WFP ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ် မှတ်တမ်းတစ်ခုအရလည်း သိရပါတယ်။

**ပညာရေးနိမ့်ကျ**

ပညာရေးဘက် လှည့်ပြန်တော့လည်း အမေရိကန်မဝင်ခင်က အီရတ်ပြည်သူတွေရဲ့ တစ်ဦးချင်းစာတတ်မြောက်မှုနဲ့ ကျောင်းနေနှုန်း အခြေအနေဟာ ဒေသတွင်းမှာ အကောင်းဆုံးမှာရှိရာက နိုင်ငံခြားတပ်တွေဝင်ရောက်ပြီး နောက်ပိုင်း နှောင့်နှေးသွားခဲ့ပါတယ်။

**ဦးနှောက်ယိုစီးမှုပြဿနာ ရင်ဆိုင်ခဲ့ကြရ**

ဗုံးဒဏ်ကြောင့် စာသင်ကျောင်းတွေ ပျက်စီး၊ ပညာတတ်တွေဟာ စစ်သွေးကြွတွေရဲ့ အသတ်ခံရပြီး နိုင်ငံခြားသို့ ထွက်ကုန်ကြလို့ ဦးနှောက်ယိုစီးမှုပြဿနာကို ရင်ဆိုင်ခဲ့ကြရတယ်။ လူတစ်ဦးမှာ ရသင့်ရထိုက်တဲ့ အမိုးအကာနဲ့ စားရေသောက်ရေစတဲ့ မရှိမဖြစ် ဝန်ဆောင်မှုကိုတောင် မရနိုင်တော့တဲ့အတွက် ရွှေ့ပြောင်းဒုက္ခသည်တွေအဖြစ်နဲ့ နေကြရတဲ့ ပြည်သူတွေရဲ့အခြေအနေဟာ သေဒဏ်ကျအကျဉ်းသားတွေလို ဖြစ်ခဲ့ကြတယ်လို့ ဆိုပါတယ်။ ရေနံကြွယ်ဝတဲ့နိုင်ငံက ပြည်သူတွေကိုယ်တိုင် လျှပ်စစ်နဲ့ ကိုယ်ပိုင်ဂျင်နရေတာကို ကိုယ်တိုင်ဈေးကြီးပေးဝယ်သုံးကြရပြီး ဆိုးရွားလှတဲ့ ဒီဇယ်အနံ့တွေနဲ့အတူ ယခင်လှပခဲ့တဲ့ အီရတ်မြို့ကြီးတွေရဲ့ သဘာဝပတ်ဝန်းကျင်သန့်ရှင်းမှုဟာ လေထု၊ မြေထု ညစ်ညမ်းမှုတွေနဲ့အတူ ပျောက်ကွယ်ခဲ့ရပါတယ်။

ကျူးကျော်သိမ်းပိုက်ခံရမှုနဲ့အတူ နှစ်ပေါင်းတစ်သောင်းကျော်သက်တမ်းရှိ အီရတ်သမိုင်းဝင် ယဉ်ကျေးမှုအမွေအနှစ်များစွာလည်း ပျောက်ဆုံး၊ ပျက်စီး၊ ဖျက်ဆီးခံလိုက်ရတဲ့ အခြေအနေရောက်သွားခဲ့ပါတယ်။ အခိုးခံရ၊ လက်သရမ်းပြီး ဖျက်ဆီးခံရတဲ့အပြင် အစိုးရရဲ့ လျစ်လျူရှုမှုတွေကြောင့် ရှေးဟောင်းမြို့ပြတစ်ခုဖြစ်တဲ့ မက်ဆိုပိုတေးနီးယန်း ယဉ်ကျေးမှုပြယုဂ် "ဘေဘီလုံ"လည်း လုံးဝပျက်စီးသွားခဲ့တယ်လို့ သိရပါတယ်။

**အသိနောက်ကျခဲ့ရပြီး လုံခြုံမှုမရှိတော့တဲ့ အီရတ်ပြည်သူတွေရဲ့ဘဝ ...**

ကနဦးမှာ အီရတ်ပြည်သူတွေဟာ အမေရိကန်နဲ့ အနောက်အုပ်စုအပေါ် မျှော်လင့်ချက်အကြီးအကျယ်ထားခဲ့ကြပြီး သူတို့ရဲ့ ကယ်တင်ရှင်အဖြစ် သဘောထားခဲ့ကြတယ်။ ဒီမိုကရေစီပေးမယ့် သူတော်ကောင်းတွေအဖြစ် ထင်မှတ်ခဲ့ကြတယ်။ ဆက်ဒမ်ဟူစိန်ရဲ့ ကျဆုံးခန်းနဲ့အတူ စစ်ပွဲဟာလည်း မြန်မြန်ပြီးမြောက်သွားမယ်လို့ခပ်ပေါ့ပေါ့ တွက်ဆထားခဲ့ကြဟန် တူပါတယ်။

ဒါပေမယ့် သူတို့ရဲ့အထင်နဲ့အမြင်ဟာ လွဲနေမှန်းသိတဲ့အချိန်မှာ အရာရာဟာ နောက်ကျသွားခဲ့ပြီဖြစ်တယ်။ လုံခြုံမှုမပေးနိုင်တဲ့အပြင် ဒုက္ခဆင်းရဲမှုတွေကိုသာ နေ့စဉ်ကြုံကြရတော့တယ်။ ဘဂ္ဂဒက်မှာ လူနပ်ချမ်းသာတွေပေါ်လာပေမယ့် တစ်ဦးချင်း လုံခြုံမှုဟာ လုံးဝအဖတ်ဆယ်မရတော့တဲ့ အခြေအနေ ရောက်သွားရတယ်။

ဆက်ဒမ်ခေတ်မှာ ကြောက်ရတာက အာဏာရှင်တစ်ဦးတည်းကိုဖြစ်ပေမယ့် မဟာမိတ်တပ်တွေနဲ့ လက်ဝေခံ အီရတ်အစိုးရအောက်မှာတော့

> **ဆက်ဒမ်ဟူစိန်လက်ထက် အမေရိကန်စီးပွားရေး ပိတ်ဆို့မှုဒဏ် ခံနေရစဉ်အတွင်းမှာတောင် အစိုးရက ပြည်သူတွေကို အခြေခံစားကုန်သောက်ကုန်တွေကို လစဉ်အခမဲ့ ဖြည့်စွက်ထောက်ပံ့နိုင်ခဲ့လို့ အစာရေစာပြတ်လပ်မှုနဲ့ ငတ်မွတ်မှုဒဏ်ကို မခံစားခဲ့ကြရဘူး။ အမေရိကန်ဝင်အပြီးမှာတော့ အီရတ်ငါးနှစ်အောက်ကလေး ၂၂ ရာခိုင်နှုန်းဟာ အာဟာရချို့တဲ့မှုဒဏ်ကို ဆိုးဆိုးရွားရွားခံစားခဲ့ကြရတယ်လို့ WFP ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ် မှတ်တမ်းတစ်ခုအရလည်း သိရပါတယ်**

ကြောက်ရသူတွေက ကိုယ့်ပတ်ဝန်းကျင်မှာ ဒုနဲ့ဒေးပါပဲ။ ဘာသာမှား၊ အယူမှား၊ မွေးရပ်မြေမှား၊ အမည်ပေးမှားလို့ စစ်သွေးကြွတွေရဲ့လက်ချက်နဲ့ အသတ်ခံရသူပေါင်းဟာ ဆက်ဒမ်ခေတ် ၁၉၉၁ - ၂၀၀၃ ခုနှစ် ကာလထက် အမေရိကန်သိမ်းပိုက်အပြီး ၂၀၀၆ ခုနှစ် တစ်နှစ်တည်းမှာတင် အဆမတန်မြင့်တက်သွားခဲ့ပါတယ်။ ထိုကာလ အီရတ်မြို့လမ်းတွေပေါ်မှာ စစ်သွေးကြွမျိုးစုံတို့သာ ကြီးစိုးနေတာကြောင့် အသေခံဗုံးခွဲမှုများ၊ ပြန်ပေးဆွဲ သတ်ဖြတ်မှုများအောက်က ပြည်သူတွေရဲ့ ဘဝတွေဟာ သွေးပျက်စရာအတိ ဖြစ်ခဲ့ကြရတယ်။ အသေခံဗုံးကွဲမှုတွေနောက်မှာ အပြစ်မဲ့ကလေးသူငယ်တွေနဲ့ အမျိုးသမီးတွေဟာ ပိုပြီးထိခိုက်ခံစားကြရပါတယ်။

**နိုင်ငံအစိတ်စိတ်အမြွှာမြွှာ ဖြစ်သွား**

ဆွန်နီဖြစ်တဲ့ ဆက်ဒမ်ဟူစိန်လက်ထက်မှာ အဖိနှိပ်ခံဖြစ်ခဲ့တဲ့ ရှီယိုက်မူဆလင်တွေဟာ အမေရိကန်ထောက်ခံတဲ့ ရှီယာဗဟိုအစိုးရတွေအဖြစ် ပြန်လည်ကြီးစိုးလာခဲ့ကြပြီး ဆွန်နီတွေကိုပြန်ကလဲ့စားချေ၊ တစ်ခါ ဆွန်နီတွေဖြစ်တဲ့ အယ်လ်ကေဒါ ( ယခု ISIS ) တွေရဲ့ တန်ပြန်ခြိမ်းခြောက်မှုကို ပြန်ခံရပြီး ISIS နဲ့ အီရတ် ရှီယိုက်အစိုးရရဲ့ တိုက်ပွဲတွေဖြစ်ပွားလာခဲ့တယ်။ ယခုလို ညီညွတ်မှုမရှိချိန်မှာ အီရတ် ကာ့ဒ်လူမျိုးတွေကလည်း ရှေးယခင်ကတည်းက တောင်းဆို တိုက်ပွဲဝင်နေတဲ့ သူတို့ရဲ့နယ်မြေပိုင်နက်ကို ပြန်လည်ရယူတိုက်ခိုက်ပြီး ကိုယ်ပိုင်ဒေသနဲ့ ကိုယ်ပိုင်အစိုးရဖွဲ့ခဲ့ကြတယ်။ "ရေနစ်သူဝါးကူထိုး" ဆိုသလို အစိတ်စိတ် အမြွှာမြွှာဖြစ်နိုင် သို့မဟုတ် ဖြစ်နေတဲ့ အီရတ်နိုင်ငံရဲ့ အခြေအနေတွေကို အလွယ်တကူမြင်နိုင်မယ်လို့ထင်ပါတယ်။

**ကြိုတင်တွက်ဆမိဟန်မတူ**

အမှန်တော့ အီရတ်ပြည်သူတွေဟာ နိုင်ငံခြားတပ်တွေ သူတို့နိုင်ငံထဲ ဝင်ရောက်ကျူးကျော်တိုက်ခိုက်မှုအပေါ် တန်ဖိုးကြီးကြီးပေးဆပ်ရမယ်ဆိုတာ ကြိုတင် တွက်ဆမိဟန် မတူပါဘူး။ ဆက်ဒမ်ဟူစိန်ကို မုန်းတဲ့စိတ်နဲ့ အနောက်အုပ်စုတပ်ဖွဲ့တွေကို လွယ်လင့်တကူ ခေါ်သွင်းခဲ့ကြတယ်။

တိုက်ရိုက်ပေးဆပ်လိုက်ရတာက ပြည်သူတွေရဲ့ အသက်တွေ၊ စည်းစိမ်ဥစ္စာတွေပါပဲ။ ပြည်ပကျူးကျော်တပ်နဲ့ သူ့ရဲ့မဟာမိတ်တွေ၊ အီရတ်စစ်ဘက်နဲ့ရဲတပ်ဖွဲ့နဲ့ ဆန့်ကျင်ဘက်ပုန်ကန်သူတွေအကြား အပြန်အလှန်တိုက်ခိုက်မှု၊ ဗုံးခွဲဗုံးကြဲမှုများ၊ အသေခံဗုံးခွဲမှုများ မီးရှို့မှုများကြောင့် အရပ်သားပြည်သူ ၁ သိန်း ၈ သောင်းနဲ့ ၂ သိန်းကြား သေဆုံးခဲ့ကြရတယ်လို့ ဆိုပါတယ်။ ဒီထက်မက ပိုများတဲ့ ကိန်းဂဏန်း အရေအတွက်အထိ ရှိနိုင်တယ်လို့လည်း ဖော်ပြထားကြပါတယ်။

**မည်သည့်ပြည်ပကျူးကျော်မှုမဆို စည်းလုံးညီညွတ်မှုနဲ့ အင်အားချို့တဲ့ရသည်သာ...**

နောက်ဆုံးတော့ ၂၀၁၁ ခုနှစ် သမ္မတဂျော့ဘွတ်ရှ်လက်ထက်မှာ အမေရိကန်တပ်တွေဟာ အီရတ်က အပြီးအပိုင် ပြန်လည်ဆုတ်ခွာသွားပြီး စစ်ပွဲလည်း အဆုံးသတ်ခဲ့ရပါတော့တယ်။ အင်အားချည့်နဲ့လာတဲ့ နိုင်ငံတစ်နိုင်ငံအတွက်တော့ ပြည်ပနိုင်ငံတွေရဲ့အလွယ်တကူလွှမ်းမိုးချုပ်ကိုင်ခံရနိုင်ခြေများနေဆဲပါ။ အမေရိကန် ထွက်ခွာသွားပေမယ့် အိမ်နီးချင်းအီရန်နိုင်ငံရဲ့ ခြိမ်းခြောက်မှုကိုခံနေရဆဲဖြစ်ပြီး နိုင်ငံတွင်း ရှီယိုက်- ဆွန်နီအကွဲအပြဲက နိုင်ငံစည်းလုံးညီညွတ်မှုကို ထိခိုက်ပြီး နိုင်ငံကို မတည်မငြိမ်ဖြစ်စေတယ်ဆိုတာ သင်ခန်းစာယူစရာဖြစ်ပါတယ်။

ဆိုရရင်တော့ အီရတ်နိုင်ငံရဲ့ အတိတ်သမိုင်း သင်ခန်းစာတွေဟာ ယူတတ်မယ်ဆိုရင် အလွန်တန်ဖိုးရှိမှာဖြစ်ပါတယ်။ အမေရိကန်ဘက်မှာလည်း သင်ခန်းစာ ယူစရာတွေ အများကြီးပါ။ ဖျက်အားပြင်း လက်နက်ကြီးတွေရှိတယ်ဆိုတဲ့ သတင်းမှားတွေ အခြေခံပြီး ဒေါ်လာ ထရီလီယံချီ သုံးခဲ့တဲ့စစ်ပွဲမှာ မည်သည့် အကျိုးရလဒ်ကိုမှ မရခဲ့ဘူးဆိုတာ အမေရိကန်တွေကိုယ်တိုင် ဝန်ခံပြီးဖြစ်ပါတယ်။ သူတို့ရဲ့နိုင်ငံခြားရေးမူဝါဒကို ပြန်လည်သုံးသပ်ခဲ့ရတယ်။ ကျူးကျော်လိုသူတို့ရဲ့ မဟာဗျူဟာအမှားတစ်ခုကြောင့် နိုင်ငံတစ်ခု မီးလောင်တိုက်သွင်းခံရသလိုဖြစ်ပြီး အပြစ်မဲ့ပြည်သူတွေများစွာ သေကျေပျက်စီးရမယ့်အရေးကို အင်အားကြီးနိုင်ငံတွေကိုယ်တိုင်က ပြန်လည်သုံးသပ်ရမှာ ဖြစ်ပါတယ်။

**တန်ဖိုးကြီးကြီး ပေးဆပ်ခဲ့ရ**

အီရတ်ပြည်သူတွေကိုယ်တိုင်လည်း သူတို့မျှော်လင့်ခဲ့တဲ့ ဒီမိုကရေစီ အစစ်အမှန်ကို မရခဲ့သလို ပေးဆပ်မှုတန်ဖိုးကြီးကြီးနဲ့ တစ်ဝက်တစ်ပျက် ဒီမိုကရေစီနဲ့သာ ရောင့်ရဲနေကြရပါလားဆိုတဲ့ အချက်ကို ပြန်လည်သုံးသပ်ဆင်ခြင်ကြရမှာ ဖြစ်ပါတယ်။

**မိမိနိုင်ငံနဲ့ မိမိလူမျိုးထာဝရ ရှင်သန်ရပ်တည်နိုင်ရေး**

အဓိကအချက်အနေနဲ့ ပထဝီနိုင်ငံရေးအရ ရွှေ့ကွက်၊ ကစားကွက်တွေကို နားလည်သဘောပေါက်ကြဖို့၊ အတိတ်ရဲ့ သမိုင်းဖြစ်စဉ်တွေကို သင်ခန်းစာယူတတ်ဖို့နဲ့ မိမိနိုင်ငံနဲ့ မိမိလူမျိုးထာဝရ ရှင်သန်ရပ်တည်နိုင်ရေးအတွက် မျိုးချစ်စိတ်နဲ့တကွ လုံလောက်တဲ့ အသိဉာဏ်ပညာ၊ အမြော်အမြင်ကြီးမားမှုနဲ့ ဆင်ခြင်တုံတရားသည်သာ အရေးကြီးဆုံး ဖြစ်ပါကြောင်း တင်ပြလိုက်ရပါတယ်။ ။

# မဲစာရင်းပြည့်စုံမှန်ကန်ရေးအတွက် မဲဆန္ဒရှင်စာရင်းများ ကြိုတင်ပြုစုရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**မြစ်ကြီးနား နိုဝင်ဘာ ၁၀**

မဲစာရင်းပြည့်စုံမှန်ကန်ရေးအတွက် မဲဆန္ဒရှင်စာရင်းများ ကြိုတင်ပြုစုရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၉ ရက် ညနေ ၃ နာရီက ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံးရှိ အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ချမှတ်ထားသော ရှေ့လုပ်ငန်းစဉ် (၅)ရပ်အရ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများ ပြန်လည်ကျင်းပရာတွင် မဲဆန္ဒရှင်စာရင်းပြုစုခြင်းသည် အဓိကအရေးကြီးသည့် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည့်အားလျော်စွာ မဲစာရင်းပြည့်စုံမှန်ကန်ရေးအတွက် ပြည်ထဲရေးဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ သက်ဆိုင်ရာ ဦးစီးဌာနများအနေဖြင့် ပူးပေါင်းဆောင်ရွက်ရန်



လိုအပ်ကြောင်း ပြောကြားသည်။ **(အပေါ်ပုံ)**

ဆက်လက်ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးဘရန်ရှောင်က မဲဆန္ဒရှင်စာရင်းများ ကြိုတင်ပြုစုရေးဆိုင်ရာများနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးရာ လာမည့်ရွေးကောက်ပွဲတွင် မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်စေရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ထားသော မဲစာရင်းကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ လူဦးရေစာရင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူးရုံးက ပြုစုထားသည့် ရပ်ကွက်နှင့်ကျေးရွာအုပ်စုအလိုက် အိမ်ထောင်စုစာရင်း (ပုံစံ-၆၆/၆) များနှင့် တိုက်ဆိုင်စိစစ်ခြင်း၊ ဖြည့်စွက်၊ ပြင်ဆင်ခြင်းနှင့် ရွေးကောက်ပွဲ စတင်ကျင်းပသည့်နေ့၌ အသက် ၁၈ နှစ်ပြည့်ပြီး ရွေးကောက်ပွဲဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သော နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူတိုင်းကို ထပ်မံဖြည့်သွင်း ပြုစုရမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးများက မဲစာရင်း ပြည့်စုံမှန်ကန်ရေးအတွက် ဆွေးနွေးကြရာ ပြည်နယ်ဝန်ကြီးချုပ်က ပါတီစုံအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် တာဝန်ရှိသူများအနေဖြင့် အခြေခံမဲဆန္ဒရှင် စာရင်းများ ပြုစုရေးကိစ္စရပ်များကို ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ကြောင်း ပြောကြားသည်။

**ပြည်နယ်(ပြန်/ဆက်)**



# မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် မန္တလေးပညာရေးဒီဂရီကောလိပ်နှင့် မန္တလေးတက္ကသိုလ်တို့မှ နည်းပြ၊ သရုပ်ပြနှင့် အခြေခံပညာ ဆရာ ဆရာမ သစ်လွင်များနှင့်တွေ့ဆုံ

မန္တလေး နိုဝင်ဘာ ၁၀

**မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကိုသည် တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းက မန္တလေး ပညာရေးဒီဂရီကောလိပ်နှင့် မန္တလေးတက္ကသိုလ်သို့ သွားရောက်ပြီး သစ်လွင် နည်းပြ၊ သရုပ်ပြများနှင့် အခြေခံပညာ ဆရာ ဆရာမများအား တွေ့ဆုံသည်။** (အပေါ်ပုံ)

အဆိုပါ တက္ကသိုလ်များ၌ တွေ့ဆုံစဉ် တိုင်းဒေသကြီးဝန်ကြီးချုပ်က နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်အတွက် လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်ရန် လိုအပ်သကဲ့သို့ အဓိကလိုအပ်သည့် လူသားများ ဖွံ့ဖြိုးရေးအတွက် လေ့ကျင့်ပြုစုပျိုးထောင်မွေးထုတ်ပေးရန် ပညာရေးကဏ္ဍသည် မရှိမဖြစ် အရေးကြီးပါကြောင်း၊ မွမ်းမံသင်တန်းများ ဖွင့်လှစ်ပို့ချခြင်းသည် ဆရာအတတ်ပညာနှင့် စီမံခန့်ခွဲမှု အရည်အသွေးများ မြင့်မားလာစေရန်ဖြစ်ကြောင်း၊ သင်တန်းကာလတိုတောင်းသော်လည်း ကြိုးစားသင်ယူပြီး မိမိတို့၏ ပညာစွမ်းဆောင်ရည်ကို မြှင့်တင်ကြရမည်ဖြစ်ကြောင်း၊ မိမိကိုယ်တိုင်ထူးချွန်ထက်မြက်နေမှသာ တပည့်များကို ထူးချွန်ထက်မြက်အောင် ပြုစုပျိုးထောင်ပေးနိုင်မည်ဖြစ်၍ အမြဲမပြတ် သင်ယူဆည်းပူးပြီး နိုင်ငံတကာ ပညာရေးကိုလည်း လေ့လာနေရမည် ဖြစ်ကြောင်း၊ စာသင်ကြားမှုများအပြင် စာဖတ်သည့် အလေ့အကျင့်ကောင်းများ၊ စိတ်ဓာတ်စည်းကမ်း ကောင်းမွန်အောင် သင်ကြားပေးရမည် ဖြစ်ကြောင်း၊ ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည်ဖြစ်ရာ ဝန်ထမ်းစည်းကမ်းများကို လိုက်နာပြီး ဆရာ့ကျင့်ဝတ်နှင့်အညီ မိမိလုပ်ငန်း တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

မန္တလေးပညာရေး ဒီဂရီကောလိပ်၌ နည်းပြ၊ သရုပ်ပြ သစ်လွင်များနှင့် အခြေခံပညာ ဆရာ ဆရာမ သစ်လွင်များအတွက် ငွေကျပ် ငါးသိန်းနှင့် များအတွက် ငွေကျပ် လေးသိန်းငါးသောင်းကို ချီးမြှင့်ပေးအပ်ကာ မန္တလေးတက္ကသိုလ်ဝင်းအတွင်း ရေစီးရေလာကောင်းမွန်ရေးနှင့် လမ်းများ အဆင့်မြှင့်တင် ဆောင်ရွက်သွားမည့်အခြေအနေများ၊ တက္ကသိုလ်အားကစားကွင်းအတွင်း စက်ယန္တရားယာဉ်ဖြင့် ဆောင်ရွက်နေမှုနှင့် ပင်မအဆောင်ရှေ့ လမ်းဘေးဝဲယာရှိ သစ်ပင်ကြီးများကို အလင်းဖွင့်ခြင်း ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်မြို့နယ်၌ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးရန် ကျန်နေသူများအား ဆက်လက်ထိုးနှံပေး

**ပြည် နိုဝင်ဘာ ၁၀**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ ဗိုလ်ချုပ်လမ်းရှိ သီရိခေတ္တရာရတနာ မြို့တော်ခန်းမနှင့် သာသနာ့ဗိမာန်တော် ဆေးထိုးစုရပ်နေရာနှစ်ခုတို့၌ ယနေ့နံနက်ပိုင်းတွင် မြို့နယ်အတွင်း ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံရန် ကျန်ရှိနေသေးသော ပြည်သူများအား ပထမအကြိမ် ကာကွယ်ဆေး ဆက်လက်ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

ယနေ့ ကာကွယ်ဆေးထိုးနှံပေးရာတွင် အသက် ၄၀ နှစ်နှင့်အထက်ရှိ ပြည်သူများအား ဦးတည်ထိုးနှံပေးခြင်းဖြစ်ပြီး သီရိခေတ္တရာရတနာ မြို့တော်ခန်းမတွင် လူဦးရေ ၈၀၀ ကျော်နှင့် သာသနာ့ဗိမာန်တွင် လူဦးရေ ၆၀၀ ခန့် စုစုပေါင်း ပြည်သူ ၁၄၀၀ ကျော်ကို နံနက်ပိုင်းနှင့် နေ့လယ်ပိုင်း နှစ်ပိုင်းခွဲ၍ ထိုးနှံပေးကြောင်း မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီထံမှ သိရသည်။

ပြည်မြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို သတ်မှတ်ဦးတည်အုပ်စုအလိုက် ဆေးထိုးစုရပ်နေရာများ၌ ဆက်လက်ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# ဂျပန်လစ်ဘရယ်ဒီမိုကရက်တစ်ပါတီ ဥက္ကဋ္ဌ ဖူမီယို ကီရှီဒါး အထူးလွှတ်တော်အစည်းအဝေးတွင် ဝန်ကြီးချုပ်အဖြစ် ပြန်လည်ရွေးချယ်ခံရ

**တိုကျို နိုဝင်ဘာ ၁၀**

အောက်တိုဘာ ၃၁ ရက်၌ အောက်လွှတ်တော်ရွေးကောက်ပွဲတွင် လစ်ဘရယ်ဒီမိုကရက်တစ်ပါတီက ထောက်ခံမဲ အများစုရရှိပြီးနောက် ယင်းပါတီ၏ ဥက္ကဋ္ဌဖြစ်သူ ဖူမီယိုကီရှီဒါးကို နိုဝင်ဘာ ၁၀ ရက် အထူး လွှတ်တော်အစည်းအဝေးတွင် ဝန်ကြီးချုပ်အဖြစ် ပြန်လည်ရွေးကောက်တင်မြှောက်ခဲ့သည်။

ကီရှီဒါး၏ ဝန်ကြီးအဖွဲ့သည် သောကြာနေ့အထိ ကျင်းပပြုလုပ်မည့် သုံးရက်ကြာလွှတ်တော်မတိုင်မီ ဖွဲ့စည်းပုံအခြေခံဥပဒေအရ လိုအပ်လျက်ရှိသည့် ဝန်ကြီးအဖွဲ့အစုလိုက် နုတ်ထွက်ခဲ့သည်။ အောက်တိုဘာ ၄ ရက်က အာဏာရရှိခဲ့ပြီး တစ်လနီးပါးကြာမျှ ဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသော ကီရှီဒါးသည် ၎င်း၏ဒုတိယဝန်ကြီးအဖွဲ့ကို နိုဝင်ဘာ ၁၀ ရက်တွင် စတင်မိတ်ဆက်ခဲ့သည်။

ကီရှီဒါးသည် ယခင်ပညာရေးဝန်ကြီး ယိုရှီမာဆာ ဟာယာရှီကို ၎င်း၏နိုင်ငံခြားရေးဝန်ကြီးအဖြစ် ခန့်အပ်သွားရန် မျှော်လင့်ထားသည်။ ယိုရှီမာဆာ ဟာယာရှီသည် ဂျပန်-တရုတ် ဆက်ဆံရေးတိုးတက်စေရန် ဘက်မလိုက်သောလွှတ်တော်အဖွဲ့ဝင်များကို ဦးဆောင်ခဲ့သည်။



ဂျပန်အောက်လွှတ်တော်မျက်နှာစုံညီအစည်းအဝေးတွင် ဂျပန်ဝန်ကြီးချုပ်အဖြစ် ပြန်လည်ရွေးကောက်ခံရပြီးနောက် မတ်တတ်ထရပ်လိုက်သော ဖူမီယို ကီရှီဒါးကို တွေ့ရစဉ်။

လွန်ခဲ့သောလက စတင်မိတ်ဆက်ခဲ့သည့် လက်ရှိအစိုးရအဖွဲ့ဝင် ဝန်ကြီးနေရာ အတော်များများ မပြောင်းလဲဘဲ ဆက်လက်တည်ရှိနေမည်ဖြစ်သည်။

၂၀၁၉ ခုနှစ်ကတည်းက နိုင်ငံခြားရေးဝန်ကြီးရာထူးနေရာတွင် ရှိခဲ့သော တိုရှီမစ်ဆုမိုတီဂီကို အကီရာ အာမာရီနေရာတွင်အစားထိုးရန် ယခုလအစောပိုင်းကတည်းက လစ်ဘရယ်ဒီမိုကရက်တစ်ပါတီ၏ အတွင်းရေးမှူးချုပ်နေရာတွင် ခန့်အပ်ခဲ့သည်။

ဩဇာကြီးမားသည့်လွှတ်တော်က ယခင်အစိုးရအဖွဲ့အတွင်းရေးမှူးချုပ် ဟီရိုယူကီ ဟိုဆိုဒါကို လွှတ်တော်၏ ဥက္ကဋ္ဌအဖြစ် ရွေးချယ်ခဲ့ပြီး ယခင်စက်မှုဝန်ကြီးနှင့် အဓိကအတိုက်အခံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ဒီမိုကရက်တစ်ပါတီ အဖွဲ့ဝင်ဖြစ်သူ ဘန်ရီ ကေးဒါကို ဒုတိယဥက္ကဋ္ဌအဖြစ် ရွေးချယ်ခဲ့သည်။

ယခင်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးသည် လစ်ဘရယ်ဒီမိုကရက်တစ်ပါတီအကြီးဆုံး ဂိုဏ်းအုပ်စု၏ ဥက္ကဋ္ဌအဖြစ် ဟိုဆိုဒါနေရာကို လက်ခံရယူမည်ဖြစ်သည်။

အထူးလွှတ်တော် အစည်းအဝေးပြီးနောက် လစ်ဘရယ်ဒီမိုကရက်တစ်ပါတီသည် ယခုနှစ်နောက်ပိုင်းတွင် အာဏာကုန်လွှဲအပ်ခြင်း ခံရသော လွှတ်တော်အစည်းအဝေးပွဲကို ကျင်းပရန် မျှော်လင့်ထားပြီး အဆိုပါအစည်းအဝေးတွင် ကိုဗစ်-၁၉ ကပ်ရောဂါ အကျိုးသက်ရောက်မှုကို သက်သာစေမည့် ထောက်ပံ့ကူညီရေး အစီအစဉ်အပါအဝင် ကျန်းမာရေးစောင့်ရှောက်ရေး ဝန်ထမ်းများကို လစာတိုးမြှင့်ရေးနှင့် နေ့ကလေးထိန်းကျောင်း ဝန်ထမ်းများကို လစာတိုးမြှင့်ရေးများ ပါဝင်မည်ဖြစ်သည်။

**ဆင်ဟွာ**

## အိန္ဒိယနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၃၄၃၈၈၅၇၉ ဦးအထိရှိလာ

**နယူးဒေလီ နိုဝင်ဘာ ၁၀**

အိန္ဒိယနိုင်ငံတွင် လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၁၀၁၂၆ ဦးရှိလာသောကြောင့် နိုဝင်ဘာ ၁၀ ရက်တွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၃၄၃၈၈၅၇၉ ဦးအထိရှိလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏နောက်ဆုံး ထုတ်ပြန်လိုက်သော အချက်အလက်များတွင် ဖော်ပြထားသည်။

ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးသူ ၄၆၀ ရှိလာမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၄၆၁၈၄၉ ဦးအထိရှိလာခဲ့သည်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပျောက်ကင်းသွားပြီး ဆေးရုံမှ ဆင်းလာသူ စုစုပေါင်း ၃၃၇၈၇၀၄၇ ဦးရှိလာပြီဖြစ်သည်။ အဆိုပါ ပမာဏအနက် လွန်ခဲ့သော ၂၄ နာရီအတွင်း ဆေးရုံမှ ဆင်းလာသူ ၁၁၉၆၁ ဦးရှိသည်။

**ဆင်ဟွာ**

## တောင်ကိုရီးယားတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၂၄၂၅ ဦးတိုးလာပြီး ၁၄ ဦးထပ်မံသေဆုံး

**ဆိုးလ် နိုဝင်ဘာ ၁၀**

တောင်ကိုရီးယားနိုင်ငံတွင် နိုဝင်ဘာ ၉ ရက် ညသန်းခေါင်အထိ ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၂၄၂၅ ဦး တိုးလာပြီးနောက် စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၃၈၅၈၃၁ ဦးအထိရှိလာခဲ့ကြောင်း သိရသည်။

နေ့စဉ်ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုသည် ယခင်ရက်များထက် ၁၇၁၅ ဦးမြင့်တက်ပြီး လွန်ခဲ့သည့် သုံးရက်အတွင်း ၂၀၀၀ ကျော် မြင့်တက်လာခဲ့သည်။

မကြာသေးမီက မြင့်တက်လာသော ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုများသည် ဆိုးလ်ဒေသ၏ကိုဗစ်-၁၉ အစုလိုက်ကူးစက်ဖြစ်ပွားမှုကြောင့်ဖြစ်ကြောင်း သိရသည်။

ကိုဗစ်-၁၉ ကြောင့် ၁၄ ဦး ထပ်မံသေဆုံးခဲ့သောကြောင့် စုစုပေါင်းသေဆုံးသူ ၃၀၁၂ ဦးအထိရှိလာခဲ့ပြီး သေဆုံးနှုန်းမှာ ၀ ဒသမ ၇၈ ရာခိုင်နှုန်းရှိသည်။

ဖေဖော်ဝါရီ ၂၆ ရက်တွင် အစုလိုက်ကာကွယ်ဆေးထိုးမှုများ စတင်ပြုလုပ်ခဲ့ရာ ယခုအချိန်တွင် လူပေါင်း ၄၁၆၈၆၈၄၃ ဦး စုစုပေါင်း နိုင်ငံ့လူဦးရေ၏ ၈၁ ဒသမ ၂ ရာခိုင်နှုန်း ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးခဲ့ပြီးဖြစ်သည်။

ကိုဗစ်-၁၉ ကာကွယ်ဆေး အပြည့်အဝ ထိုးနှံပြီးသူပေါင်း ၃၉၆၂၆၀၃၄ ဦးသို့မဟုတ် ၇၇ ဒသမ ၂ ရာခိုင်နှုန်းရှိပြီဖြစ်သည်။ **ဆင်ဟွာ**



နျူကလီးယားဓာတ်ပေါင်းဖိုအချို့ကို တွေ့ရစဉ်။

## နိုင်ငံ့စွမ်းအင်လွတ်လပ်မှုကို အာမခံရန် ပြင်သစ်နိုင်ငံက နျူကလီးယားဓာတ်ပေါင်းဖို ပြန်လည်တည်ဆောက်မည်

**ပါရီ နိုဝင်ဘာ ၁၀**

ပြင်သစ်သမ္မတ အန်မန်နျူရယ်မက်ခရွန်က နိုဝင်ဘာ ၉ ရက် ညနေပိုင်းက နိုင်ငံ့စွမ်းအင်လွတ်လပ်မှုကို အာမခံပေးရန် နျူကလီးယားဓာတ်ပေါင်းဖို တည်ဆောက်ခြင်းကို ပြန်လည်စတင်တော့မည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

နိုင်ငံသို့ ပြောကြားသော မိန့်ခွန်းတွင် မက်ခရွန်က လောင်စာဆီဈေးနှုန်းများ ကြီးမြင့်လာခြင်းနှင့် ဓာတ်ငွေ့နှင့် လျှပ်စစ်စွမ်းအင်ဈေးနှုန်းများ မြင့်တက်လာခြင်းကို မကြာသေးမီက ပြင်သစ်ပြည်သူများ ရင်ဆိုင်နေရသည့်အခြေအနေကို တုံ့ပြန်သောအားဖြင့် ဆယ်စုနှစ်များအတွင်း ပထမဆုံးအနေဖြင့် နိုင်ငံအတွင်း နျူကလီးယားဓာတ်ပေါင်းဖို တည်ဆောက်ခြင်းကို ပြန်လည်စတင်တော့မည်ဖြစ်ကြောင်းနှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကို ဖွံ့ဖြိုးအောင် ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

ယခုကဲ့သို့ ပြုလုပ်ခြင်းသည် ပြင်သစ်နိုင်ငံ၏ စွမ်းအင်လွတ်လပ်မှုကို အာမခံချက်ပေးလိုခြင်း၊ နိုင်ငံလျှပ်စစ်စွမ်းအင်ကို ထောက်ပံ့ပေးလိုခြင်း၊ ထို့ပြင် ၂၀၅၀ ပြည့်နှစ်မတိုင်မီ ကာဗွန် သုညအထိလျှော့ချရန် ရည်မှန်းချက် အောင်မြင်စေလိုခြင်းဖြစ်ကြောင်း စသည်ဖြင့် မက်ခရွန်က ရှင်းပြသည်။

မက်ခရွန်က ဆက်လက်ပြီး စွမ်းအင်အတွက် သင့်တင့်သောငွေကြေးကို ပေးချေနိုင်ရန်နှင့် စွမ်းအင်အတွက် နိုင်ငံခြားတိုင်းပြည်များကို အမှီအခိုကင်းကင်းဖြင့် ရပ်တည်နိုင်ရန်အတွက် ပြည်သူလူထုအနေဖြင့် စွမ်းအင်ကို ချွေတာရန်နှင့် ပြင်သစ်နိုင်ငံတွင် ကာကွယ်ကင်းစင် စွမ်းအင်ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံရန် စသည်တို့ကို လုပ်ဆောင်သင့်ကြောင်း ပြောသည်။

**ဆင်ဟွာ**

## တရုတ်နိုင်ငံမှ ဆီနိုဗက် ကိုဗစ်-၁၉ ကာကွယ်ဆေးများကို ဖိလစ်ပိုင် ပိုမိုလက်ခံရရှိ

**မနီလာ နိုဝင်ဘာ ၁၀**

ဖိလစ်ပိုင်နိုင်ငံသည် တရုတ်နိုင်ငံမှ ဝယ်ယူထားသော နောက်ထပ် ဆီနိုဗက် ကိုရိုနာဗက်ကာကွယ်ဆေးအသုတ်တစ်သုတ်ကို နိုဝင်ဘာ ၁၀ ရက်က လက်ခံရရှိခဲ့သည်။

တရုတ်နိုင်ငံသည် ကိုရိုနာဗက် ကာကွယ်ဆေးများကို ဖေဖော်ဝါရီ ၂၈ ရက်ကတည်းက ဖိလစ်ပိုင်နိုင်ငံသို့ ပေးပို့ခဲ့သည်။ တရုတ်နိုင်ငံသည် ဖိလစ်ပိုင်နိုင်ငံသို့ ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေးထောက်ပံ့သည့် ပထမဆုံးနိုင်ငံလည်းဖြစ်သည်။

ဖိလစ်ပိုင် နိုင်ငံသည် ကိုဗစ်-၁၉ ကာကွယ်ဆေး ၆၅ သန်းနီးပါးကို ထိုးပေးခဲ့သည်။ နိုင်ငံ့လူဦးရေ သန်း ၃၀ နီးပါး ကိုဗစ်-၁၉ ကာကွယ်ဆေး နှစ်ကြိမ်အပြည့်အဝထိုးနှံပြီးပြီဖြစ်သည်။ ယခုနှစ်တွင် သန်း ၁၁၀ ရှိသည့် နိုင်ငံလူဦးရေ ၇၀ ရာခိုင်နှုန်းအထိ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးရန် အစိုးရက ရည်ရွယ်ထားသည်။

ယနေ့အချိန်အထိ ဖိလစ်ပိုင်နိုင်ငံသည် ကာကွယ်ဆေးထုတ်လုပ်သူများထံမှ ကိုဗစ်-၁၉ ကာကွယ်ဆေး ၁၁၃ သန်းကျော် လက်ခံရရှိခဲ့သည်။ တရုတ်နိုင်ငံသည် အကြီးဆုံး ကာကွယ်ဆေးထောက်ပံ့ပေးသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။

ဖိလစ်ပိုင်နိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၂ ဒသမ ၈ သန်းကျော်ရှိလာခဲ့ပြီး ၄၄၅၆၇ ဦး သေဆုံးခဲ့သည်။ **ဆင်ဟွာ**




တရုတ်နိုင်ငံမှ ရောက်ရှိလာသော ကိုဗစ်-၁၉ ကာကွယ်ဆေးများကို တွေ့ရစဉ်။

# ကိုဗစ်-၁၉ ကူးစက်မှုအကျော့အန္တရာယ်ကြောင့် ကန့်သတ်ချက်များ ဖြေလျှော့ပေးမည့်အစီအစဉ် ပြင်သစ်ရွှေ့ဆိုင်း

ကေကေစိုး

ပြင်သစ်နိုင်ငံ၌ ကိုဗစ်-၁၉ တိုက်ဖျက်ရေး ကန့်သတ်ချက်များကို ဖြေလျှော့ပေးရန် ဆုံးဖြတ်ချက်ကို ရွှေ့ဆိုင်းလိုက်ကြောင်း ပြင်သစ်သမ္မတ အီမန်နျူရယ် မက်ခရွန်က နိုဝင်ဘာ ၉ ရက်တွင် ပြောကြားခဲ့သည်။

### ရင်ဆိုင်နိုင်ရန်ကြိုးပမ်း

ဥရောပ၌ ကိုဗစ်-၁၉ ကူးစက်မှုများ ပြန်လည်ဦးမော့လာသည့်အတွက် စိုးရိမ်မိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ဖော်ပြခဲ့သည်။ ဂျာမနီနိုင်ငံသည်လည်း ကပ်ရောဂါစတင်ဖြစ်ပွားသည့်အချိန်မှ စတင်ကာ ကူးစက်မှုအမြင့်ဆုံးနေ့အဖြစ် စံချိန်တင်ခဲ့သည်။ ပြင်သစ်နိုင်ငံသည်လည်း ကိုဗစ်-၁၉ ပဉ္စမအကျော့ကို ကြံ့ကြံ့ခံရင်ဆိုင်နိုင်ရန် ကြိုးပမ်းလျက်ရှိသည်။

### ထိန်းချုပ်မှုအားကောင်းအောင် လုပ်ဆောင်မည်

ကိုဗစ်-၁၉ ကပ်ရောဂါ တိုက်ဖျက်မှုမှာ ဆုံးခန်းတိုင်မရောက်သေးဟု နိုင်ငံကိုပြောကြားသည့် မိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့သည်။ ပြည်သူများ ကိုဗစ် -၁၉ ကာကွယ်ရေးနှင့် အခြားသော ဆောင်းရာသီကူးစက်ရောဂါများကို ကာကွယ်နိုင်ရေး အတားအဆီးများထားသင့်သည်ဟု ပြင်သစ်သမ္မတ မက်ခရွန်က ပြောသည်။ လေဆိပ်များ၊ ဆိပ်ကမ်းများနှင့် ရထားဘူတာရုံများတွင် ကျန်းမာရေးဆေးစစ်ချက် ထိန်းချုပ်မှုကို ပိုမိုအားကောင်းအောင် လုပ်ဆောင်မည်ဟုလည်း ပြင်သစ်သမ္မတက ပြောသည်။

### ကာကွယ်ဆေးအလုံးရေသန်း ၁၀၀ ကျော်ထိုးပေး

ထို့ပြင် အသက် ၆၅ နှစ်အထက်များနှင့် ထိခိုက်လွယ်သည့်နိုင်ငံသားများကို တတိယအကြိမ် ကာကွယ်ဆေးထိုးပေးမည်ဖြစ်သည်။




စူပါမားကတ်အတွင်း ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးသည့်စင်တာကို လမ်းညွှန်ထားသည့် လမ်းညွှန်ဆိုင်းဘုတ်ဘေးမှ ဖြတ်လျှောက်သွားသူ တစ်ဦးကို တွေ့ရစဉ်။

**ပြင်သစ်နိုင်ငံတွင် ပြည်သူများ ပုံမှန်လူနေထိုင်မှုဘဝ ပြန်လည်ရောက်ရှိစေရေးနှင့် ပြည်သူများအားလုံး အကာအကွယ်ဖြစ်စေရေးအတွက် ကာကွယ်ဆေး မထိုးရသေးသည့် ပြည်သူခြောက်သန်းကိုလည်း ကာကွယ်ဆေးထိုးနှံမှုခံယူကြရန် ပြင်သစ်သမ္မတက တိုက်တွန်းထား**

ပြင်သစ်နိုင်ငံသည် ကိုဗစ်-၁၉ တိုက်ဖျက်ရေးတွင် ကျန်းမာရေးဆိုင်ရာအခန်းကဏ္ဍကိုပိုမိုအားကောင်းအောင်လုပ်ဆောင်သွားမည်ဖြစ်သည်။

ကပ်ရောဂါထိန်းချုပ်နိုင်ရေး စီမံနိုင်ခဲ့သည့်အတွက် ပြီးခဲ့သည့် ဇူလိုင်လနှောင်းပိုင်းမှ စတင်ကာ လုပ်ဆောင်ခဲ့သည့် ကျန်းမာရေးဆိုင်ရာ မဟာဗျူဟာမြောက်လှုပ်ရှားမှုများကို ကျေးဇူးတင်ရမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလအတွင်းမှ စတင်ကာ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံရေးအစီအစဉ်များကို ပြင်သစ်နိုင်ငံတွင် စတင်ခဲ့ပြီး ၁၀ လတာ ကာလအတွင်း ကာကွယ်ဆေးအလုံးရေ သန်း ၁၀၀ ကျော် ထိုးပေးနိုင်ခဲ့သည်။

### တတိယအကြိမ်ကာကွယ်ဆေးထိုးပေးမည်

ပြင်သစ် ပြည်သူ ၅၁ သန်းမှာ ကာကွယ်ဆေးအပြည့် ထိုးပြီးဖြစ်သည်ဟု ပြင်သစ်သမ္မတ အီမန်နျူရယ်မက်ခရွန်က ပြောသည်။ ကာကွယ်ဆေးထိုးပြီး ခြောက်လအကြာတွင် တတိယအကြိမ် ကာကွယ်ဆေးထိုးနှံမှုခံယူရန်လည်း သမ္မတ မက်ခရွန်က တိုက်တွန်းထားသည်။ အသက် ၆၅ နှစ်နှင့်အထက်များကို တတိယအကြိမ် ကာကွယ်ဆေးထိုးနှံပေးမှုပြီးဆုံးပါက ဒီဇင်ဘာအစောပိုင်းမှ စတင်ကာ အသက် ၅၀ မှ ၆၄ နှစ် အတွင်း ပြည်သူများကို တတိယအကြိမ် ကာကွယ်ဆေးထိုးနှံမှု စတင်မည်ဖြစ်သည်။

### သတိပေးခဲ့

ပြင်သစ်နိုင်ငံတွင် ပြည်သူများ ပုံမှန်လူနေထိုင်မှုဘဝ ပြန်လည်ရောက်ရှိစေရေးနှင့် ပြည်သူများအားလုံး အကာအကွယ်ဖြစ်စေရေးအတွက် ကာကွယ်ဆေး မထိုးရသေးသည့် ပြည်သူခြောက်သန်းကိုလည်း ကာကွယ်ဆေးထိုးနှံမှုခံယူကြရန် ပြင်သစ်သမ္မတက တိုက်တွန်းထားသည်။

မိမိကိုယ်ကို ကာကွယ်ရန် လိုအပ်သည့် ကာကွယ်မှုများ လုပ်ဆောင်ထားမှသာလျှင် အခြေအနေများကို ရှေ့ဆက်နိုင်မည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ ဥရောပတွင် ကိုဗစ်-၁၉ ကူးစက်မှုများ တစ်ဖန်ခေါင်းမော့လာသည့်အတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးအနေဖြင့် စိုးရိမ်တကြီး သတိပေးမှုများ ပြုလုပ်ခဲ့သည်။

### လူသေဆုံးမှုများပြားလာနိုင်

ဒေသတွင်း ကိုဗစ်-၁၉ ကူးစက်မှုနှုန်းမှာ မြင့်မားလာပါက ဥရောပနှင့် အာရှအလယ်ပိုင်းတို့တွင် လာမည့်သုံးလအတွင်း ကိုဗစ်-၁၉ ကူးစက်မှုကြောင့် လူပေါင်း ၅၀၀၀၀၀ သေဆုံးနိုင်သည်ဟုလည်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက သတိပေးထားသည်။ ဥရောပသည် ကူးစက်မှု၏ ဗဟိုချက်မနေရာ တစ်ဖန်ပြန်ဖြစ်နိုင်သည်ဟုလည်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးမှ ညွှန်ကြားရေးမှူးဖြစ်သူ ဟန့်စ်ကလူဂါက ပြောသည်။

ကူးစက်မှုများ အဆမတန်များလာခြင်း၊ ဆေးရုံတက်ရခြင်းများနှင့် လူသေဆုံးမှုများ များလာခြင်းတို့နှင့် တွေ့ကြုံရဖွယ်ရှိသည်ဟုလည်း ၎င်းက ဆက်လက်သတိပေးထားသည်။

### ကူးစက်မှုများပြားနေ

ပြီးခဲ့သည့် လေးပတ်တာ ကာလအတွင်း ကိုဗစ်-၁၉ နောက်ထပ်ကူးစက်မှုများမှာ ၅၅ ရာခိုင်နှုန်းကျော်ရှိခဲ့သည်ဟုလည်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ အကယ်၍ ကူးစက်မှုများ ဆက်လက်ဖြစ်ပွားနေပါက ဥရောပနှင့် အာရှအလယ်ပိုင်းတို့တွင် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလရောက်လျှင် နောက်ထပ်သေဆုံးမှုပေါင်း ၅၀၀၀၀၀ ရှိလာနိုင်သည်ဟုလည်း သတိပေးထားသည်။ ယခုသီတင်းပတ်အတွင်း ဥရောပတွင် ကိုဗစ်-၁၉ ကူးစက်မှုများပြားနေသည်မှာ ငါးပတ်ဆက်တိုက်ရှိနေပြီဖြစ်ပြီး အသက်အုပ်စု အကုန်လုံးတွင် ကူးစက်နေခြင်းဖြစ်သည်ဟုလည်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ပြောသည်။

### ကာကွယ်ဆေးထိုးနှံမှုခံယူသူ မလုံလောက်

အဆိုပါကူးစက်မှုနှုန်းမှာ ယခုအခါ ကမ္ဘာပေါ်တွင် အမြန်ဆုံးဖြစ်နေပြီး လူပေါင်း ၁၀၀၀၀၀ တွင် ကူးစက်မှုအသစ် ၁၉၂ ဦးရှိသည်ဟုလည်း သိရသည်။ ယခုလိုကူးစက်မှုများ များပြားလာခြင်းမှာ ကာကွယ်ဆေးထိုးနှံသူဦးရေ မလုံလောက်ခြင်း၊ ပြည်သူ့ကျန်းမာရေးနှင့် လူမှုဝေးကွာအစီအစဉ်များကို ဖြေလျှော့ပေးခြင်းတို့ကြောင့် ဖြစ်သည်ဟုလည်း ဟန့်စ်ကလူဂါက ပြောသည်။

နိုင်ငံများတွင် ကာကွယ်ဆေးထိုးနှံပေးသည့် အစီအစဉ်မှာ အမျိုးမျိုးဖြစ်နေသည်။ ပျမ်းမျှအားဖြင့် လူဦးရေ၏ ၄၇ ရာခိုင်နှုန်းသာ ကိုဗစ် -၁၉ ကာကွယ်ဆေးကို အပြည့်ထိုးရသေးသည်။ နိုင်ငံ ရှစ်နိုင်ငံသာလျှင် ကိုဗစ် -၁၉ ကာကွယ်ဆေး ၇၀ ရာခိုင်နှုန်းအထိ ထိုးပြီးဖြစ်သည်။

### အင်တိုက်အားတိုက် လုပ်ဆောင်သင့်

အာဏာပိုင်များအနေဖြင့် ကိုဗစ် - ၁၉ ကာကွယ်ဆေးထိုးနှံပေးမှုအစီအစဉ်ကို အင်တိုက်အားတိုက် လုပ်ဆောင်သင့်သည်ဟုလည်း ပြောကြားထားသည်။ ကိုဗစ်-၁၉ ကြောင့် ဆေးရုံတက်ရခြင်းနှင့် လူသေဆုံးမှုများမှာ ကာကွယ်ဆေးမထိုးရသေးသူများတွင် အဖြစ်များကြောင်း သိရသည်။ လူဦးရေ ၉၅ ရာခိုင်နှုန်းသာ ပါးစပ်၊ နှာခေါင်းစည်းတပ်ဆင်ပါက လူ့အသက်ပေါင်း ၁၈၈၀၀၀ ကို ကယ်တင်နိုင်လိမ့်မည်ဟု ဟန့်စ်ကလူဂါက ပြောသည်။ ထို့ကြောင့် အာဏာပိုင်များအနေဖြင့် ပြည်သူ့ကျန်းမာရေးဆိုင်ရာ လှုပ်ရှားမှုများကို အင်တိုက်အားတိုက်လုပ်ဆောင်သင့်သည်ဟု ၎င်းက ဆက်လက်အကြံပေးခဲ့သည်။

**ကိုးကား - ဆင်ဟွာ**

# နိုဝင်ဘာ ၁၀ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၁၈၀ တွေ့ရှိ

## ထပ်မံသေဆုံးသူ ၁၄ ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း ၁၈၈၆၉ ဦးရှိ

### (၁၀-၁၁-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရောဂါ ထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် **ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းကမ်းများကို စနစ်တကျလိုက်နာဆောင်ရွက်ရန် လိုအပ်ပြီး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြုပူးပေါင်းဆောင်ရွက်ကြရန်** လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက် လျက်ရှိပြီး (၉-၁၁-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၀-၁၁-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂၈,၈၁၉) ခုအား စစ်ဆေးပြီးစီးခဲ့ရာ **ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁,၁၈၀) ဦး တွေ့ရှိ**ရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၄.၀၉) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၅,၁၁၀,၈၉၂)ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲ အတည်ပြုလူနာ စုစုပေါင်း (၅၀၉,၇၇၁) ဦးရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၉၄၁) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၄၈၁,၁၆၁) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၁၄)ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း (၁၈,၈၆၉) ဦး ရှိပါသည်။

ကိုဗစ်-၁၉ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၉-၁၁-၂၀၂၁) ရက်နေ့အထိ လူဦးရေ စုစုပေါင်း (၁၄,၁၅၇,၂၀၀) ဦးအား ထိုးနှံပေးပြီးဖြစ်၍ ကာကွယ်ဆေးနှစ်ကြိမ်အပြည့် ထိုးနှံပြီးစီးသူ (၈,၈၅၃,၅၅၄) ဦးနှင့် ပထမအကြိမ်ထိုးနှံပြီးစီးသူ (၅,၃၀၃,၆၄၆) ဦး ရှိပြီဖြစ်ပါသည်။ သို့ဖြစ်ပါ၍ (၉-၁၁-၂၀၂၁) ရက်နေ့အထိ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ရေ စုစုပေါင်း (၂၃,၀၁၀,၇၅၄) ကြိမ် ထိုးနှံပြီး ဖြစ်ပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**
**(၁၀-၁၁-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၂,၀၅၂) ခု | (၁၈၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၁၀၅) ခု | (၆) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၇၆၇) ခု | (၃၀) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၈၅) ခု | (၂) ဦး |
| လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၁၃) ခု | (၈) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၃၉၈) ခု | (၉) ဦး |
| နေပြည်တော်ကောင်စီ၊တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၆၂၂) ခု | (၃၉) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ပြည်သူ့ ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၂၃,၇၇၇) ခု | (၉၀၅) ဦး |
| **စုစုပေါင်း** | (၂၈,၈၁၉) ခု | (၁,၁၈၀) ဦး |

**ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနိုင်မှုအခြေအနေ**
**(၉-၁၁-၂၀၂၁) ရက်နေ့**

| ကာကွယ်ဆေးထိုးနှံမှု | အရေအတွက် |
|---|---|
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေ | (၅,၃၀၃,၆၄၆) ဦး |
| ကာကွယ်ဆေး (၂)ကြိမ်အပြည့် ထိုးနှံပြီး လူဦးရေ | (၈,၈၅၃,၅၅၄) ဦး |
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေနှင့် (၂)ကြိမ်အပြည့် ထိုးနှံပြီး လူဦးရေစုစုပေါင်း | (၁၄,၁၅၇,၂၀၀) ဦး |
| စုစုပေါင်း ထိုးနှံပြီးသော ကာကွယ်ဆေး အကြိမ်ပေါင်း (Vaccine Doses) | (၂၃,၀၁၀,၇၅၄) ကြိမ် |

- ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ၁၀- ၁၁ - ၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၄၇၅၃၆၅၃၆ | ၃၇၆၀၄၅၄၀ | ၇၇၈၃၁၆ |
| ၂။ | အိန္ဒိယ | ၃၄၃၈၆၇၈၆ | ၃၃၇၇၆၀၅၃ | ၄၆၁၈၂၇ |
| ၃။ | ဘရာဇီး | ၂၁၈၉၇၀၂၅ | ၂၁၁၀၀၈၈၈ | ၆၀၉၈၁၆ |
| ၄။ | ဗြိတိန် | ၉၃၆၆၆၇၆ | ၇၆၆၅၅၃၂ | ၁၄၂၁၂၄ |
| ၅။ | ရုရှား | ၈၉၁၁၇၁၃ | ၇၆၅၄၁၆၁ | ၂၅၀၄၅၄ |
| ၆။ | တူရကီ | ၈၂၈၈၁၆၅ | ၇၇၆၆၁၁၈ | ၇၂၅၁၀ |
| ၇။ | ပြင်သစ် | ၇၂၃၂၁၅၇ | ၆၉၈၄၀၅၆ | ၁၁၈၀၂၃ |
| ၈။ | အီရန် | ၆၀၁၂၄၀၈ | ၅၆၄၃၃၈၁ | ၁၂၇၆၈၆ |
| ၉။ | အာဂျင်တီးနား | ၅၂၉၉၄၁၈ | ၅၁၆၆၂၅၁ | ၁၁၆၁၆၅ |
| ၁၀။ | စပိန် | ၅၀၃၂၀၅၆ | ၄၈၈၃၇၅၂ | ၈၇၅၅၈ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

၁၀- ၁၁ - ၂၀၂၁

| နိုင်ငံ | ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၄၂၄၉၃၂၃ | ၄၀၉၆၁၉၄ | ၁၄၃၅၉၂ |
| ဖိလစ်ပိုင် | ၂၈၀၉၃၁၁ | ၂၇၃၅၅၀၈ | ၄၄၆၆၅ |
| မလေးရှား | ၂၅၁၇၁၇၃ | ၂၄၂၅၉၄၃ | ၂၉၄၂၇ |
| ထိုင်း | ၁၉၈၉၄၇၃ | ၁၈၇၃၁၈၄ | ၁၉၈၂၆ |
| ဗီယက်နမ် | ၉၉၂၇၃၅ | ၈၄၄၀၅၄ | ၂၂၇၆၅ |
| မြန်မာ | ၅၀၉၇၇၁ | ၄၈၁၁၆၁ | ၁၈၈၆၉ |
| စင်ကာပူ | ၂၂၄၂၀၀ | ၁၉၈၀၉၉ | ၅၂၃ |
| ကမ္ဘောဒီးယား | ၁၁၉၂၉၂ | ၁၁၅၆၅၉ | ၂၈၄၅ |
| လာအို | ၅၀၀၃၂ | ၄၀၃၅၀ | ၉၁ |
| ဘရူနိုင်း | ၁၃၈၆၄ | ၁၂၉၀၀ | ၉၃ |

# ကျောင်းသား ကျောင်းသူများကို လမ်းညွှန်ဆုံးမနိုင်ရေး ဆရာ ဆရာမများအနေဖြင့် စာပေများ ဖတ်ရှုလေ့လာရန် လိုအပ်

ဘိုကလေး နိုဝင်ဘာ ၁၀

**ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ်ရှိ ဘိုကလေးပညာရေးဒီဂရီကောလိပ်တွင် ယနေ့ နံနက် ၉ နာရီခွဲက ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် ယခုစာသင်နှစ်အတွက် အသစ်ခန့်အပ်ထားသည့် အခြေခံပညာ ဆရာ ဆရာမ သစ်လွင်များ တွေ့ဆုံပွဲကျင်းပသည်။** (ယာပုံ)



အဆိုပါ ဆရာ ဆရာမသစ်လွင်များသည် နိုဝင်ဘာ၈ ရက်မှစတင်၍ သင်တန်းကာလတစ်လဖြင့် ဘိုကလေးပညာရေးဒီဂရီကောလိပ်တွင် မွမ်းမံသင်တန်း တက်ရောက်နေခြင်းဖြစ်ပြီး ၎င်းတို့အား တိုင်းဒေသကြီးဝန်ကြီးချုပ်က လာရောက်တွေ့ဆုံခြင်းဖြစ်ကြောင်းနှင့် တွေ့ဆုံပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆရာ ဆရာမများအနေဖြင့် သင်ကြားရေးလုပ်ငန်းစဉ်များဆောင်ရွက်ရာတွင် ကျောင်းသား ကျောင်းသူများအပေါ် စာကိုလည်းသင်၊ လူကိုလည်း ပြင်စေလိုကြောင်း၊ နာ(၃)နာကို အခြေခံပြီး ကျောင်းသား ကျောင်းသူများအတွက် စံပြနမူနာဖြစ်အောင် ကျင့်ကြံနေထိုင်စေလိုကြောင်း၊ ကျောင်းသား ကျောင်းသူများကို လမ်းညွှန်ဆုံးမနိုင်ရေး ဆရာ ဆရာမများအနေဖြင့် စာပေများ ဖတ်ရှုလေ့လာရန် လိုအပ်ကြောင်း အမှာစကား ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က မွမ်းမံသင်တန်းတက်ရောက်နေသည့် ဆရာ ဆရာမများအတွက် ချီးမြှင့်ငွေကျပ်သိန်း ၄၀ ပေးအပ်ပြီး ဘိုကလေးပညာရေး ဒီဂရီကောလိပ်ကျောင်းအုပ်ကြီး ဒေါ်ခင်ချိုမြင့်က လက်ခံရယူသည်။ အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး ပညာရေးမှူး ဦးတင်လှိုင်နှင့်အဖွဲ့၊ ခရိုင်စီမံအုပ်ချုပ်ရေးဉက္ကဋ္ဌ ဦးနေဝင်းနှင့်အဖွဲ့၊ မြို့နယ်စီမံအုပ်ချုပ်ရေးဉက္ကဋ္ဌ ဦးသိန်းဇော်ဦးနှင့်အဖွဲ့၊ ခရိုင်ပညာရေးမှူး၊ မြို့နယ်ပညာရေးမှူး၊ ဘိုကလေးပညာရေးဒီဂရီကောလိပ်မှ ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများ၊ မွမ်းမံသင်တန်းတက်ရောက်သည့် ဆရာ ဆရာမ သစ်လွင်များ တက်ရောက်ကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဘိုကလေးပညာရေးဒီဂရီကောလိပ်မှ စာသင်ဆောင်များ၊ သင်တန်းသားအိပ်ဆောင်များ၊ စားဖိုဆောင်နှင့် ဆောက်လုပ်ဆဲ သင်တန်းသားဆောင်တို့ကို လှည့်လည်ကြည့်ရှုပြီး အောင်တော်မူဘုရားအတွင်းရှိ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ ကျန်းမာရေးဌာန၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့တို့ ပူးပေါင်း၍ ပြည်သူများအား ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးမှုလုပ်ငန်းများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

မိုးစက်(ဘိုကလေး)

## သူ့အတွေး သူ့အမြင်

# သက်ရှည်ကျန်းမာရေး စားသုံးနေထိုင်မှုပုံစံ ပြောင်းလဲပေး

**မောင်နိုင်**



မြန်မာနိုင်ငံ၏ မျှော်မှန်းသက်တမ်းသည် ကျန်းမာရေးဝန်ကြီးဌာန၏ တွက်ချက်မှုအရ ၂၀၂၀ ပြည့်နှစ်တွင် ၆၇ ဒသမ ၄၂ နှစ်ရှိပြီး WHO ၏ တွက်ချက်မှုအရ ၆၇ ဒသမ ၇၈ နှစ်ဖြစ်ကြောင်း သိရသည်။

ထို့ကြောင့် မျှော်မှန်းသက်တမ်းတိုးတက်စေရေးအတွက် ပြည်သူတိုင်း သက်တမ်းစေ့နေနိုင်ရန် ကာဗိုဟိုက်ဒရိတ်ပါသော အစားအစာများဖြစ်သည့် ဆန်၊ အာလူး၊ ပေါင်မုန့်၊ ပြောင်းဖူး၊ သကြား အစရှိသည်တို့နှင့် ပရိုတင်းဓာတ်ပါသော ကြက်ဥ၊ အသား၊ ငါး၊ အစေ့အဆန်၊ နို့နှင့် နို့ထွက်ပစ္စည်းတို့ကို သင့်တင့်လျောက်ပတ်စွာ စားသုံးပေးကြရမည်ဖြစ်သည်။ ကာဗိုဟိုက်ဒရိတ်သည် ကာဗွန်နှင့် ရေတို့ပါဝင်သည့် ဒြပ်ပေါင်းတစ်မျိုးဖြစ်ပြီး ခန္ဓာကိုယ်အတွက် လိုအပ်သော စွမ်းအင်များကို ပံ့ပိုးပေးသည့် သကြားဓာတ်များ ဖြစ်သည်။ ထို့ကြောင့် အချိုဓာတ်များသည့် အချိုရည်၊ သကြား၊ မုန့်အချို၊ ကိတ်မုန့်၊ ထမင်း စသည်တို့ကို လျှော့စားရန် လိုအပ်ခြင်းဖြစ်သည်။

ပရိုတင်းသည် အမိုင်နိုအက်ဆစ်ဓာတ်များ ပေါင်းစည်းပြီး ဖြစ်ပေါ်လာခြင်းဖြစ်သည်။ ခန္ဓာကိုယ်အတွက် လိုအပ်သည့် ကြွက်သားများ ဖွံ့ဖြိုးရန်၊ အဆီပိုများလျှော့ချရန် ပရိုတင်းဓာတ်သည် အရေးအကြီးဆုံးဖြစ်သည်။ ပရိုတင်း ချို့တဲ့ပါက ဖောရောင်ခြင်း၊ အသည်းအဆီဖုံးခြင်း၊ အရေပြား၊ ဆံပင်၊ လက်သည်းများ မကောင်းခြင်း၊ ကြွက်သားများ ကျုံ့လှီလာခြင်း၊ အရိုးများ ကျိုးပဲ့လွယ်ခြင်း၊ ကလေးများ ဖွံ့ဖြိုးကြီးထွားမှုနည်းခြင်း၊ ရောဂါပိုးကူးစက်မှု ပြင်းထန်ခြင်း စသည်တို့ကို ခံစားနိုင်ရသည့်အတွက် ခန္ဓာကိုယ်အတွက် လိုအပ်သည့် ပရိုတင်းဓာတ်ပမာဏ ပြည့်မီအောင် စားသောက်ကြရမည်ဖြစ်သည်။

မျှော်မှန်းသက်တမ်းတိုးပြီး အသက်ရှည်ရန်ဆိုလျှင် ဆေးလိပ်နှင့် အရက်လွန်ကဲစွာ သောက်သုံးမှုကိုလည်း လျှော့ချသွားရမည်ဖြစ်ပြီး သင့်လျော်သည့် ကိုယ်လက်လှုပ်ရှား အားကစားနည်းတစ်မျိုးမျိုးကို ပြုလုပ်ပေးသင့်သည်။ တစ်ရက်လျှင် နာရီဝက်ခန့် လေရှူလမ်းလျှောက်လျှင်ပင် အကျိုးများပြီး ကုန်ကျစရိတ်မများသည့် အားကစားပြုလုပ်ခြင်းပင်ဖြစ်သည်။ မကြာမီ ဒီဇင်ဘာ လူထုအားကစားလ ရောက်ရှိတော့မည်ဖြစ်ရာ နိုင်ငံတစ်ဝန်း အားကစားပြိုင်ပွဲများ၊ လမ်းလျှောက်ခြင်းများဖြင့် ပြည်သူအားလုံး ကျန်းမာရေးအတွက် ပါဝင်ဆောင်ရွက်သင့်ပါသည်။

ဤသို့ဆိုလျှင် မြန်မာနိုင်ငံ၏ မျှော်မှန်းသက်တမ်း တိုးတက်လာစေရေးအတွက် ပြည်သူအားလုံးက စားသုံးမှုပုံစံနှင့် နေထိုင်မှုပုံစံကို အချိန်မီပြုပြင်သွားပါက မကြာမီကာလတွင် မြန်မာ့လူ့သက်တမ်းသည် နှစ် ၈၀၊ ၉၀ ထိတိုင် သက်ရှည်ကျန်းမာ တိုးတက်အောင်မြင်သည့် နိုင်ငံသားများ မုချကေန်အမှန်စင်စစ် ဖြစ်လာတော့မည်ဟု ယုံကြည်နေမိပါတော့သည်။ ။

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှအဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၁၀

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်း၊ ချင်းရွှေဟော်နှင့် မြဝတီကုန်သွယ်ရေးစခန်းတို့မှ တင်သွင်းရာ၌ ကုမ္ပဏီနှစ်ခုမှ ယာဉ်စီးရေ နှစ်စီးဖြင့် အောက်ဆီဂျင်အရည် Bowser တစ်စီး တန် ၂၀၊ လုပ်ငန်းသုံးအောက်ဆီဂျင်စက်(Oxygen Generator) နှစ်ခုနှင့် နှာခေါင်းစည်း (Mask) ၈၆ တန်တို့ကို တင်သွင်းခဲ့ပြီး OxygenBowser ယာဉ်တစ်စီးမှာ မြဝတီကုန်သွယ်ရေးဇုန်မှ ရန်ကုန်မြို့သို့ဖြစ်ကြောင်း သိရှိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာ ဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့်ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**သတင်းစဉ်**





တတ်နိုင်သမျှ
မိမိအိမ်တွင်သာ
နေပါ

# အကြမ်းဖက်သမားများက ကလေးသူငယ်များ ပညာသင်ကြားနေသည့် စာသင်ဆောင်များနှင့် ပညာရေးဝန်ထမ်းများ၏ အိမ်ရာများအား မီးရှို့ဖျက်ဆီး

နေပြည်တော် နိုဝင်ဘာ ၁၀

**အကြမ်းဖက်သမားများအနေဖြင့် ၎င်းတို့၏ ကိုယ်ကျိုးအတ္တကို အခြေခံ၍ လည်ပတ်နေသော အုပ်ချုပ်ရေးယန္တရားကို ထိခိုက်ပျက်စီးစေရန် ရည်ရွယ်ချက်ဖြင့် အကြမ်းဖက်လုပ်ရပ်များကို နေရာအချို့၌ ကျူးလွန်လုပ်ဆောင်လျက်ရှိရာ ကျောင်းများပြန်လည်ဖွင့်လှစ်လျက်ရှိသည့် အချိန်တွင်လည်း ပညာသင်ကြားနေသော ကျောင်းသား ကျောင်းသူများ၊ ပညာသင်ကြားပေးနေသည့် ဆရာ ဆရာမများနှင့် ပညာရေးဝန်ထမ်းများ၊ မိဘအုပ်ထိန်းသူများ ကြောက်ရွံ့ထိတ်လန့်စေရန် လုပ်ကြံသတ်ဖြတ်ခြင်း၊ စာသင်ကျောင်းများကို မိုင်းထောင်ဖောက်ခွဲခြင်းတို့အထိ အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်လျက်ရှိကြသည်။**

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့ မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ အင်းဒိုင်းကုန်းရပ်ကွက်ရှိ အမှတ်(၉) အခြေခံပညာ ကျောင်းဝင်းအတွင်းသို့ အကြမ်းဖက်သမား နှစ်ဦးက ဆိုင်ကယ်ဖြင့် လာရောက်၍ လက်ပစ်ဗုံး တစ်လုံးဖြင့် ပစ်ပေါက်ခဲ့ရာ ကျောင်းဝင်းအတွင်းရှိ မုန့်ဆိုင်တန်း အဟောင်းပေါ်သို့ ကျရောက်ပေါက်ကွဲခဲ့သည်။



ကလေးမြို့ရှိ အမှတ်(၉) အခြေခံပညာအထက်တန်းကျောင်းအား အကြမ်းဖက်သူ နှစ်ဦးက လက်လုပ်ဗုံးဖြင့် ပစ်ပေါက်ခဲ့သဖြင့် ကျရောက်ပေါက်ကွဲခဲ့သည့်နေရာ။

အလားတူ နိုဝင်ဘာ ၈ ရက် ည ၁၂ နာရီ ၁၀ မိနစ်ခန့်တွင် ကချင်ပြည်နယ် မံစီမြို့နယ် မံဝိန်းလေးကျေးရွာ အခြေခံပညာ မူလတန်းကျောင်းဝင်းအတွင်းရှိ ဆရာ ဆရာမများ နေထိုင်ရန် ဆောက်လုပ်ထားသည့် အဆောက်အအုံ နှစ်လုံးအား အကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးခဲ့သဖြင့် ကျေးရွာနေပြည်သူများက ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ နိုဝင်ဘာ ၉ ရက် နံနက် ၁ နာရီခန့်တွင်



မံစီမြို့နယ် မန်ဝိန်းလေးကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်းဝင်းအတွင်းရှိ ကျောင်းဆရာ ဆရာမများ နေထိုင်ရန် ဆောက်လုပ်ထားသည့် အဆောက်အအုံကို အကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးခဲ့၍ မီးလောင်မှုကို တွေ့ရစဉ်။

မီးငြိမ်းသွားခဲ့သည်။ မီးလောင်မှုကြောင့် သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း နှစ်ခန်းတွဲ မြေစိုက်အဆောက်အအုံ တစ်လုံး မီးလောင်ပျက်စီးခဲ့သည်။

ထို့ပြင် နိုဝင်ဘာ ၉ ရက် ည ၉ နာရီခွဲခန့်တွင်လည်း ရေဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် လေးအိမ်စုကျေးရွာရှိ တိုးမာလာ အခြေခံပညာမူလတန်းကျောင်း၏ နှစ်ထပ်ကျောင်းဆောင် အနောက်ဘက် လှေကား၌ အဝတ်စ တစ်စ မီးလောင်နေသည်ကို တွေ့ရှိရသဖြင့် ပြည်သူများက ဝိုင်းဝန်းငြိမ်းသတ်ပြီး ကျောင်းပေါ်သို့ ကြည့်ရှုခဲ့ရာ ကျောင်းအပေါ်ထပ် ဝရန်တာရှိ သစ်သားကြမ်းခင်းများပေါ်တွင် ဒီဇယ်ဆီများ လောင်းထားသည်ကို တွေ့ရှိခဲ့ရသည်။

အဆိုပါ ဖြစ်စဉ်များနှင့် ပတ်သက်၍ ကျောင်းနေအရွယ် ကလေးသူငယ်များ ပညာသင်ကြားလျက်ရှိသည့် စာသင်ကျောင်းများ၊ ဆရာ ဆရာမများ နားနေဆောင်များနှင့် ပြည်သူများ ပိုင်ဆိုင်သည့် နေအိမ်များအား မီးရှို့ဖျက်ဆီးမှုများ ကျူးလွန်ခဲ့သည့် အကြမ်းဖက်သမားများအား စုံစမ်းဖော်ထုတ်၍ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူ ဆောင်ရွက်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ ၊ ဆေး၊ အလှူငွေများပေးအပ်လှူဒါန်း

**နေပြည်တော် နိုဝင်ဘာ ၁၀**

တပ်မတော်(ကြည်း၊ ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများနှင့် စေတနာရှင်အလှူရှင်များက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများလှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့ တောင်ပေါ်ကျောင်း၊ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် စော်ဘွားကြီးကုန်းရပ်ကွက်ရှိ အာသောကာရုံကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် တောင်စလင်းတိုက်သစ်ရှိ အဂ္ဂမဟာသဒ္ဓမ္မဇောတိကကျောင်း၊ ပြင်ဦးလွင်မြို့ရှိ ဝိသုဒ္ဓါရုံကျောင်းတိုက်၊ ရွှေစေတီကျောင်းတိုက်၊ ဗြဟ္မဝိဟာရကျောင်းတိုက်၊ နားချိုက်ဘုန်းတော်ကြီးကျောင်းတိုက်နှင့် စဉ့်ကူးမြို့နယ် တောင်အင်းကျေးရွာ ဘုန်းတော်ကြီးကျောင်းတို့ရှိ ဆရာတော်၊ သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ၊ နေ့ဆွမ်းများနှင့် လှူဖွယ်ပစ္စည်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် နိုဝင်ဘာ ၁၀**

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ဖာပွန်မြို့တွင် ၁ ဒသမ ၁၀ လက်မ၊ မှော်ဘီမြို့တွင် ၁ ဒသမ ၀၂ လက်မ၊ ပဲခူးမြို့တွင် ၀ ဒသမ ၉၁ လက်မနှင့် ပင်လောင်းမြို့တွင် ၀ ဒသမ ၆၃ လက်မတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

## ထန်တလန်မြို့ပေါ်ရှိ နေအိမ်များနှင့် ဘာသာရေးအဆောက်အဦများအား PDF အကြမ်းဖက်အဖွဲ့က မီးရှို့ဖျက်ဆီးမှုများ ဆက်လက်လုပ်ဆောင်

**နေပြည်တော် နိုဝင်ဘာ ၁၀**

အကြမ်းဖက်အဖွဲ့ဖြစ်သည့် NUG အဖွဲ့သည် လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့် ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ဒေသခံ ပြည်သူလူထုအတွက် လမ်းပန်း ဆက်သွယ်ရေးနှင့် ကျန်းမာရေးကိစ္စရပ်များအတွက် အလေးထား အသုံးပြုလျက်ရှိသော လမ်းတံတားများအား ဖောက်ခွဲဖျက်ဆီးခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို စိုးရိမ်ထိတ်လန့်စေပြီး မြို့၊ ရွာများတွင် မနေထိုင်ရဲစေရေး မြို့၊ ရွာများအား မီးရှို့ဖျက်ဆီးခြင်းများအပြင် ဒလန်ဟုစွပ်စွဲ၍ သတ်ဖြတ်ခြင်းများကိုပါ ကျူးလွန်လုပ်ဆောင်လျက်ရှိသည်ကို တွေ့ရှိရသည်။

ထိုအကြမ်းဖက်လုပ်ရပ်များအနက် NUG အကြမ်းဖက်အဖွဲ့၏ ညွှန်ကြားခံအဖွဲ့ဖြစ်သော ဒေသခံ PDF အကြမ်းဖက်အဖွဲ့သည် နိုဝင်ဘာ ၈ ရက် နံနက် ၂ နာရီခွဲခန့်တွင် ထန်တလန်မြို့ အမှတ်(၃) ရပ်ကွက်ရှိ နေအိမ် သုံးလုံး (ကာလတန်ဖိုးငွေကျပ် ၂၈ သိန်းကျော်)ကိုလည်းကောင်း၊ နိုဝင်ဘာ ၉ ရက် ည ၉ နာရီခန့်တွင် နေအိမ် ၁၅ လုံး (ကာလတန်ဖိုး ငွေကျပ်



ထန်တလန်မြို့ပေါ်ရှိ ဘာသာရေးအဆောက်အဦများကို PDF အကြမ်းဖက်အဖွဲ့က မီးရှို့ဖျက်ဆီးထားသည်ကို တွေ့ရစဉ်။

သိန်း ၄၈၀ ကျော်)ကို လည်းကောင်း အကြောင်းမဲ့ ထပ်မံမီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရှိရသည်။

အလားတူ နိုဝင်ဘာ ၆ ရက် နံနက် ၅ နာရီ ၄၅ မိနစ်ခန့်တွင် ချင်းပြည်နယ် ထန်တလန်မြို့ရှိ နယ်မြေခံ လုံခြုံရေးစခန်းကို လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်ခဲ့သောကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်ခဲ့ရာ အကြမ်းဖက်သမားများသည် တောင်ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားခဲ့ပြီး ၎င်းတို့ထွက်ပြေးရာ လမ်းတစ်လျှောက်ရှိ ဈေးဆိုင်တန်း ခြောက်လုံးနှင့် နေအိမ်တစ်လုံးတို့ကို မီးရှို့ဖျက်ဆီးခဲ့သည်။

အကြမ်းဖက် အဖွဲ့ဖြစ်သည့် NUG အဖွဲ့သည် ၎င်းတို့၏ မူလရည်ရွယ်ချက်ဖြစ်သည့် တိုင်းပြည်တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုကို ထိခိုက်ပျက်ပြားစေရန် လေလှိုင်းမှတစ်ဆင့် မြှောက်ပင့်သွေးထိုး၍ ဝါဒဖြန့်ချိကာ ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကိုရင်း၍ နိုင်ငံတကာမှ ကူညီထောက်ပံ့မှုများ ရရှိစေရန်နှင့် နိုင်ငံအပေါ် အထင်အမြင်လွဲမှားမှုများ ဖြစ်ပေါ်လာစေရန် လုပ်ဆောင်လျက်ရှိရာ ဒေသတွင်း တည်ငြိမ်အေးချမ်းမှု ရရှိစေရေးနှင့် တရားဥပဒေစိုးမိုးမှု ရှိစေရေးအတွက် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများကို လုံခြုံရေး တပ်ဖွဲ့ဝင်များအနေဖြင့် ထိရောက်စွာ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်အတွင်း စည်းကမ်းမဲ့ ကျွဲ၊ နွားမွေးမြူမှုများကို ထိရောက်စွာ အရေးယူသွားမည်

**နေပြည်တော် နိုဝင်ဘာ ၁၀**

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း စည်းကမ်းမဲ့ ကျွဲ၊ နွား မွေးမြူရေးလုပ်ငန်း ဆောင်ရွက်နေခြင်းနှင့် လိုင်စင်မဲ့ အုတ်ဖုတ်လုပ်ငန်းများ ဆောင်ရွက်နေခြင်းများ ပပျောက်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ၌ နိုဝင်ဘာ ၉ ရက်က ပြုလုပ်သည်။



အစည်းအဝေးတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်က နေပြည်တော်အတွင်း စည်းကမ်းမဲ့ ကျွဲ၊ နွားမွေးမြူရေးလုပ်ငန်းများကြောင့် မြို့တော်၏ သန့်ရှင်းသာယာလှပနေမှုကို များစွာထိခိုက်နေကြောင်း၊ ကျွဲ၊ နွားများကို စည်းကမ်းမဲ့ လွှတ်ကျောင်းမှုများ လုံးဝမရှိအောင် သက်ဆိုင်ရာဌာနများအနေဖြင့် အထူးအလေးထား ကြပ်မတ်ဆောင်ရွက်ရမည်ဖြစ်ပြီး သက်ဆိုင်ရာ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထိရောက်စွာ အရေးယူရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့အပြင် တရားမဝင် လိုင်စင်မဲ့အုတ်ဖုတ်လုပ်ငန်းများကြောင့် သဘာဝပတ်ဝန်းကျင် သစ်တောသစ်ပင်များ ထိခိုက်ပျက်စီးခြင်း၊ လယ်မြေယာမြေများ ပျက်စီးဆုံးရှုံးခြင်းအပြင် တရားဝင်ဥပဒေနှင့်အညီ သတ်မှတ်စည်းကမ်းများဖြင့် လည်ပတ်ဆောင်ရွက်နေသည့် အုတ်စက်ရုံများမှာ များစွာထိခိုက်ဆုံးရှုံးနစ်နာလျက်ရှိ၍ တရားမဝင် လိုင်စင်မဲ့အုတ်ဖုတ်လုပ်ငန်းများကိုလည်း သက်ဆိုင်ရာဌာနများအနေဖြင့် ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထိရောက်စွာ အရေးယူရမည်ဖြစ်ကြောင်းနှင့် အရေးယူဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနများက မိမိတို့နှင့် သက်ဆိုင်သည့် ကဏ္ဍများအလိုက် ဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြပြီး နေပြည်တော်ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီးမင်းနောင်က ဖြည့်စွက်ဆွေးနွေးကာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## ဒဂုံမြို့သစ်တောင်ပိုင်း၌ တရားမဝင်ကျူးကျော်နေထိုင်မှုများကို ရှင်းလင်းဖယ်ရှား

**ရန်ကုန် နိုဝင်ဘာ ၁၀**

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ် နယ်နိမိတ်အတွင်းရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင်မြေ (သို့မဟုတ်) ကော်မတီက စီမံခန့်ခွဲခွင့်ရှိသော မြေနှင့် အစိုးရဌာနပိုင်မြေများ၊ အများပြည်သူဆိုင်ရာ နေရာများတွင် အများပြည်သူ စိတ်ငြိုငြင်စေသည့် ကျူးကျော်နေထိုင်မှုများကြောင့် ပြည်သူများ စိတ်အနှောင့်အယှက်ဖြစ်စေသည့်အပြင် ကျန်းမာရေး၊ လုံခြုံရေးတို့ကို ထိခိုက်စေခြင်းများကြောင့် သုံးခွရပ်ကွက် အမှတ် (၂) လမ်းမကြီးဘေးရှိ ကျူးကျော်တဲ ငါးလုံးနှင့် ဖြိုလက်စအဆောက်အအုံ ၁၂ လုံးတို့ကို နိုဝင်ဘာ ၉ ရက်တွင် တာဝန်ရှိသူများက ရှင်းလင်းဖယ်ရှားခဲ့သည်။

မြို့နယ်အတွင်းရှိအစိုးရပိုင်မြေများ၊ အများပြည်သူဆိုင်ရာ နေရာများတွင် တရားမဝင် ခွင့်ပြုချက်မဲ့ ကျူးကျော်နေထိုင်ခြင်းမှ ဖယ်ရှားခြင်းနှင့် ထပ်မံကျူးကျော်မှုများ မဖြစ်ပေါ်စေရေးအတွက် အဓိကထား ဆောင်ရွက်ကြခြင်း ဖြစ်ကာ ဖယ်ရှားရာတွင် ကျူးကျော်နေထိုင်သူများ၏ ပစ္စည်းများ ပျက်စီးဆုံးရှုံးမှု မဖြစ်ပေါ်စေရေးအတွက် ကြိုတင်သတိပေးအကြောင်းကြားပြီး ရွှေ့ပြောင်းရန် လွယ်ကူသော ပစ္စည်းများကိုလည်း ဝိုင်းဝန်းကူညီ ရွှေ့ပြောင်းပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ဖယ်ရှားရှင်းလင်းမှုကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထူးလွင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသန်းနိုင်နှင့် တာဝန်ရှိသူများက ဦးဆောင်၍ မြို့နယ်စည်ပင်သာယာ၊ လမ်းဦးစီးဌာန၊ မီးသတ်ဦးစီးဌာန၊ ကြက်ခြေနီ၊ ရဲတပ်ဖွဲ့၊ တပ်မတော်သားများနှင့် ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့တို့မှ ဝန်ထမ်းများက ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သက်မင်းဟန်(ပြန်/ဆက်)**

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်နှင့် မြစ်သားမြို့နယ် ကော်မရှင်အဖွဲ့ဝင်များ တွေ့ဆုံ

**မြစ်သား နိုဝင်ဘာ ၁၀**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်မိုးမြင့်သည် နိုဝင်ဘာ ၉ ရက်က မြစ်သားမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခန်းမ၌ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် မြို့နယ်ရဲတပ်ဖွဲ့တို့မှ တာဝန်ရှိသူများ၊ မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်များ၊ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ အခြေခံမဲစာရင်းပြုစုခြင်းလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေး၊ လုပ်ငန်းများဆောင်ရွက်ရာတွင် ပိုမိုမြန်ဆန်စေရေးနှင့် လုပ်ငန်း အခက်အခဲများကို ဆွေးနွေးပြီး လိုအပ်သည်များကို မှာကြားသည်။

**မြမြမွန်(မြစ်သား)**

ပညာရေးဝန်ကြီးဌာန
အခြေခံပညာဦးစီးဌာန

### ကျောင်းသား၊ ကျောင်းသူများ ကြိုတင်ဆောင်ရွက်ရမည့် ကိုဗစ်- ၁၉ ရောဂါကာကွယ်ရေးနှင့် ပတ်သက်၍ အသိပေးနှိုးဆော်ချက်

၁။ အသက်(၁၂)နှစ်နှင့်အထက် ကျောင်းသား၊ ကျောင်းသူများ ကိုဗစ်- ၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးသည့်အချိန်တွင် မပျက်မကွက် ထိုးနှံရန်၊

၂။ တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ကျန်းမာရေး အထူးဂရုပြုနေထိုင်ရန်၊ ကျန်းမာရေးနှင့် ညီညွတ်သော အလေ့အကျင့်ကောင်းများကို စွဲမြဲစွာပြုမူနေထိုင်ရန်၊ အာဟာရပြည့်ဝသော အစားအစာများ စားသောက်ရန်၊

၃။ ကိုဗစ်- ၁၉ ရောဂါကာကွယ်ရေးပစ္စည်းများဖြစ်သော နှာခေါင်းစည်း (Mask)နှင့် မျက်နှာကာ (Face Shield)တို့ကို တပ်ဆင်ရန်၊ Air-con အသုံးပြုသော ကြိုပို့ယာဉ်များ ဖြစ်ပါက ပြတင်းတံခါးများဖွင့်၍ စီးနင်းရန်၊

၄။ တစ်နေ့တာလိုအပ်မည့် အစာအာဟာရ (ထမင်း+မုန့်+ရေ) များကို ဖြစ်နိုင်လျှင် အိမ်မှစီစဉ်၍ ယူဆောင်လာရန်၊

၅။ ကျောင်းဝင်းအတွင်းသို့ဝင်လျှင် ကျောင်းအစီအစဉ်အရ အပူချိန်တိုင်းတာခြင်းခံယူရန်၊ သတ်မှတ်အပူချိန် (၃၈ ဒီဂရီစင်တီဂရိတ်နှင့် ၁၀၀.၄ ဒီဂရီဖာရင်ဟိုက်) အထက်ရှိခြင်း၊ ဖျားနာခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူခက်ခဲခြင်းနှင့် အားအင်ကုန်ခန်းခြင်းစသည့် လက္ခဏာများဖြစ်လာပါက ကျောင်းအုပ်ကြီး(သို့) ဆရာများသို့ သတင်းပို့ရန်၊

၆။ တစ်စုံတစ်ခု ကိုင်တွယ်ပြီးတိုင်း လက်ကိုရေနှင့် ဆပ်ပြာအသုံးပြု၍ စက္ကန့်(၂၀) ကြာအောင် စနစ်တကျ မကြာခဏ ဆေးကြောရန်၊ ဆပ်ပြာနှင့်ရေ အလွယ်တကူ မရနိုင်ပါက အယ်ကိုဟောလ် (၆၀%)နှင့်အထက် ပါဝင်သော လက်သန့်ဆေးရည်ကို အသုံးပြုရန်၊

၇။ အနည်းဆုံး(၆)ပေကွာ၍ သင်ကြားသင်ယူမှုလုပ်ငန်းများ ဆောင်ရွက်ရန်၊

၈။ အသုံးပြုပြီးသော တစ်ရှူးများ၊ တစ်ခါသုံး နှာခေါင်းစည်းများကို အဖုံးပါသော အမှိုက်ပုံးထဲသို့ စနစ်တကျစွန့်ပစ်သည့် အလေ့အကျင့်ကောင်း စွဲစွဲမြဲမြဲဆောင်ရွက်ရန်၊

၉။ အိမ်သို့ရောက်သည်နှင့် ဝတ်ဆင်ခဲ့သောအဝတ်များကို ချက်ချင်းလဲလှယ်ရန်၊ မခါပါနှင့်၊ ချက်ချင်းဆပ်ပြာနှင့် မိနစ်(၃၀) ကြာစိမ်ပြီးနောက် လျှော်ဖွပ်သန့်စင်ရန်၊ ပြီးနောက် ရေချိုးရန်၊



# အတ္တပရ မျှတညီတူ၊ သမဝါယမမူ၊ တွဲယှက်ဆောင်ရွက်၊ အနော်ရထာဆီစက်

**ယနေ့ကမ္ဘာတွင် လူဦးရေသန်း ၇၀၀၀ ခန့်ရှိပြီး စားရေရိက္ခာလိုအပ်ချက်များ မြင့်မားလျက်ရှိပေသည်။ ယခုကဲ့သို့ ကိုဗစ် -၁၉ ကမ္ဘာ့ကပ်ရောဂါကာလတွင် အခြားဝန်ဆောင်မှုလုပ်ငန်းများကို လျှော့ချနိုင်သော်လည်း စားသောက်ရေးကိစ္စများကိုတော့ လျှော့ချ၍မရဘဲ နိစ္စဓူဝလိုအပ်ချက်များ ရှိမြဲရှိနေဆဲပင်ဖြစ်ပါသည်။ အဆိုပါလိုအပ်ချက်များအနက် လူတို့နေ့စဉ်ဟင်းချက်ရာတွင် အသုံးပြုနေရသည့် စားသုံးဆီကို နှစ်စဉ်ပြည်ပမှ တင်သွင်းနေရပြီး ပြည်တွင်းဈေးကွက်တွင် ဈေးနှုန်းကြီးမြင့်စွာဖြင့် ဝယ်ယူစားသုံးနေကြရပေသည်။**

**မင်းခလုင် (သမ/ဦးစီး)**

ထိုကဲ့သို့ ပြည်ပမှ စားသုံးဆီများ တင်သွင်းနေရမှုကို အစားထိုးနိုင်ရေးအတွက် ပြည်တွင်းမှာပင် ဖူလုံအောင် ဆောင်ရွက်ကြမည်ဆိုပါက ပြည်ပသွင်းကုန်ကို အစားထိုးနိုင်မည် ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် တနင်္သာရီတိုင်းဒေသကြီးအောက်ပိုင်း မြိတ်၊ ဘုတ်ပြင်း၊ ကော့သောင်းဒေသများ၌ ဆီအုန်းကို အပြည့်အဝတိုးချဲ့ စိုက်ပျိုးခြင်း၊ အလားတူ မြန်မာနိုင်ငံအလယ်ပိုင်းဒေသများဖြစ်သည့် မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းဒေသများတွင် နှမ်း၊ မြေပဲများသာမက ဆီမုန်ညင်း၊ နေကြာ၊ ပန်းနှမ်းအစရှိသည့် ဆီထွက်သီးနှံများကိုပါ တိုးချဲ့စိုက်ပျိုးခြင်းဖြင့် ပြည်တွင်းရှိ ဆီစက်များအတွက် လိုအပ်သည့် ကုန်ကြမ်းပစ္စည်းများ လုံလောက်စွာရရှိနိုင်မည် ဖြစ်ပါသည်။ ဆီထွက်သီးနှံကုန်ကြမ်း လုံလောက်စွာရရှိခြင်းအားဖြင့် ဆီထုတ်လုပ်မှုမှာလည်း မြင့်မားလာပြီး စားသုံးဆီကို ပြည်ပမှတင်သွင်းနေရသည့် အခြေအနေမှ လွတ်မြောက်နိုင်မည်ဖြစ်ပါသည်။ ထိုသို့ စားသုံးဆီကို ပြည်ပသွင်းကုန် အစားထိုးထုတ်လုပ်နိုင်ရေးအတွက် အဘက်ဘက်မှ ဆောင်ရွက်နေမှုများအနက် မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် သမဝါယမအသင်းစုပိုင် အနော်ရထာဆီစက်ကလည်း တစ်ဖက်တစ်လမ်းမှ ကူညီဆောင်ရွက်ပေးလျက်ရှိပါသည်။

**※ ညောင်ဦးမြို့နယ် သမဝါယမအသင်းစုပိုင် အနော်ရထာဆီစက်အနေဖြင့် ဒေသတွင်း ဆီစားသုံးမှုဖူလုံစေရေးနှင့် ဈေးကွက်အတွင်း သက်သာသော ဈေးနှုန်းများဖြင့် ထုတ်လုပ်ဖြန့်ဖြူး ရောင်းချလျက်ရှိရာ ယခင်နှစ်က မြေပဲဆီ ၁၃၅၀၀ ပိဿာ ထုတ်လုပ်ဖြန့်ဖြူးရောင်းချပေးနိုင်ခဲ့ပြီး ယခုနှစ်တွင်လည်း စားသုံးသူပြည်သူများ သဘာဝမြေပဲဆီစစ်စစ်ကို သက်သာသော ဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်ရေးအတွက် မြေပဲဆီ ၂၆၀၀၀ ပိဿာအထိ တိုးမြှင့်ဖြန့်ဖြူး ရောင်းချပေးနိုင်ရေး အရှိန်အဟုန်မြှင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိ**

### အနော်ရထာဆီစက်၏ ဆီထုတ်လုပ်နိုင်မှုအခြေအနေ

ညောင်ဦးမြို့နယ် သမဝါယမအသင်းစုပိုင် အနော်ရထာဆီစက်သည် ညောင်ဦးမြို့ မြို့မကွက်သစ် အမှတ် (၃) နယ်မြေ သံတဲဟိုတယ်အနီးတွင် တည်ရှိပြီး တစ်နှစ်လျှင် မြေပဲဆီပျမ်းမျှ ၁၃၅၀၀ ပိဿာခန့် ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း၊ ဆီထုတ်လုပ်ရာတွင် ကုန်ကြမ်းအတွက် အရည်အသွေးကောင်းမွန်၍ စံချိန်စံညွှန်းများနှင့် ကိုက်ညီသော မြေပဲဆန်များကို ဝယ်ယူကာ စနစ်တကျကြိတ်ခွဲခြင်း၊ ထွက်ရှိလာသည့် မြေပဲဆီများတွင် အနယ်အမှုန်များ ကင်းစင်အောင် ပြုလုပ်ခြင်း၊ သန့်ရှင်းသပ်ရပ်စွာ ထုပ်ပိုးခြင်းတို့ဖြင့် ပစ္စည်းအရည်အသွေးကောင်းမွန်အောင် ဆောင်ရွက်လျက်ရှိကြောင်း၊ လူတန်းစားမရွေး ဝယ်ယူစားသုံးနိုင်ရန်နှင့် ကိုင်တွယ်သယ်ယူရာတွင် အဆင်ပြေလွယ်ကူမှုရှိစေရေးအတွက် ငါးဆယ်ကျပ်သားဝင်ဘူး၊ တစ်ပိဿာဝင်ဘူးမှအစ စားသုံးသူများစိတ်ကြိုက်အလေးချိန်/ အရွယ်အစားကို ပြုလုပ်ပေးခြင်း၊ ဘူးအဖုံးအောက်တွင် Seal တစ်ထပ်ခံ၍ ပိတ်ခြင်း၊ အသင်း၏ Logo တံဆိပ်များ တပ်ပေးခြင်းတို့ဖြင့် ထုပ်ပိုးမှုပုံစံဆန်းသစ်အောင် ဆောင်ရွက်ထားကြောင်း၊ ဆီထုတ်လုပ်ရာတွင် ကုန်ကြမ်းကို ဒေသခံတောင်သူများထံမှ တိုက်ရိုက်ဝယ်ယူပြီး ကုန်ချောကို စားသုံးသူလက်ဝယ်အရောက် တိုက်ရိုက်ဖြန့်ဖြူးရောင်းချပေးခြင်းဖြစ်၍ ဈေးကွက်အတွင်း အခြားဆီများနှင့် နှိုင်းယှဉ်ပါက ညောင်ဦးမြို့နယ်သမဝါယမအသင်းစုပိုင် အနော်ရထာဆီစက်မှ ထုတ်လုပ်သောဆီများမှာ ဈေးနှုန်းမှန်ကန် သက်သာခြင်း၊ အရည်အသွေး ကောင်းမွန်သောမြေပဲဆန်များကိုသာ ကြိတ်ခွဲခြင်းဖြစ်၍ မြေပဲဆီစစ်စစ်ဖြစ်ခြင်းတို့ကြောင့် ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းရှိကြောင်း၊ ဆီများဖြန့်ဖြူးရောင်းချရာတွင်လည်း အိမ်တိုင်ရာရောက် လိုက်လံပို့ဆောင် ရောင်းချပေးခြင်း၊ ပစ္စည်း၊ ဈေးနှုန်းနှင့် အလေးချိန်တို့ကို မှန်ကန်စွာ ဆောင်ရွက်ပေးခြင်း၊ စားသုံးသူများနှင့် ဆက်ဆံရေးပြေပြစ်ခြင်းတို့ကြောင့် စားသုံးသူများ၏ အသိအမှတ်ပြုမှုကို ရရှိထားကြောင်း လေ့လာသိရှိရပါသည်။

### စားသုံးသူဘေးကင်းလုံခြုံပြီး စီးပွားရေးတွက်ခြေကိုက်အောင် ဆောင်ရွက်ပေးလျက်ရှိ

စားသုံးသူရေးရာဦးစီးဌာန၏ အသိအမှတ်ပြုလက်မှတ် ရရှိရေးအတွက် တင်ပြဆောင်ရွက်ခဲ့ရာ နှစ်ကြိမ်လာရောက်စစ်ဆေးခဲ့ပြီး ကနဦး အသိအမှတ်ပြုမှုကို ရရှိထားကြောင်း၊ မကြာမီ FDA အသိအမှတ်ပြုလက်မှတ်ရရှိတော့မည်ဖြစ်ကြောင်း၊ FDA မှ သတ်မှတ်ထားသည့် စည်းမျဉ်း စည်းကမ်းများနှင့်အညီ ဆောင်ရွက်ခြင်းဖြင့် စားသုံးသူများ ဘေးကင်းလုံခြုံမှုနှင့် ယုံကြည်မှု ရရှိအောင် ဆောင်ရွက်ထားကြောင်း၊ အနော်ရထာဆီစက်မှ ထုတ်လုပ်ဖြန့်ဖြူးရောင်းချသည့် မြေပဲဆီများကို ကိုယ်တိုင်စားသုံးရန်အတွက်ဖြစ်စေ၊ တစ်ဆင့်ပြန်လည်ရောင်းချရန်အတွက် ဖြစ်စေ လက်လီလက်ကား ဝယ်ယူစားသုံး/ ရောင်းချခြင်းဖြင့် နှစ်ဦးနှစ်ဖက် စီးပွားရေးတွက်ခြေကိုက်နိုင်မည့် ဈေးနှုန်းဖြင့် ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း၊ ယခုလက်ရှိတွင် ကယားပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးတို့ရှိ သမဝါယမအသင်းစုချုပ်များနှင့် ချိတ်ဆက်၍ ပြည်တွင်းဈေးကွက်ကို ထိုးဖောက်လျက်ရှိကြောင်းနှင့် ကျန်တိုင်းဒေသကြီး/ ပြည်နယ်များရှိ သမဝါယမအသင်းများနှင့်ချိတ်ဆက်ပြီး ဈေးကွက်ချဲ့ထွင်ရန် စီစဉ် ဆောင်ရွက်လျက်ရှိကြောင်း လေ့လာသိရှိရပါသည်။

### အတ္တပရ မျှတညီတူ၊ သမဝါယမမူ

သမဝါယမစနစ်ဆိုသည်မှာ လူတို့၏ အတ္တဟိတ (ကိုယ်အကျိုး)၊ ပရဟိတ (အများအကျိုး) ဒွန်တွဲမှုအပေါ်တွင် အခြေခံပြီး ကြံဆတီထွင်ထားသည့် စနစ်ဖြစ်သည်နှင့်အညီ လူတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက် အောင်မြင်စေရန် အလို့ငှာ လူတန်းစားမခွဲခြားဘဲ သာတူညီမျှစနစ်ဖြင့် အချင်းချင်းဆက်ဆံပေါင်းသင်း၍ မိမိတို့၏ဆန္ဒအလျောက် အတူတကွ ပူးပေါင်းဆောင်ရွက်သော အဖွဲ့အစည်းတစ်ရပ်ဖြစ်သည့်အတွက် စဉ်ဆက်မပြတ် ပြည်သူလူထုကြားတွင် ယနေ့တိုင် ရပ်တည်နေနိုင်ခြင်း ဖြစ်ပါသည်။ ထို့အတူ သမဝါယမလုပ်ငန်းသည်လည်း လူတစ်ဦးချင်းစီ၏ အကျိုးစီးပွားကို ဆောင်ရွက်ခြင်းမဟုတ်ဘဲ အတ္တပရ ညီညွတ်မျှတစွာ ပူးပေါင်းဆောင်ရွက်သော One for All, All for One ဆိုသည့် အတိုင်း လုပ်ကိုင်ဆောင်ရွက်သည့် လုပ်ငန်းတစ်ရပ်ဖြစ်ပါသည်။

### အသင်းဝင်များ အကျိုးခံစားခွင့်ရအောင် ဆောင်ရွက်ပေးနိုင်ခဲ့

ညောင်ဦးမြို့နယ် သမဝါယမအသင်းစုတွင် လက်ရှိအသင်းပိုင်ငွေတိုးပွားလာမှုပေါ်မူတည်၍ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် အသင်းဝင်အသင်းများ၏ အကျိုးခံစားခွင့်ဖြစ်သည့် အစုပေါ်အမြတ်၊ ကျန်းမာရေးထောက်ပံ့မှု၊ ပညာရေးထောက်ပံ့မှု၊ လူမှုရေးထောက်ပံ့မှု၊ သာရေး/ နာရေးထောက်ပံ့မှုတို့ကို ထောက်ပံ့ပေးနိုင်ခဲ့ကြောင်း လေ့လာသိရှိရပါသည်။

### ပြည်ပသွင်းကုန်အစားထိုးနိုင်ရေး အရှိန်အဟုန်မြှင့် ကြိုးပမ်းလျက်ရှိ

ညောင်ဦးမြို့နယ် သမဝါယမအသင်းစုပိုင် အနော်ရထာဆီစက်အနေဖြင့် ဒေသတွင်း ဆီစားသုံးမှုဖူလုံစေရေးနှင့် ဈေးကွက်အတွင်း သက်သာသော ဈေးနှုန်းများဖြင့် ထုတ်လုပ်ဖြန့်ဖြူး ရောင်းချလျက်ရှိရာ ယခင်နှစ်က မြေပဲဆီ ၁၃၅၀၀ ပိဿာ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချပေးနိုင်ခဲ့ပြီး ယခုနှစ်တွင်လည်း စားသုံးသူပြည်သူများ သဘာဝမြေပဲဆီ စစ်စစ်ကို သက်သာသော ဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်ရေးအတွက် မြေပဲဆီ ၂၆၀၀၀ ပိဿာအထိ တိုးမြှင့် ဖြန့်ဖြူး ရောင်းချပေးနိုင်ရေး အရှိန်အဟုန်မြှင့် ကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း လေ့လာသိရှိရပါသည်။

### အကျိုးကျေးဇူးများစွာရရှိ

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် သမဝါယမအသင်းစုပိုင် အနော်ရထာဆီစက်အနေဖြင့် မြေပဲဆီများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ခြင်းအားဖြင့် ပြည်ပသွင်းကုန် စားသုံးဆီများ အစားထိုးနိုင်ရေး၊ စားသုံးသူပြည်သူများ ဈေးနှုန်းမှန်ကန်သက်သာစွာဖြင့် ဝယ်ယူအသုံးပြုနိုင်ရေး၊ ဒေသတွင်းစားသုံးဆီ ဖူလုံမှုရှိစေရေး၊ ဒေသခံမြေပဲစိုက်တောင်သူများအတွက် သီးနှံဈေးကွက်ရရှိရေးနှင့် ဈေးနှုန်းမှန်ကန်စွာရရှိရေး၊ စားသုံးသူ ဘေးကင်းလုံခြုံမှုရရှိပြီး သန့်စင်သော သဘာဝမြေပဲဆီသန့်များ ဈေးကွက်အတွင်းရောက်ရှိရေး၊ ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများစွာရရှိရေး စသည့်အကျိုးကျေးဇူးများစွာရရှိနိုင်မည်ကြောင်း လေ့လာသိရှိရပါသည်။

အချုပ်အားဖြင့်ဆိုသော် သမဝါယမလုပ်ငန်းသည် ငွေကြေးကို အခြေခံမပြု၊ အမြတ်ကြီးရမှုကို ရှေးမရှု၊ လူနှင့် လူ့လုပ်အားကို အခြေခံပြုပြီး အချင်းချင်းပေါင်းသင်းဆက်ဆံရေး တိုးတက်မှု၊ ကိုယ်ကျင့်တရား မပျက်ပြားမှုနှင့် မျှတစွာခွဲဝေအသုံးချမှု၊ အသင်းသားများ၏ လူမှုစီးပွားဘဝတိုးတက်ရေးကိုသာ ရှေးရှုသောလုပ်ငန်းဖြစ်သည့် အားလျော်စွာ အတ္တပရမျှတညီတူ၊ သမဝါယမမူများဖြင့် စဉ်ဆက်မပြတ် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပေသည်။ ။

## လက်ပံတန်းမြို့နယ် သဘာဝရေပြင်မြစ်ချောင်းများအတွင်း ငါးမျိုးများစိုက်ထည့်

**နေပြည်တော် နိုဝင်ဘာ ၁၀**

ငါးလုပ်ငန်းဦးစီးဌာနသည် ငါးသယံဇာတများ ရေရှည်စဉ်ဆက်မပြတ်ပေါများစေရေး ငါးမျိုးပြုန်းတီးမှု လျော့ပါးစေရေးနှင့် ဒေသနေပြည်သူများ ငါးစားသုံးမှုနှုန်းမြင့်မားစေရေးတို့အတွက် မြစ်ချောင်းများ၊ သဘာဝရေပြင်များနှင့် ဆည်တမံရေလှောင်ကန်အတွင်းသို့ နှစ်စဉ် ငါးမျိုးစိုက်ထည့်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ၂၀၂၁ မိုးနီဘတ်ဂျက်အတွက် လက်ပံတန်းမြို့နယ် သဘာဝရေပြင်မြစ်ချောင်းများအတွင်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို နိုဝင်ဘာ ၉ ရက်က ဆောင်ရွက်သည်။

အဆိုပါအခမ်းအနားသို့ သာယာဝတီခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအေးလူ၊ အဖွဲ့ဝင်များဖြစ်ကြသော ဒုတိယဗိုလ်မှူးကြီး အောင်စည်သူနှင့် ဦးမြင့်သူ၊ သာယာဝတီခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးတင်ထွန်း၊ လက်ပံတန်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဘုန်းလှိုင်၊ အဖွဲ့ဝင် ဗိုလ်မှူးကျော်မင်းနိုင်၊ အတွင်းရေးမှူး ရဲမှူးတင်ဦး၊ မြို့နယ်ငါးမျိုးစိုက်ထည့်မှု ကြီးကြပ်ကွပ်ကဲရေးဥက္ကဋ္ဌ ဦးတင်စိုးရှိန်နှင့် ကော်မတီဝင်များ၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးဇော်မင်းလွင်နှင့် ရုံးအဖွဲ့များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အုပ်ဖိုငါးလုပ်ငန်းစခန်း တာဝန်ခံ ဒေါ်မိုးသီတာနှင့် ရုံးဝန်ထမ်းများက နှစ်လက်မအရွယ် ငါးမြစ်ချင်းကောင်ရေ ၅၀၀၀၀၊ ငါးခုံးမကြီးကောင်ရေ ၇၀၀၀၀ နှင့် ရွှေဝါငါးကြင်းကောင်ရေ ၃၀၀၀၀ စုစုပေါင်းကောင်ရေ ၁၅၀၀၀၀ ကို ငါးမျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# တောင်ကြီးပညာရေးဒီဂရီကောလိပ်၌ နည်းပြ၊ သရုပ်ပြသစ်လွင်များနှင့် ဆရာ ဆရာမသစ်လွင်များ ကြိုဆိုပွဲနှင့် မွမ်းမံသင်တန်းဖွင့်ပွဲကျင်းပ

**တောင်ကြီး နိုဝင်ဘာ ၁၀**

ပညာရေးဝန်ကြီးဌာန ဆရာအတတ်ပညာဦးစီးဌာန တောင်ကြီးပညာရေးဒီဂရီကောလိပ်နည်းပြ၊ သရုပ်ပြသစ်လွင်များနှင့် အခြေခံပညာဆရာ၊ ဆရာမသစ်လွင်များအား ကြိုဆိုပွဲနှင့် မွမ်းမံသင်တန်းဖွင့်ပွဲကို နိုဝင်ဘာ ၈ ရက်က တောင်ကြီးမြို့ တောင်ကြီးပညာရေးဒီဂရီကောလိပ်ခန်းမ၌ ကျင်းပရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်း တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က အရည်အသွေးပြည့်ဝကျွမ်းကျင်သော အခြေခံပညာဆိုင်ရာ ဆရာ ဆရာမများ ပေါ်ထွန်းလာနိုင်ရေးအတွက် ဆရာအတတ်ပညာများကို စနစ်တကျလေ့ကျင့်သင်ကြားပေးနိုင်သော ဆရာအတတ်ပညာဆိုင်ရာ ပညာရှင်များကိုလည်း စဉ်ဆက်မပြတ်မွေးထုတ်၍ အရည်အချင်းမြှင့်တင်ပေးရန် လိုအပ်လျက်ရှိပါကြောင်း၊ အဆင့်မြင့်ပညာဦးစီးဌာနနှင့် ဆရာအတတ်ပညာဦးစီးဌာနတို့မှ အသစ်ခန့်အပ်သော နည်းပြ၊ သရုပ်ပြများကို သက်ဆိုင်ရာ တက္ကသိုလ်၊ ပညာရေးဒီဂရီကောလိပ်များတွင်လည်းကောင်း၊ အခြေခံပညာဦးစီးဌာနမှ အသစ်ခန့်အပ်သော ဆရာ ဆရာမများအား နိုဝင်ဘာ ၈ ရက်မှ ဒီဇင်ဘာ၈ ရက်အထိ စခန်းသွင်းသင်တန်းပို့ချပေးသွားမည်ဖြစ်ပါကြောင်း၊ ပညာရှင် ဆရာကြီး၊ ဆရာမကြီးများက ပို့ချသော သင်ကြားနည်းစနစ်များနှင့် သိသင့်သိထိုက်သော အသိပညာ၊ အတတ်ပညာများကို သင်တန်းကာလအတွင်း မိမိတို့၏ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ သင်ယူမှတ်သားကြရန် အထူးတိုက်တွန်းလိုပြီး နိုင်ငံအတွက် အားကိုးရသော ဝန်ထမ်းကောင်း ဆရာ ဆရာမများ ဖြစ်ကြပါရန် ပြောကြားသည်။



ဆက်လက်၍ တောင်ကြီးပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ဆရာမကြီး ဒေါ်နှင်းကြူဦးက အမှာစကားပြောကြားပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ နည်းပြ၊ သရုပ်ပြသစ်လွင်များနှင့် အခြေခံပညာဆရာ၊ ဆရာမသစ်လွင်ကြိုဆိုပွဲနှင့် မွမ်းမံသင်တန်းအတွက် ထောက်ပံ့ငွေကျပ် ၁၀ သိန်းကို ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက ပေးအပ်ရာ တောင်ကြီးပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ဆရာမကြီး ဒေါ်နှင်းကြူဦးက လက်ခံယူသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်နှင့် တာဝန်ရှိသူတို့သည် တောင်ကြီးတက္ကသိုလ်သို့ သွားရောက်ကာ ကျိုင်းတုံခန်းမ၌ တောင်ကြီးတက္ကသိုလ်နည်းပြ၊ သရုပ်ပြဆရာ၊ ဆရာမသစ်လွင်များ ကြိုဆိုပွဲနှင့် မွမ်းမံသင်တန်းဖွင့်ပွဲတက်ရောက်၍ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက အမှာစကားပြောကြားပြီး တောင်ကြီးတက္ကသိုလ်တွင် အသစ်ခန့်ထားသည့် နည်းပြ၊ သရုပ်ပြ ဆရာ ဆရာမသစ်လွင်များ မွမ်းမံသင်တန်းအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ထောက်ပံ့ငွေကျပ် ၁၀ သိန်းကို ပြည်နယ်ဝန်ကြီးချုပ်က ပေးအပ်ရာ တောင်ကြီးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာကေတီတင်က လက်ခံယူ၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဆရာ ဆရာမများအား လိုက်လံနှုတ်ဆက်ကြကြောင်း သိရသည်။

**အင်းသားလေး(တောင်ကြီး)**



## ပျော်ဘွယ်မြို့နယ်တွင် ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေး

**ပျော်ဘွယ် နိုဝင်ဘာ ၁၀**

မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ပန်းခင်းစီမံချက်ဖြင့် မြို့နယ်အတွင်းရှိ နိုင်ငံသားများနှင့် တိုင်းရင်းသားများအား ဥပဒေနှင့်အညီ အိမ်ထောင်စုလူဦးရေစာရင်းနှင့် ကိုင်ဆောင်သင့်သော ကတ်တစ်မျိုးမျိုးထုတ်ပေးနိုင်ရေး ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ ယမန်နေ့က ချောင်းမကြီးကျေးရွာအုပ်စုတွင် ပြုလုပ်ပေးသည်။

မြို့နယ်ဦးစီးမှူး ဦးထွန်းလွင်နှင့်ဝန်ထမ်းများက အဆိုပါ ကျေးရွာအုပ်စုအတွင်းရှိ အသက် ၁၆ နှစ်နှင့် ၁၈ နှစ်ကြားရှိ ပြည်သူ ၂၂ ဦး၊ အသက် ၁၈ နှစ်နှင့်အထက် ပြည်သူ ၇၄ ဦးတို့ကို နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးနိုင်ခဲ့ပြီး စီမံချက်စတင်သည့်နေ့မှ ယနေ့အချိန်အထိ နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးနိုင်မှုမှာ ၃၉၃၂ ဦး၊ အိမ်ထောင်စုပေါင်း ၈၆၆ စုနှင့် အိမ်ထောင်စုလူဦးရေစာရင်းထပ်တိုးများ၊ ပြောင်းဝင်၊ ပြောင်းထွက်များ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**မင်းမင်းထွေး(ပျော်ဘွယ်)**

## ပင်းတယမြို့နယ်မှ မုန်ညင်းများ ယမန်နှစ်ကကဲ့သို့ ဈေးကောင်းမရသေး

**ပင်းတယ နိုဝင်ဘာ ၁၀**

ရှမ်းပြည်နယ်တောင်ပိုင်း ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ်မှ မုန်ညင်းစိုက်ပျိုးသည့် ဒေသခံတောင်သူများအနေဖြင့် ဈေးကွက်သို့ ယခင်နှစ်ကထက် ဈေးလျှော့ရောင်းနေရကြောင်း တောင်သူများထံမှ သိရသည်။

မုန်ညင်းကို ပင်းတယမြို့နယ်၌ မိုးဦးကာလဖြစ်သည့် မေလနှင့် ဇွန်လ၊ ဆောင်းရာသီတွင် စက်တင်ဘာလမှ နိုဝင်ဘာလအတွင်း စိုက်ပျိုးလျက်ရှိသည်။ မုန်ညင်းပင်၏ သက်တမ်းမှာ သုံးလရှိပြီး မြေအမျိုးမျိုးတွင် စိုက်ပျိုးနိုင်သော်လည်း ဆီးနှင်းကင်းသောနေရာဒေသနှင့် မြေဆီဩဇာထက်သန်သည့်မြေကို ပိုမိုကြိုက်နှစ်သက်သည်။ မုန်ညင်းပင်များသည် ၇၅ ရက်မှ ရက်ပေါင်း ၁၀၀ အတွင်း စတင်ထွက်စပြုလာပြီး ကောင်းစွာထွက်လာမှ ခူးဆွတ်နိုင်ကြောင်းနှင့် မုန်ညင်းကို အမြစ်ဖြင့် ခူးဆွတ်ပါက ကြာရှည်စွာ ထားနိုင်ကြောင်း သိရသည်။

"မုန်ညင်းကို စိုက်လာတာ နှစ်စဉ်လိုပဲ တစ်နှစ်မှ မနားခဲ့ဘူး။ ဘာလို့လဲဆိုတော့ အရင်နှစ်တွေက လမ်းပန်းဆက်သွယ်ရေးလည်းကောင်း၊ ကိုဗစ်-၁၉ ရောဂါလည်း မရှိတော့ ဈေးကောင်းလည်း ရတယ်။ စိုက်ပျိုးရတာလည်း ပျော်တယ်။ အခုနှစ်ကတော့ လမ်းအဝင်အထွက်တွေကလည်း ပိတ်၊ ကိုဗစ်-၁၉ ရောဂါကလည်း ဖြစ်ပွားနေတော့ အရင်နှစ်တွေလို အဆင်မပြေပါဘူး။ အခုကတော့ ကိုဗစ်ကာကွယ်ဆေးတွေ ထိုးပေးနေတာကြောင့် ရောဂါတွေ ပျောက်ကင်းတော့မယ်လို့ ကျွန်တော်ထင်ပါတယ်။ စိုက်ပျိုးတဲ့တောင်သူတွေနဲ့ ရောင်းသူ၊ ဝယ်သူတွေလည်း အဆင်ပြေလာကြတော့မယ်လို့ မျှော်လင့်ပါတယ်"ဟု မုန်ညင်းစိုက်တောင်သူ ဦးကြီးပိုက ပြောသည်။

ပင်းတယမြို့နယ်၌ တစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းများအဖြစ် ဆောင်းသီးနှံများဖြစ်သည့် ဂေါ်ဖီ၊ ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ အာလူး၊ ခရမ်းချဉ်၊ ဂေါ်ဖီထုပ်၊ မုန်ညင်းနှင့် ပဲအမျိုးမျိုးစိုက်ပျိုးလျက်ရှိရာ မုန်ညင်းပင်များကို ကျုံးကျေးရွာ၊ မြေခြားချိုင့်ကျေးရွာနှင့် မြင်းမူကျေးရွာများတွင် အများဆုံးစိုက်ပျိုးကြသည်။ မုန်ညင်းပင်များကို အောင်ပန်းမြို့ရှိ ကုန်စိမ်းပွဲရုံများသို့ တင်ပို့ရောင်းချလျက်ရှိရာ ယခင်နှစ်များက တစ်ပိဿာငွေကျပ် ၂၀၀၀ ရရှိပြီး ယခုနှစ်တွင် တစ်ပိဿာငွေကျပ် ၁၅၀၀ သာ ရရှိကြောင်း သိရသည်။

**သတင်းစဉ်**



မုန်ညင်းပင်များ နုတ်သိမ်းနေကြစဉ်။

## ဂွမြို့၌ သက်ငယ်မုဒိမ်းနှင့် ပတ်သက်၍ အသိပညာပေး

**ဂွ နိုဝင်ဘာ ၁၀**

ရခိုင်ပြည်နယ် ဂွမြို့နယ်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် လူမှုဝန်ထမ်းဦးစီးဌာနတို့ ပူးပေါင်း၍ သက်ငယ်မုဒိမ်းနှင့်ပတ်သက်၍ အသိပညာပေးခြင်းကို လူထုအခြေပြုဇဟိုဌာနခန်းမ၌ ယမန်နေ့က ပြုလုပ်ကြောင်း သိရသည်။

ဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်ရွှေရည်ဝင်းကျော်က သက်ငယ်မုဒိမ်းမှု ဖြစ်ပေါ်နိုင်သည့် အခြေအနေများနှင့် မိဘများ၊ ကလေးသူငယ်များ ဆောင်ရန်၊ ရှောင်ရန်အချက်များကို မေးမြန်းဆွေးနွေးပြီး မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်တင်တင်ခိုင်က သက်ငယ်မုဒိမ်းမှု အများဆုံးဖြစ်ပေါ်နိုင်သော အခြေအနေ၊ မိဘများ၊ ကလေးသူငယ်များ ဆောင်ရန်၊ ရှောင်ရန် အချက်များ၊ ဌာနဆိုင်ရာများမှ အသိပညာပေးမှုများကို ရပ်ရွာလူထုမှပါဝင် ကူညီဆောင်ရွက်ပေးရမည့် အခြေအနေများ၊ ဖြစ်ပွားလာခဲ့ပါက ဆက်သွယ်တိုင်ကြားနိုင်သည့် နေရာများ၊ ဖုန်းနံပါတ်များကို ထည့်သွင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# စိတ်ချမ်းချမ်းသာသာဖြင့် အသက်ရှည်ရှည်နေလိုပါက သစ်တောသစ်ပင် စိုက်ပျိုးပါလျှင် ကုသိုလ်လည်းရ ဝမ်းလည်းဝပါသည်တဲ့

*မြင့်မောင်အေး(ရေစကြို)*

*(၈-၁၁-၂၀၂၁ မှ အဆက်)*

တချို့ကလည်း ပြောကြသည်။ ဒီမှာ စိုက်ပျိုးရေးလုပ်လို့ ဘယ်လောက်ကြီးပွားမလဲ။ တရုတ်၊ ထိုင်း၊ မလေးရှား သွားအလုပ်လုပ်လျှင် စုဆောင်းမိပြီး ထိုင်စားရသည်ဟု ပြောကြသည်။ ထိုင်းနိုင်ငံမှာက မြန်မာထက် လုပ်အားခ နှစ်ဆရသည်ဆိုသော်လည်း ကိုယ်ပေးလိုက်ရသည့်လုပ်အားက မြန်မာပြည်ထက် သုံးဆလောက်ပိုလုပ်ရပါသည်။ ထိုင်းမှ ညစ်သည့်သူများဆိုလျှင် သောက်ရေအိုးထဲ စိတ်ကြွဆေးပြား တွေထည့်တိုက်ပြီး အလုပ်ချိန်ကို သုံးလေးဆ ပိုခိုင်းသဖြင့် မြန်မာပြည်ပြန်ရောက်သော် ဆေးဖိုးဝါးခ ကုန်ခဲ့ရသဖြင့် ချိုနှင့် သားရေသာ ကျန်တော့သည်ကို သူတို့ မသိရှာလေသလား။

နိုင်ငံခြားမှပြန်ရောက်လာသည့် အလုပ်သမားများသည် မိမိနိုင်ငံပြန်ရောက်တော့ ဟိုမှာတုန်းကလို အလုပ်မလုပ်တော့ပါ။ မြန်မာနိုင်ငံမှာ ယခင်ကနေသလို ပေါ့ပေါ့စား ပေါ့ပေါ့နေ မူလဒုံရင်း ပြန်ရောက်သည့်အပြင် အလုပ်တိုင်းကို မိမိနှင့် မတန်ဘူး ထင်သည့် ဘဝင်မြင့်ရောဂါသာ စွဲကျန်လာပါသည်။

တရုတ်ပြည်သို့သွားပြီး အလုပ်လုပ်သည့်အခါ အဓိကထားရမှာက ငွေကြေးမဟုတ်ပါ။ နည်းပညာ အရယူခဲ့ပါမည်။ သူတို့ဆီကရလာသည့် နည်းပညာနှင့် မြန်မာ့ရေ၊ မြေ သဘာဝတွေနှင့် ပေါင်းစပ်ပြီး နိုင်ငံခြားမှာလုပ်ခဲ့သလိုသာ လုပ်လိုက်ရင် ငွေကို ရှာစရာမလိုပါဘဲ ငွေက သူ့နောက်လိုက်လာပြီး သူလည်း ကြီးပွားမည်။ ဒီလို လုပ်သားတွေသာ များလာလျှင် မြန်မာပြည်ကြီးလည်း ချမ်းသာလာပါလိမ့်မည်။

**တောင်သူလယ်သမားများကို သနားညှာတာပါ**

အမှန်အတိုင်း ပြောရမည်ဆိုလျှင်တော့ မြန်မာပြည်မှာ သနားစရာအကောင်းဆုံးက တောင်သူလယ်သမားများပါ။ သူတို့ခမျာ ကျွဲနွားနှင့် ဖက်ရှန်းလုပ်ကိုင်ရပြီး တစ်နှစ်ဝင်ငွေရတာက တစ်ပဲ ခြောက်ပြားဖြစ်ပါသည်။ စိုက်ပျိုးရာတွင် ခေတ်အခြေအနေအရ သွင်းအားစုဈေး၊ လုပ်သားဈေး တွေကကြီးပြီး ကောက်ပဲသီးနှံ ပေါ်ချိန်ဆိုလျှင် ဈေးနှုန်းတွေကျ၊ ကြာရှည်မထားနိုင်တော့ ဈေးလျှော့ ရောင်းကြရပါသည်။ တောင်သူလက်ထဲမှာ စပါး၊ ကောက်ပဲသီးနှံကုန်ပြီး ပွဲစားလက်ထဲ ရောက်သွားပြီဆိုလျှင် ဈေးနှုန်းတွေက တက်လာပြီ။ တစ်ကြိမ် တစ်ခါမဟုတ်၊ အကြိမ်များများ သမားရိုးကျလို ဖြစ်နေပါသည်။

ဟိုးရှေးယခင်ကတော့ အစိုးရကလည်း ကုန်သည်တွေက နှိမ်ချင်သလို နှိမ်လို့မရအောင် စပါးဒိုင်ဖွင့်၊ ကုန်သည်နှင့်အပြိုင် ဝယ်ယူစုဆောင်းပြီး လိုအပ်သည့်အချိန်ကျမှ ပြည်တွင်းပြည်ပ ထုတ်ရောင်းတော့ စပါးဈေးက တည်ငြိမ်ပါသည်။ ရှေးက စပါးဈေး၏ စံသတ်မှတ်ချက်မှာ အကောင်းစားစပါး တင်းတစ်ရာရောင်းလျှင် ရွှေတစ်ကျပ်သားရပါသည်။ အခြားကောက်ပဲသီးနှံများလည်း အစိုးရက ငွေပိုငွေလျှံရှိတော့ ထိန်းညှိသင့်သလောက် ထိန်းညှိပေးပါသည်။ ထိုအချိန်က ကုန်သည်ပွဲစားတွေကလည်း ဖြောင့်မတ်ကြပါသည်။ ကျွန်တော်တို့အညာ မြင်းခြံ၊ ပခုက္ကူရှိ ပွဲရုံများဆိုလျှင် ဆေး၊ ပဲ၊ စသည်တို့ကို တောင်သူတွေက ကြိုပို့ထားကာ ပိုက်ဆံမယူသေးဘဲ ပွဲရုံက ထိန်းသိမ်းထားပေးပြီး၊ ဈေးကောင်းရမှ ပွဲစားက တောင်သူများထံ အကြောင်းကြားကာ ရောင်းချပေးပြီး၊ ပွဲစားက ပွဲခနှင့် ထိန်းသိမ်းခကိုသာ နုတ်ယူပြီး အားလုံးကို တောင်သူလက်ထဲ ထည့်ပေးလိုက်ပါသည်။

> ❖ **အမတော်ကြေး ထုတ်ပေးသည်ဟုဆိုကာ ငွေကြေးထုတ်ချေးခြင်းသည် အကျိုးရှိတန်သလောက် ရှိသော်လည်း ရိုးသားသော တောင်သူလယ်သမားများကို နားလည်အောင် သတိပေးရှင်းပြပြီး အမှန်တကယ် လိုအပ်မှသာ ထုတ်ချေးသင့်ပါသည်။**
>
> ❖ **ငွေကြေးကို ဒီအတိုင်းချေးပေးမည့်အစား လိုအပ်သည့်အချိန်မှသာ သွင်းအားစုများကို အကြွေးစနစ်ဖြင့် ရောင်းချပေးခြင်း၊ လယ်လုပ်ကိရိယာများကို သက်သာသောဈေးနှုန်းဖြင့် ရောင်းပေး၊ ငှားပေး၊ လယ်ကူလီခအတွက် လိုသလောက်သာထုတ်ပေးပါက ပိုမိုထိရောက်ပါမည်**

တောင်သူတွေ ရိုးသားပုံကလည်း ငွေအသုံးမလိုသေးလျှင် ပွဲစားကြီးလိုသေးလျှင် သုံးထားလို့ ရပါသေးသည်ဆိုကာ အတိုးမရှိ အလကားအပ်ထားပြီး အသုံးလိုမှ သွားယူသုံးကြပါသည်။ ပွဲစားများက တောင်သူထံမှ ကုပ်သွေးမစုပ်၊ အမြတ်မထုတ်ကြတော့ တစ်ဦးနှင့်တစ်ဦး အကျိုးပြုပုံမှာ လွန်စွာမှပင် မင်္ဂလာရှိလှပါသည်။

ထိုအချိန်က ပွဲစားကြီးဆိုသည့် နာမည်သည် နယ်နယ်ရရမဟုတ်၊ လွန်စွာဂုဏ်ရှိသော နာမည်ကောင်းဖြစ်ပါသည်။ ယခု ၂၀၂၁ ခုနှစ် ကုန်သည်နှင့် တောင်သူလယ်သမားများ၏ စိတ်ဓာတ်ကိုတော့ ဘယ်လိုရှိမည်ကို မခန့်မှန်းတတ်ပါ။

**တောင်သူလယ်သမား ကုန်ထုတ်သူများ၏အသက်ဈေးကွက်**

တောင်သူလယ်သမားများအတွက် အဓိကအကျဆုံးမှာ တည်ငြိမ်သောဈေးကွက်ရရှိရန် ဖြစ်ပါသည်။ မြန်မာပြည်တွင် ခေတ်အဆက်ဆက် တောင်သူလယ်သမားများ နစ်နာနေသည်မှာ မိမိတို့ရောင်းကုန် ဈေးမတည်ငြိမ်သည့်အတွက် စိုက်ပျိုးစရိတ်ကုန်ကျသလောက်ပင် ဈေးမရဘဲ တစ်ခါတစ်ရံ အရှုံးခံ ရောင်းရသည်များလည်း ရှိပါသည်။

အခြားအိမ်နီးချင်းနိုင်ငံများဖြစ်သည့် တရုတ်၊ ဗီယက်နမ်၊ ထိုင်း စသည့်နိုင်ငံများသည် ဈေးကွက်ကို အရင်ရှာကာ ခိုင်မာအောင်စာချုပ်ပြီး အရည်အသွေးကောင်းရန် ငွေကုန်ခံသုတေသနပြုလုပ်ပြီး အားလုံးစိတ်ချရပြီဆိုသည့်အခါကျမှ စိုက်ပျိုးထုတ်လုပ်ကြသဖြင့် သူတို့အတွက် အရှုံးဆိုသည်မှာ မရှိပါ။ မလွှဲမရှောင်သာ ဖောက်သည်ဝယ်လက် ဈေးကစားရင်တောင်မှ အစိုးရက ဝယ်ယူထိန်းသိမ်းစောင့်ရှောက်ပေးသဖြင့် လယ်သမားတို့အဖို့ စိတ်ပျက်စရာမရှိ။ ယုံကြည်ချက်အပြည့်ဖြင့် ဆောင်ရွက်ခဲ့ခြင်းကြောင့် စိုက်ပျိုးရေးကဏ္ဍတိုးတက်ခဲ့ရခြင်း ဖြစ်ပါသည်။

**ဈေးကွက်ဈေးနှုန်းထိန်းညှိခြင်း**

ဈေးကွက်ရှာဖွေရေးသည် နိုင်ငံတော်အစိုးရများ၏ အလုပ်ဖြစ်သည်။ အထူးသဖြင့် အစိုးရက မွေးထုတ်ထားသည့် တိုင်းပြည်အပေါ် သစ္စာရှိသည့် ကုန်သည်ပွဲစားများ၏တာဝန် ဖြစ်သည်။ တစ်ခါတစ်ရံ အတ္တကြီးသော ကုန်သည်ပွဲစားများကြောင့် ပြည်တွင်းပြည်ပဈေးကွက်များ ပျက်ရသည်လည်း ရှိပါသည်။ အချို့ကုန်သည်များသည် အစိုးရစကားလည်း နားမထောင်၊ စည်းကမ်းလည်း မလိုက်နာဘဲ ကိုယ်ကျိုးစီးပွားဖြစ်မည်ဆိုလျှင် နိုင်ငံကိုပင် ရောင်းစားရန် ဝန်မလေးပါ။ ဤသို့ ဝိသမလောဘသမားကုန်သည်များကို ပြတ်ပြတ်သားသား အရေးယူရန် အစိုးရမှာ တာဝန်ရှိပါသည်။

**လယ်သမားများအား ငွေကြေးဖြင့် အားပေးကူညီခြင်း**

ရှေးအစဉ်အလာအတိုင်း အမတော်ကြေး ထုတ်ပေးသည်ဟုဆိုကာ ငွေကြေးထုတ်ချေးခြင်းသည် အကျိုးရှိတန်သလောက် ရှိသော်လည်း ရိုးသားသော တောင်သူလယ်သမားများကို နားလည်အောင် သတိပေးရှင်းပြပြီး အမှန်တကယ် လိုအပ်မှသာ ထုတ်ချေးသင့်ပါသည်။

ငွေကြေးကို ဒီအတိုင်းချေးပေးမည့်အစား လိုအပ်သည့်အချိန်မှသာ သွင်းအားစုများကို အကြွေးစနစ်ဖြင့် ရောင်းချပေးခြင်း၊ လယ်လုပ်ကိရိယာများကို သက်သာသောဈေးနှုန်းဖြင့် ရောင်းပေး၊ ငှားပေး၊ လယ်ကူလီခအတွက် လိုသလောက်သာ ထုတ်ပေးပါက ပိုမိုထိရောက်ပါမည်။

ယခင် အင်္ဂလိပ်လက်အောက်နေခဲ့စဉ်ကလည်း အင်္ဂလိပ်က ကုပ်သွေးစုပ်ရန် ချစ်တီးကုလားများကို ခေါ်လာ၊ အတိုးနည်းနည်းဖြင့် ငွေအများအပြား ချေးခိုင်းကာ လယ်သမားက ငွေလွယ်လွယ်ရတော့ မထိန်းချုပ် မဆင်ခြင်ဘဲချေးယူပြီး ဂုဏ်ပကာသန အလှူကြီးပေး၊ စပါးမထွက်တော့ အကြွေးမဆပ်နိုင်၊ သူကြီးနှင့် ချစ်တီးပေါင်းပြီး လယ်သမားများကို အကျပ်ကိုင်ကာ လယ်သိမ်း နွားသိမ်း၊ နောက်ဆုံး သမီးပါ အသိမ်းခံရသည့်အဖြစ်မျိုးလည်း သမိုင်းမှာရှိပြီးသားပါ။

ယခုလည်း အမတော်ကြေးချေးသည့် ကာလဆိုလျှင် ကျေးရွာများတွင် ဖဲဝိုင်း၊ ကြက်ဝိုင်းများ စိုပြည်လာပြီး အနှစ်မပါသည့် အလှူအတန်းများလည်း ပေါများလာပါသည်။

အမတော်ကြေး ပြန်ပေးဆပ်ရမည့်အချိန်အခါ လယ်သမားကြီးများ မရှုနိုင် မကယ်နိုင်ဖြင့် အစိုးရကို "(မိုး၊ မျိုး၊ ပိုး)" မိုးမကောင်းလို့၊ မျိုးမကောင်းလို့၊ ပိုးဖျက်လို့ဟု အကြောင်းအမျိုးမျိုး ပြကာ အစိုးရကို လိမ်ကြပါတော့သည်။ ဒါကြောင့် တောင်သူလယ်သမား ဦးကြီးများကလည်း မလိမ်ဘဲ ရိုးသားကြဖို့ လိုပါသည်။

**မြန်မာတို့အတွက် ကြီးပွားရေးသည် မြေနှင့်ရေသည် သော့ချက်**

မြန်မာတွေ အချင်းချင်း စကားတွေများ၊ မတည့်ကြ။ ဒီလိုပုံစံမျိုးနှင့်သာ သွားနေမည်ဆိုပါက စင်ကာပူကျော်ဖို့ဆိုတာ ဝေလာဝေး၊ လာအိုနှင့် ကမ္ဘောဒီးယားနောက်တောင် ရောက်သွားနိုင်ပါသည်။

မြန်မာပြည်တွင် တကယ်တမ်း လက်ရှိပေါများသည်မှာ ရေနှင့်မြေ ဖြစ်ပါသည်။ ယခုလက်ရှိ လူဦးရေ ၅၅ သန်း မဆိုထားနှင့် သန်း ၂၀၀ ကျော်အထိ လုပ်ကိုင်စားသောက်နေထိုင်နိုင်သော အဖိုးတန် ရေမြေသယံဇာတ ပိုင်ဆိုင်ထားသည့်နိုင်ငံ ဖြစ်ပါသည်။

ထို့ကြောင့် အားမငယ်ပါနှင့်။ တရုတ်၊ ဗီယက်နမ်၊ ထိုင်းတို့ကို အတုယူပြီး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် မြေကြီးကို စွမ်းအားပြည့်အသုံးချမည်ဆိုပါက မြန်မာသည် အာရှတွင် ကျားတစ်ကောင် ဖြစ်လာနိုင်ပါသည်။ သို့ပါ၍ ကျွန်တော်တို့အားလုံး အတိတ်ကမညီညွတ်မှုတွေကို သင်ပုန်းချေပြီး စည်းစည်းလုံးလုံးဖြင့် မြန်မာချစ်ပြည်သူတိုင်း ကြိုးစားအားထုတ် အလုပ်လုပ်ကိုင်သွားကြဖို့ စေတနာထား၍ တိုက်တွန်းနှိုးဆော်အပ်ပါသည် ခင်ဗျား။ ။

---

**စာပေဗိမာန်စာအုပ်အသင်း စာအုပ်ဖြန့်ချိ**

နေပြည်တော် နိုဝင်ဘာ ၁၀

ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်စာအုပ်အသင်းက စာပေဗိမာန်စာမူဆု စာပဒေသာ ဒုတိယဆုရ "မင်းသျှင်အောင်(တွံတေး)" ရေးသားသည့် **"ရာမဇာတ်ထဲက ရေကျော်မောင်မောင်"** စာအုပ်ကို ၂၀၂၁ ခုနှစ် နိုဝင်ဘာလ အသင်းပေးစာအုပ်အဖြစ် စာအုပ်အသင်းဝင်များထံသို့ဖြန့်ချိလျက်ရှိပါသည်။ ရန်ကုန်မြို့ရှိစာအုပ်အသင်းဝင်များသည် အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်အသင်းတွင် လာရောက်ထုတ်ယူနိုင်ပြီး ကျန်အသင်းဝင်များသို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ခရိုင်ရုံးများမှတစ်ဆင့်လည်းကောင်း၊ စာတိုက်မှတစ်ဆင့်လည်းကောင်း ပေးပို့လျက်ရှိပါသည်။

စာပေဗိမာန်စာအုပ်အသင်းဝင်လိုပါက အတွင်းရေးမှူး၊ စာပေဗိမာန်စာအုပ်အသင်း အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်း၊ရန်ကုန်မြို့၊ဖုန်း-၀၁-၂၄၉၀၃၁၊ ၃၈၁၄၄၈ သို့ လိပ်မူ၍ ဆက်သွယ်နိုင်ကြောင်းသိရသည်။

**သတင်းစဉ်**

# (၃၁)ကြိမ်မြောက် ဆီးဂိမ်း ဘောလုံးနှင့် ဖူဆယ်ပြိုင်ပွဲတွင် မြန်မာအမျိုးသား အမျိုးသမီးအသင်းများ ယှဉ်ပြိုင်မည်

**ရန်ကုန် နိုဝင်ဘာ ၁၀**

ဗီယက်နမ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၃၁)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ဘောလုံးနှင့် ဖူဆယ်အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲ လေးမျိုးစလုံးတွင် မြန်မာအသင်းများ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

ဗီယက်နမ် ဆီးဂိမ်းပြိုင်ပွဲ၏ ဘောလုံး အားကစားနည်းတွင် ဘောလုံး၊ ဖူဆယ်နှင့် သဲသောင်ပြင်ဘောလုံး အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲများ ပါဝင်မည်ဖြစ်သော်လည်း မြန်မာနိုင်ငံအနေဖြင့် ဘောလုံးနှင့် ဖူဆယ်ပြိုင်ပွဲများတွင်သာ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ မြန်မာဘောလုံး အမျိုးသားနှင့် အမျိုးသမီးအသင်းတို့မှာ ယခုနှစ်ကုန်ပိုင်းတွင် နိုင်ငံတကာပြိုင်ပွဲများ ယှဉ်ပြိုင်ခဲ့ရသော်လည်း ဖူဆယ်အသင်းများမှာမူ နှစ်အနည်းငယ်ကြာ နိုင်ငံတကာပြိုင်ပွဲများနှင့် ဝေးကွာလျက်ရှိသည်။ မြန်မာ ယူ-၂၂ အမျိုးသားဘောလုံးအသင်းသည် အောက်တိုဘာ ၂၇ ရက်မှ နိုဝင်ဘာ ၂ ရက်အထိ ကျင်းပခဲ့သော အာရှဖလား ယူ-၂၃ ခြေစစ်ပွဲယှဉ်ပြိုင်ခဲ့သည့် အသင်းကို အခြေခံကာ ယှဉ်ပြိုင်မည်ဖြစ်ပြီး အမျိုးသမီးဘောလုံးအသင်းမှာလည်း အောက်တိုဘာ ၁၈ ရက်မှ ၂၄ ရက်အထိ ကျင်းပခဲ့သော အာရှဖလားခြေစစ်ပွဲ ယှဉ်ပြိုင်ခဲ့သည့် အသင်းဖြင့် ယှဉ်ပြိုင်မည်ဖြစ်သည်။

မြန်မာအမျိုးသမီး ဘောလုံးအသင်းသည် လာမည့်နှစ်ဆန်းပိုင်းတွင် ကျင်းပမည့် အာရှဖလားပြိုင်ပွဲ နောက်ဆုံးအဆင့်ကို ဦးစွာယှဉ်ပြိုင်ရမည်ဖြစ်ပြီး ယင်းပြိုင်ပွဲပြီးဆုံးမှ ဆီးဂိမ်းအတွက် ဆက်လက်ပြင်ဆင်မည်ဖြစ်သည်။ မြန်မာဖူဆယ် အမျိုးသားအသင်းမှာမူ ၂၀၁၈ အာဆီယံဖူဆယ်ပြိုင်ပွဲယှဉ်ပြိုင်ပြီးနောက်ပိုင်း နိုင်ငံတကာပြိုင်ပွဲများနှင့် ဝေးကွာနေသလို အမျိုးသမီး ဖူဆယ်အသင်းမှာမူ ၂၀၁၇ ဆီးဂိမ်းပြိုင်ပွဲပြီးကတည်းက အသင်းမဖွဲ့စည်းရသေးခြင်းဖြစ်သည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ဘောလုံးအမျိုးသားအသင်း နည်းပြချုပ်အဖြစ် ပိုပေါ့ဗ် (ဘူဂေးရီးယား)၊ အမျိုးသမီးအသင်း နည်းပြချုပ်အဖြစ် ဦးတင်မြင့်အောင်၊ ဖူဆယ်အမျိုးသမီးအသင်း နည်းပြချုပ်အဖြစ် ဘန်လက်ချာယိုဝန် (ထိုင်း) တို့ကို ခန့်အပ်ထားပြီး အမျိုးသားအသင်းသာ နည်းပြချုပ် မခန့်အပ်ရသေးခြင်းဖြစ်သည်။

ဗီယက်နမ် နိုင်ငံအနေဖြင့် ဘောလုံးနှင့် ဖူဆယ်ပြိုင်ပွဲများတွင် ဆုတံဆိပ်ရရှိနိုင်သည့် အနေအထားရှိသောကြောင့် အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲ လေးမျိုးစလုံး ထည့်သွင်းကျင်းပခြင်းဖြစ်သည်။

အမျိုးသား ဘောလုံးပြိုင်ပွဲမှာ ဆီးဂိမ်းပြိုင်ပွဲတွင် ပုံမှန်ပါဝင်သော်လည်း အမျိုးသမီးဘောလုံးနှင့် ဖူဆယ်ပြိုင်ပွဲများကိုမူ အိမ်ရှင်နိုင်ငံအပေါ်မူတည်၍ ထည့်သွင်းကျင်းပခြင်းဖြစ်သည်။ အမျိုးသမီးဘောလုံးပြိုင်ပွဲကို ၁၉၈၅ ခုနှစ်တွင် စတင်ထည့်သွင်း ကျင်းပခဲ့သော်လည်း လာမည့်အကြိမ်မှာ ၁၂ ကြိမ်မြောက် ပါဝင်ခြင်းဖြစ်ပြီး ဖူဆယ်ပြိုင်ပွဲကိုမူ ၂၀၀၇ ခုနှစ်တွင် စတင်ထည့်သွင်းကျင်းပခြင်းဖြစ်သည်။ ဖူဆယ်ပြိုင်ပွဲမှာ ဆီးဂိမ်းပြိုင်ပွဲတွင် လေးကြိမ်သာ ထည့်သွင်းကျင်းပရသေးပြီး ၂၀၀၇၊ ၂၀၁၁၊ ၂၀၁၃ နှင့် ၂၀၁၇ ခုနှစ်တို့တွင်ထည့်သွင်းကျင်းပခဲ့ကာနောက်ဆုံးကျင်းပသည့် ၂၀၁၉ ဆီးဂိမ်းပြိုင်ပွဲတွင် ဖူဆယ်အားကစားနည်း ပါဝင်ခဲ့ခြင်းမရှိကြောင်း သိရသည်။

**ရဲရင့်လွင်**

## လာအိုသို့ တရားမဝင်သွားသည့် စက်လှေနစ်မြုပ်

**တာချီလိတ် နိုဝင်ဘာ ၁၀**

ရှမ်းပြည်နယ် ( အရှေ့ပိုင်း)တာချီလိတ်မြို့နယ် ဝမ်ပုံဆိပ်ကမ်းအနီး လွန်းကျိုင်းရေဆိပ်မှ လာအိုနိုင်ငံ ဘွန်ခမ်းဆိပ်ကမ်းသို့ တရားမဝင်သွားရောက်သည့် လူ ၁၉ ဦး လိုက်ပါသည့် စက်လှေတစ်စင်း နိုဝင်ဘာ ၉ ရက် နံနက် ၂ နာရီခွဲခန့်က မဲခေါင်မြစ်အတွင်း နစ်မြုပ်သွားကြောင်း သိရသည်။

နစ်မြုပ်သွားသည့် စက်လှေမှာ လာအိုနိုင်ငံဘက်သို့ တရားမဝင် သွားရောက်သည့် စက်လှေဖြစ်ကြောင်း၊ စက်လှေနစ်မြုပ်သည့် သတင်းရရှိပြီးနောက် ဝမ်ပုံရေကြောင်းရဲတပ်ဖွဲ့နှင့် နယ်မြေခံရဲတပ်ဖွဲ့တို့ အခင်းဖြစ်နေရာ အနီးတစ်ဝိုက်၌ ရှာဖွေလျက်ရှိရာ အမျိုးသမီးအလောင်း တစ်လောင်းသာ တွေ့ရှိခဲ့ရပြီး တောထဲမှ အမျိုးသား ရှစ်ဦး၊ အမျိုးသမီး သုံးဦး စုစုပေါင်း ၁၁ ဦးကို ရှာဖွေတွေ့ရှိထားကြောင်း သိရသည်။

ပျောက်ဆုံးခုနစ်ဦးတွင် သုံးဦးမှာ တောထဲတွင် ထွက်ပြေးလျက်ရှိသဖြင့် ၎င်းတို့ကို ဖမ်းဆီးရမိနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်းနှင့် ကျန်လေးဦးကို ဆက်လက်ရှာဖွေလျက်ရှိပြီး တရားမဝင် လူတင်ပို့သည့် တရားခံကို ဖမ်းဆီးရမိနိုင်ရေး စုံစမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ယာဆေး (ပြန်/ဆက်)**

## မြစ်ကြီးနားမြို့နှင့် စစ်တွေမြို့တို့၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၁၀**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မြစ်ကြီးနားမြို့ လယ်ကုန်းရပ်ကွက်နေ မခင်အေး၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ သိန်းလွင်ကို တွေ့ရှိရပြီး ဘိန်းဖြူ ၀ ဒသမ ၂၁ ကီလိုကို လည်းကောင်း ကွင်းဆက်အရ ညနေ ၅ နာရီ ၄၅ မိနစ်တွင် လယ်ကုန်းရပ်ကွက်နေ သိန်းလှိုင်၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူ ၀ ဒသမ ၀၁ ကီလိုကို လည်းကောင်း၊ အလားတူ ယင်းနေ့ ညနေ ၄ နာရီခွဲတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စစ်တွေမြို့ မင်းဂံရပ်ကွက်နေ မောင်ဖြူ၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၆၆၅ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

### ဖခင်အမည်မှန်

ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ အထက(၅)အဋ္ဌမတန်းမှ မမျိုးမျိုးအေး၏ ဖခင်အမည်မှန်မှာ ဦးတင်သန်း ၁၂/ဥကတ(နိုင်)၁၁၉၅၉၂ ဖြစ်ပါသည်။

**ဦးတင်သန်း**

### ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်ဆာလီဖူ ၁/မကန(နိုင်)၂၂၅၁၇၃ ၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၆၅၁၄၇၃၇၄

### ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်Mလှထွယ်(ခ)ဂျိုးဆက် ၁/မကန(နိုင်)၁၈၃၁၉၉ ၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၇၄၆၃၀၄၇၄

### ဖခင်အမည်မှန်

ရမည်းသင်းမြို့၊ စံလင်းကိုယ်ပိုင် အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မအေးစန္ဒာကျော်၏ ဖခင် ဦးဇော်လင်း၏ အမည်မှန်မှာ ဦးအောင်ကျော်မိုး ၉/တကန(နိုင်) ၁၀၂၅၁၀ ဖြစ်ပါကြောင်း။

**ဦးအောင်ကျော်မိုး**

### အများသိစေရန်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့၊ (၁၁)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် နှင့် အမည် (၅-က ဈေးတန်း)၊ ဦးပိုင်အမှတ် (၆၂/c)၊ မြေဧရိယာ(၀ဒသမ၀၁၄)ကေရှိ အမည်ပေါက် ဦးမောင်ခင်ပါ(၂)ဘိုးဘပိုင်ခြံမြေကွက်နှင့် အဆောက်အအုံအား ဦးထင်လင်းအောင်မှ မြေစာရင်းလုပ်ထုံးလုပ်နည်းများနှင့်အညီ အမည်ပြောင်းရန် ဆောင်ရွက်မည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက်အထားမှုရင်းနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း တောင်ငူခရိုင်နှင့်တောင်ငူမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနသို့ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက အမည်ပြောင်းခြင်းကိစ္စကို လုပ်ထုံးလုပ်နည်းနှင့်အညီ(၁-က)စာရင်း၌ ဦးထင်လင်းအောင်အမည်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇော်လင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၄၂၃/၂၀၁၇)**
**(၂/၉၅၀)၊ ဦးစစ်ကိုလမ်း၊ တောင်ငူမြို့၊ ဖုန်း-၀၉-၄၂၈၁၆၆၄၅၅**

### သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပေါင်းတလည်မြို့၊ တောင်ပိုင်းနယ်မြေ၊ ကန်ဦးရပ်ကွက်တွင်နေထိုင်သော ကျွန်မမိတ်ဆွေ ဒေါ်သန္တာအောင် ၇/ပမန(နိုင်)၁၀၉၁၂၄၏သားဖြစ်သူ မောင်သော်ဇင်ထွဋ်(ဘ)ဦးမင်းမင်းထွဋ် ၇/ပမန(နိုင်)၁၈၃၆၈၀သည် မိခင်၏ဆိုဆုံးမမှုကိုမနာခံဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲအောင်ပြုလုပ်ခြင်း၊ မိခင်၏ကောင်းစေလိုသောစေတနာဖြင့် ပဲ့ပြင်ဆုံးမမှုကို ဆန့်ကျင်၍ မိမိ၏အလိုအလျောက် ပြုလိုရာပြုသွားခဲ့သည့်အတွက် ယနေ့မှစ၍ အမွေစားအမွေခံသားအဖြစ်မှ အပြီးတိုင်စွန့်လွှတ်ကြောင်း နောက်နောင်၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝတို့သည် မိခင်နှင့် သက်ဆိုင်ခြင်းမရှိကြောင်းနှင့် ၎င်းကိစ္စများကိုလည်း လုံးဝ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်သန္တာအောင်၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နီလာဝင်းအောင်(LL.B)၊ တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၈၆)၊ နဝဒေးလမ်း၊ စကားတောင်၊ ပြည်မြို့။ ဖုန်း-၀၉ ၄၃၁၃၁၀၈၁**

### အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၁၂)၊ ရေချမ်းအိုး၊ မန္တလေး-လားရှိုးလမ်းဘေး၊ ကွင်းအမှတ်(၆၇၅)၊ ဦးပိုင်အမှတ်(၂၇)ထဲမှ ခွဲထွက်မြေ ဧရိယာ(၀.၁၂၂)ကေခန့်ရှိ အိမ်နှင့်မြေနေရာမှာ ကျွန်မခင်ပွန်း၏ မိဘများဖြစ်ကြသော ဦးကြီးမောင်-ဒေါ်မြရွှေ(ခ)ဒေါ်ပွေး ကွယ်လွန်ပြီးနောက် ကျန်ရှိသော အမွေဆိုင်ပစ္စည်းဖြစ်ပါသည်။ မိဘများ ကွယ်လွန်ပြီးချိန်တွင် အထက်ပါအိမ်နှင့် မြေနေရာ၌ သမီးဖြစ်သူ ဒေါ်မြင့်သောင်းနှင့် ဒေါ်မြင့်မြင့်အေးတို့မှ လက်ရှိနေထိုင်လျက်ရှိကြပြီး ကျန်မောင်နှမများနှင့် ယနေ့ထက်တိုင် အမွေဆက်ခံခွဲဝေခြင်း မပြုလုပ်ရသေးပါ။ ထို့ကြောင့် အထက်ဖော်ပြပါ အိမ်နှင့်မြေနေရာအား အမွေဆိုင် ကျန်မောင်နှမအားလုံး၏ ခွင့်ပြုချက်၊ သဘောတူညီ ချက်မရရှိဘဲ လွှဲပြောင်းရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ အမည်ပြောင်းခြင်း၊ အခြားနည်းသုံးစွဲခြင်းများ မပြုရန်နှင့် ပြုလုပ်မှုများအား ကန့်ကွက်ကြောင်း အမွေဆိုင်များကိုယ်စား အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်မာရီ ၇/ပတန(နိုင်)၀၀၄၅၄၂**

### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၇/မြို့မအနောက်ရပ်၊ ဇဝနဒီပရပ်ကွက်မှ မြေဧရိယာ ၀ ဒသမ ၀၅၅ကေရှိ မြေကွက်အမှတ် (ပ-၃၀၁၅၂)၏ မြေချ ပါမစ်(စလစ်)မူရင်းပျောက်ဆုံးသွားသဖြင့် မြေကွက်အမည်ပေါက် ဦးကျော်မွေး ၉/လဝန(နိုင်)၁၃၄၀၁၀ (ဘ) ဦးတင်မောင်မှ မြေချပါမစ်(စလစ်) မိတ္တူမှန် ထုတ်ပေးပါရန် မြေချပါမစ်(စလစ်)မူရင်း ပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ ကိုယ်တိုင်ဝန်ခံကတိပြုချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး လျှောက်ထားလာပါသဖြင့်ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ရက်(၃၀)အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေချပါမစ်(စလစ်)မိတ္တူမှန် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ပါမစ်ဝယ်ယူပိုင်ဆိုင်ထားကြောင်း

ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ရပ်ကွက်အမှတ် ၈၂ မြေကွက်အမှတ် (၉၈၉) မြေချပါမစ်ကို မူလအမည်ပေါက် ဦးမြင့်အုန်း (RGN ၀၀၄၇၁၇) ထံမှ အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးစောကပေါ်စေး ၁၄/အမန(နိုင်)၁၄၆၀၆၅ မှ ကြေညာအပ်ပါသည်။ မြေကွက်ပေါ်တွင် ကျူးကျော်ဝင်ရောက်ပါက တရားဥပဒေအရ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ဦးစောကပေါ်စေး**
**၁၄/အမန(နိုင်)၁၄၆၀၆၅**
**ဖုန်း-၀၉-၄၂၁၁၈၁၃၁၉**

### ယာဉ်မှတ်ပုံတင်စာအုပ်ပျောက် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5F/3545, Suzuki Carry P/U ယာဉ်လက်ဝယ်ရှိသူ ဦးကိုကိုအောင် ၁၂/အလန(နိုင်)၀၃၈၃၁၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

### ဖခင်အမည်မှန်

ပုဏ္ဏားကျွန်းမြို့နယ်၊ အထက(ခွဲ) သင်ပုန်းတန်းကျောင်းမှ မခိုင်ဇာလင်း (တက္ကသိုလ်ဝင်တန်း)၏ ဖခင်အမည်မှန်မှာ ဦးစောလှရွှေ ၁၁/ရသတ(နိုင်)၀၂၄၂၀၃ဖြစ်ပါကြောင်း။

**ဦးစောလှရွှေ**

### ဖခင်အမည်မှန်

ပုဏ္ဏားကျွန်းမြို့နယ်၊ အထက(ခွဲ) သင်ပုန်းတန်းကျောင်းမှ မောင်ရွှေမောင်သိန်း (တက္ကသိုလ်ဝင်တန်း)၏ ဖခင်အမည်မှန်မှာ ဦးခင်စိုးမောင် ၁၁/ပဏတ(နိုင်) ၀၃၁၇၁၈ဖြစ်ပါကြောင်း။

**ဦးခင်စိုးမောင်**

### ဖခင်အမည်မှန်

ပုဏ္ဏားကျွန်းမြို့နယ်၊ အထက(ခွဲ) သင်ပုန်းတန်းကျောင်းမှ မောင်နေလင်းဟိန်း(တက္ကသိုလ်ဝင်တန်း)၏ ဖခင်အမည်မှန်မှာ ဦးမောင်စေ့ကေ ၁၁/ပဏတ(နိုင်)၀၂၅၂၂ ဖြစ်ပါကြောင်း။

**ဦးမောင်စေ့ကေ**

### ဖခင်အမည်မှန်

စစ်တွေမြို့၊ အထက(ခွဲ) စက်ရုံစု (ဒသမတန်း)မှ မယဉ်ယဉ်ဦး၏ဖခင် ဦးထွန်းရွှေ၏ အမည်မှန်မှာ ဦးထွန်းချေ ၁၁/ရသတ(နိုင်)၀၅၉၈၁၀ ဖြစ်ပါကြောင်း။

**ဦးထွန်းချေ**

### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပဲခူးတိုင်းဒေသကြီး၊ စက်မှုလယ်ယာဦးစီးဌာနမှ (၂၀၂၁-၂၀၂၂) ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေဖြင့် စက်မှုလယ်ယာစခန်း၊ ဖြူးမြို့နှင့် ရေတာရှည်မြို့တို့တွင် Grain Drying Center နှင့် Seedling Center, Drying Shed (Steel Structure) အဆောက်အအုံများအတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၂-၁၁-၂၀၂၁ရက်တွင် စတင်ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၉-၁၂-၂၀၂၁ရက် ညနေ ၁၆:၃၀ နာရီ နောက်ဆုံးထား၍ တိုင်းဒေသကြီးဦးစီးဌာနမှူးရုံး၊ စက်မှုလယ်ယာဦးစီးဌာန၊ ပဲခူးမြို့သို့ တင်သွင်းရန်ဖြစ်ပါသည်။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၉-၂၅၀၂၂၄၆၃၂၊ ၀၉-၂၅၅၇၃၄၂၅၇ တို့ကို ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇၉၊ မြေကွက်အမှတ် ၇စီ/ ၂-၄၊ ၀ ဒသမ ၀၇၉ကေ၊ မြေကွက်တည်နေရာအမှတ် ၂၇/အေ၊ ဇေယျာသီရိလမ်း၊ (၁) ရပ်ကွက်၊ ဒေါ်မြသီတာဝင်း ၁၂/ကမရ(နိုင်)၀၁၉၈၇၄ အမည်ပေါက် မြေပိုင်မြေ(မစိုက်ပျိုး မြေ) မြေအားအမည်ပေါက်ဖြစ်သူ ဒေါ်မြသီတာဝင်း(မိခင်)သည် ၂၃-၄-၂၀၂၀ရက်တွင်လည်းကောင်း၊ ဖခင်ဖြစ်သူ ဦးမောင်မောင်ညွန့်သည် ၂၅-၂-၂၀၁၂ရက်တွင်လည်းကောင်း အသီးသီးကွယ်လွန်ခဲ့သဖြင့် သားသမီးများဖြစ်ကြသည့် ဦးကျော်စွာဝင်း ၁၂/ကမရ(နိုင်) ၀၁၉၈၈၂၊ ဦးမင်းသူညွန့်ဝင်း ၁၂/ကမရ(နိုင်)၀၄၄၂၃၀၊ ဦးရဲလင်းသူ ၁၂/ကမရ(နိုင်)၀၄၈၉၃၈တို့က ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန်အတွက် ဦးကျော်စွာဝင်း၊ ဦးမင်းသူညွန့်၊ ဦးရဲလင်းသူတို့ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၃၈၀၁/၂၀၂၁(၁၆-၆-၂၀၂၁)ဖြင့် ရရှိသူ ဒေါ်ကလျာဝင်း ၈/မထန(နိုင်)၀၀၀၃၉၄မှ အထွေထွေကိုယ်စားလှယ် လွှဲစာ၊ ပါဝါပေးသူသည် ယနေ့တိုင်သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါပြန်လည်ရုပ်သိမ်းခြင်းမရှိကြောင်း ၅-၇-၂၀၂၁ရက်စွဲဖြင့် ကျမ်းကျိန်ဆိုထားသည့် ကျမ်းကျိန်လွှာ (၁)စောင်၊ ဒေါ်မြသီတာဝင်း၊ ဦးမောင်မောင်ညွန့်တို့၏ သေဆုံးမှုလက်မှတ်(၂)စောင်၊ ဦးကျော်စွာဝင်း၊ ဦးမင်းသူညွန့်ဝင်း၊ ဦးရဲလင်းသူတို့မှ ၎င်းတို့ (၃)ဦးသာ အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း အခြားအမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှ မရှိပါကြောင်း ၅-၇-၂၀၂၁ရက်စွဲဖြင့် ကျမ်းကျိန်ဆိုထားသည့် ကျမ်းကျိန်လွှာ (၁)စောင်၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ အမည်ပေါက်စာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့ကိုတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### အများသိစေရန်ကြော်ငြာခြင်း

ကျွန်ုပ်တို့၏ မိတ်ဆွေဦးစောကြာဒိုး(၇/ ပခန(နိုင်)၁၂၉၀၄၉)ကိုင်ဆောင်သူသည် ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပ မြို့နယ်၊ (၁၂)ရပ်ကွက်၊ မာဃ(၁၂)လမ်း၊ တိုက်အမှတ်(၉၇၉)၊ အခန်းအမှတ်(4-D)တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးနေလင်းထွန်း(၁၃/ တကန(နိုင်)၁၄၉၆၀၇)မန်နေဂျင်းဒါရိုက်တာ၊ ဆန်းမြတ်ထွန်း ကုမ္ပဏီလီမိတက်ထံမှ (၉-၁၁-၂၀၂၁)နေ့စွဲပါ "နှစ်ဦးသဘောတူ တိုက်ခန်းအပြီးအပိုင် အရောင်းအဝယ်ကတိစာချုပ်" ဖြင့် ဝယ်ယူ ပိုင်ဆိုင်ထားသူဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဒေါ်လင်းလင်းထက်** |
| **LL.B, D.B.L, D.I.L,** | **LL.B** |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈) |
| **Hein Htet San Law Firm** | ဖုန်း- ၀၉၅၅၀၆၁၄၆၊ ၀၉၄၅၅၅၀၆၁၄၆ |

အမှတ်(၁၅)၊ ပထမထပ်၊ သံသုမာလမ်း(ရတနာလမ်းဆုံ)၊(၁၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင် မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(အေးသာယာ)ရပ်ကွက်၊ မဥ္ဇူ(၆)လမ်း၊ မြေကွက်အမှတ်(အေ-၄၁)၊ အကျယ်အဝန်း(၄၀ပေ× ၆၀ပေ) ရှိ ဦးမျိုးမင်းဟန်(TKA-၀၃၁၉၇၅) အမည်ပေါက်မြေကွက်နှင့် မြေကွက်အမှတ်(အေ-၄၂)၊ အကျယ်အဝန်း(၄၀ပေ× ၆၀ပေ) ရှိ ဦးအောင်သန်းအမည်ပေါက် မြေကွက်၊ စုစုပေါင်း မြေကွက် (၂)ကွက် နှင့် ယင်းမြေကွက်များပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးသန်းဝင်း(၁၂/မဂတ(နိုင်) ၀၈၃၉၇၁)နှင့် ဒေါ်ဝင်းဝင်းသန်း(၁၂/ဗတထ (နိုင်)၀၀၀၅၇၀)တို့ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက် အထားမူရင်းများဖြင့် ယနေ့မှစ၍(၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက် ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဒေါ်လင်းလင်းထက်** |
| **LL.B, D.B.L, D.I.L,** | **LL.B** |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈) |
| **Hein Htet San Law Firm** | ဖုန်း- ၀၉၅၅၀၆၁၄၆၊ ၀၉၄၅၅၅၀၆၁၄၆ |

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
# မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
# ရုံးအမှတ်(၄၄)၊ နေပြည်တော်

## လျှောက်လွှာခေါ်ယူခြင်း

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးနေရာ(၆၀၀) အတွက် ယှဉ်တွဲပါ သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသူများ လျှောက် ထားနိုင်ပါသည်-

| စဉ် | ခန့်ထားမည့်ရာထူး | လစာနှုန်း | ပညာအရည်အချင်း | လစ်လပ်နေရာ |
|---|---|---|---|---|
| (က) | စာရင်းကိုင်(၂) | ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | C.P.A/B.Com/B.Act/ B.BA/B.Econ | ကျား/ မ ၁၅ |
| (ခ) | ထုတ်လုပ်ရေးကျွမ်းကျင်(၂) | ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | M.Sc(Chem)/ B.E(Chem) | ကျား/ မ ၁၅ |
| (ဂ) | ကွန်ပျူတာလုပ်ဆောင်ရေးမှူး | ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | B.C.Sc/B.C.Tech | ကျား/ မ ၁၀ |
| (ဃ) | စက်မှုကျွမ်းကျင်(၂) | ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | B.E(Mech) | ကျား/ မ ၁၅ |
| (င) | လျှပ်စစ်ကျွမ်းကျင်(၂) | ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | B.E(E.P) | ကျား/ မ ၁၀ |
| (စ) | ဓာတ်ခွဲခန်းကျွမ်းကျင်(၂) | ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | M.Sc(I.C)/B.E(Chem) | ကျား/ မ ၅ |
| (ဆ) | စာရင်းကိုင်(၄) | ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | စီးပွားရေးဆိုင်ရာဘွဲ့ရ | ကျား/ မ ၄၀ |
| (ဇ) | အငယ်တန်းစာရေး | ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | ဘွဲ့ရ | ကျား/ မ ၄၀ |
| (ဈ) | ဒု-လ/ထကွန်ပျူတာ လုပ်ဆောင်ရေးမှူး | ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | ဘွဲ့ရ | ကျား/ မ ၂၅ |
| (ည) | ဒု-လ/ထကြီးကြပ်ရေးမှူး | ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | ॥ | ကျား/ မ ၂၀ |
| (ဋ) | ထုတ်လုပ်ရေးကျွမ်းကျင်(၄) | ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | ॥ | ကျား/ မ ၄၀ |
| (ဌ) | ဓာတ်ခွဲခန်းကျွမ်းကျင်(၄) | ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | B.Sc(Chem/IC) | ကျား/ မ ၁၅ |
| (ဍ) | လျှပ်စစ်ကျွမ်းကျင်(၄) | ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | ဘွဲ့ရ/AGTI/ EGTI/GTC | ကျား/ မ ၂၅ |
| (ဎ) | စက်မှုကျွမ်းကျင်(၄) | ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | ॥ | ကျား/ မ ၅၀ |
| (ဏ) | ယာဉ်မောင်း(၅) | ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀ | ၈ တန်းအောင်+ယာဉ်မောင်း လိုင်စင်(ခ)ရ | ကျား ၃၅ |
| (တ) | စက်မှုကျွမ်းကျင်(၅) | ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀ | ၁၀ တန်းအောင်/T.H.S/ I.T.C | ကျား/မ ၂၅ |
| (ထ) | လျှပ်စစ်ကျွမ်းကျင်(၅) | ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀ | ॥ | ကျား ၁၀ |
| (ဒ) | စက်မှုစီမံရေး(၅) | ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀ | ॥ | ကျား/ မ ၅ |
| (ဓ) | ထုတ်လုပ်ရေးကျွမ်းကျင်(၅) | ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀ | ၁၀ တန်းအောင် | ကျား/ မ ၃၀ |
| (န) | ဓာတ်ခွဲခန်းကျွမ်းကျင်(၅) | ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀ | ၁၀ တန်းအောင် | ကျား/ မ ၁၀ |
| (ပ) | မီးသတ်တပ်ကြပ် | ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀ | ॥ | ကျား ၁၅ |
| (ဖ) | လုံခြုံရေး(၅) | ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀ | ၈ တန်းအောင် | ကျား ၄၀ |
| (ဗ) | လုပ်သား | ၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀ | အလယ်တန်းအောင် | ကျား/ မ ၆၄ |
| (ဘ) | သန့်ရှင်းရေးအကူ | ၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀ | ॥ | ကျား/ မ ၂၀ |
| (မ) | ရုံးအကူ | ၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀ | ၁၀ တန်းအောင် | ကျား/ မ ၂၁ |

၂။ လျှောက်ထားသူများသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) ၃၀-၁၁-၂၀၂၁ ရက်နေ့တွင် အသက်(၃၂)နှစ်ထက် မကျော်လွန်သူ၊ နိုင်ငံ့ဝန်ထမ်းဖြစ် ပါက အသက် (၃၅) နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

(ဂ) အမှတ်စဉ် (ဏ) ယာဉ်မောင်း လျှောက်ထားသူများနှင့် အမှတ်စဉ်(ဖ) လုံခြုံရေး လျှောက်ထားသူများသည် ၃၀-၁၁-၂၀၂၁ ရက်နေ့တွင် အသက်(၄၀)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

(ဃ) ကျန်းမာရေးကောင်းမွန်ပြီး ကိုယ်လက်အင်္ဂါပြည့်စုံသန်စွမ်းသူဖြစ်ရမည်။

(င) ရွေးချယ်ခန့်အပ်ခြင်းခံရပါက အနည်းဆုံး ၃ နှစ်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၃။ သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့်သာ လျှောက်ထားရမည်။ လျှောက်လွှာပုံစံကို လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ Website ဖြစ်သော www.moee.gov.mm နှင့် Facebook Page (@MOEEmyanmar) တို့ တွင် Download ရယူပြီး လျှောက်လွှာတွင်ပါရှိသော အချက်များကို ပြည့်စုံစွာရေးသွင်းရမည်။

၄။ လျှောက်ထားသူများသည် လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ အထောက်အထားများ ပူးတွဲတင်ပြရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ ၊ အိမ်ထောင်စုလူဦးရေစာရင်းပုံစံ(၆၆/၆)မိတ္တူ

(ခ) ပညာအရည်အချင်းအောင်လက်မှတ်မိတ္တူမှန် (စာမေးပွဲဖြေဆိုသည့်အခါ ဘွဲ့လက်မှတ်မူရင်းတင်ပြရမည်။)

(ဂ) အသက်အထောက်အထားစိစစ်ရန် တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်မြင်ပြီးသူများအတွက် အောင်လက်မှတ်မိတ္တူနှင့် တက္ကသိုလ်ဝင်တန်းမအောင်သေးသူများအတွက် ကျောင်းထောက်ခံချက်။ (ဖြေဆိုခွင့် ကတ်ပြားထုတ်ယူချိန်တွင် မူရင်းတင်ပြရမည်။)

(ဃ) နိုင်ငံ့ဝန်ထမ်းမဟုတ်ပါက သက်တမ်းရှိ အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ။ (ဖြေဆိုခွင့်ကတ်ပြား ထုတ်ယူချိန်တွင် မူရင်းတင်ပြရမည်။)

(င) လျှောက်လွှာပိတ်ရက်မတိုင်မီ (၁)လအတွင်း ရိုက်ကူးထားသော ရောင်စုံပတ်စ်ပို့အရွယ် ဓာတ်ပုံ(၅)ပုံ။ (နောက်ကျောတွင် အမည်နှင့် နိုင်ငံသား စိစစ်ရေးကတ်ပြားအမှတ်ရေးသား ဖော်ပြရမည်။)

(စ) လျှောက်လွှာပိတ်ရက် မတိုင်မီ (၂)လအတွင်း ပြုလုပ်ထားသော အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၏ ထောက်ခံချက်နှင့် ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာ ရဲစခန်း၏ ထောက်ခံချက်မူရင်း။

(ဆ) ဝန်ထမ်းအဖြစ်လုပ်ကိုင်ခဲ့ဖူးလျှင် အပြစ်ပေးအရေးယူခံရခြင်းမရှိကြောင်း ကိုယ်တိုင်ဝန်ခံချက်။

၅။ လျှောက်လွှာများကို မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ရုံးအမှတ်(၄၄)၊ နေပြည်တော် သို့ ၁၀.၁၂.၂၀၂၁ ရက်နေ့ (လျှောက်လွှာပိတ်ရက်) ရုံးချိန်အရောက် နောက်ဆုံးထား၍ ပေးပို့ရပါမည်။ လျှောက်လွှာများအား စာတိုက်မှဖြစ်စေ၊ လူကြုံဖြင့် ဖြစ်စေ ပေးပို့လျှောက်ထားနိုင်သည်။ သတ်မှတ်ထားသည့် စာရွက်စာတမ်းမပြည့်စုံခြင်းနှင့် သတ်မှတ်ရက်ထက်နောက်ကျရောက်ရှိ သည့်လျှောက်လွှာများကို လက်ခံစဉ်းစားမည် မဟုတ်ပါ။

၆။ ဝန်ထမ်းဖြစ်ပါက လျှောက်လွှာနှင့်အထောက်ထားများကို သက်ဆိုင်ရာဌာနမှတဆင့် မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ရုံးအမှတ် (၄၄)၊ နေပြည်တော်သို့ ၁၅.၁၂.၂၀၂၁ ရက်နေ့ နောက်ဆုံးထားပေးပို့ရန်နှင့် ကြိုတင်လျှောက်လွှာ(၁)စောင်ကို ၁၀.၁၂.၂၀၂၁ ရက်နေ့ နောက်ဆုံးထားပေးပို့ရမည်။

၇။ လစာနှုန်း ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ တန်းနှင့် လစာနှုန်း ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ တန်းသို့ လျှောက်ထားသူများအတွက် ရေးဖြေစစ်ဆေးခြင်းကို လက်ရှိ COVID-19 ကန့်သတ်ချက်များအရ အောက်ဖော်ပြပါစာစစ်ဌာနများတွင် တစ်ပြိုင်တည်းပြုလုပ်မည်ဖြစ်ပါ၍ မိမိတို့ဖြေဆိုလိုသည့် စာဖြေဌာန(၁)ခုကို လျှောက်လွှာတွင် ဖော်ပြရမည်ဖြစ်ပြီး အဆိုပြုသည့်စာစစ်ဌာနတွင်သာ ဖြေဆိုခွင့် ပြုမည်ဖြစ်ပါသည်-

(က) လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ဗဟိုသင်တန်းကျောင်း ၊ နေပြည်တော်

(ခ) အမှတ်(၁)ရေနံချက်စက်ရုံ(သန်လျင်)၊ ဗဟိုသင်တန်းကျောင်း၊ ရန်ကုန်တိုင်းဒေသကြီး

(ဂ) ရေနံဓာတုဗေဒစက်ရုံစုအထက်မင်းလှမြို့နယ် ၊ မကွေးတိုင်းဒေသကြီး

(ဃ) အမှတ်(၄)ဓာတ်မြေသြဇာစက်ရုံ(မြောင်းတကာ) ၊ ရန်ကုန်တိုင်းဒေသကြီး

(င) အမှတ်(၅)ဓာတ်မြေသြဇာစက်ရုံ(ကန်ကြီးထောင့်) ၊ ဧရာဝတီတိုင်းဒေသကြီး

၈။ ဖြေဆိုခွင့်ရရှိသူ အမည်စာရင်းအား အထက်ပါ Website >> ၊ Facebook Page >> တို့တွင် ကြိုတင်ကြေညာပေးသွားမည်ဖြစ်ပြီး ဖြေဆိုခွင့်ကတ်ပြားများကို ၂၂-၁၂-၂၀၂၁ ရက်နေ့နှင့် ၂၃-၁၂-၂၀၂၁ နေ့တို့တွင် အထက်ဖော်ပြပါစာစစ်ဌာနများ၌ ရုံးချိန်အတွင်း ထုတ်ပေးမည်ဖြစ်ပါ၍ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့်အတူ ကာယကံရှင်ကိုယ်တိုင် လာရောက်ထုတ်ယူရမည်ဖြစ်ပါသည်။ ရေးဖြေစာမေးပွဲစစ်ဆေးခြင်းကို ၂၆-၁၂-၂၀၂၁ ရက်နေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအထိ အင်္ဂလိပ်စာ ကိုလည်းကောင်း၊ ၁၃ : ၀၀ နာရီမှ ၁၄ : ၀၀ နာရီထိ အထွေထွေဗဟုသုတကိုလည်းကောင်း ဖြေဆိုရ မည်ဖြစ်ပါသည်။ ရေးဖြေအောင်မြင်သူများကိုသာ ဖြေဆိုခဲ့သည့် စာစစ်ဌာနများ၌ ဆက်လက်၍ လူတွေ့စစ်ဆေးသွားမည်ဖြစ်ပြီး အောင်မြင်သူများစာရင်းနှင့် လူတွေ့ဖြေဆိုရမည့် နေ့ရက်/ အချိန်တို့ကို ဖြေဆိုခဲ့သည့် စာစစ်ဌာနနှင့် ဖော်ပြပါ Website >> ၊ Facebook Page >>တို့တွင် ထုတ်ပြန် ကြေငြာသွားမည်ဖြစ်ပါသည်။

၉။ လစာနှုန်း ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀ တန်းနှင့် လစာနှုန်း ၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀ တန်း ရာထူးများသို့ လျှောက်ထားသူများအား လက်တွေ့နှင့် လူတွေ့စစ်ဆေးခြင်းကို ဖော်ပြပါစာစစ်ဌာနများအနက်မှ အဆိုပြုသည့် စာစစ်ဌာနတွင် ပြုလုပ်သွားမည်ဖြစ်ပြီး ပြုလုပ်မည့်အစီအစဉ်ကို ထပ်မံအကြောင်းကြားမည်ဖြစ်ပါသည်။

၁၀။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ဖုန်းနံပါတ် ၀၆၇-၃၄၁၁၁၂/ ၃၄၁၁၇၁/ ၃၄၁၁၃၄၉ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း**
**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**

## ရေယာဉ်ပိုင်ရှင်အမည်ပြောင်းလဲခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသော ထိုက်သူစံ-၉ အမည်ရှိ ထားဝယ်ခရိုင်ငါးဖမ်းရေယာဉ် (ရေယာဉ်မှတ်ပုံတင်အမှတ်၊ FDD/0060/17) ရေယာဉ်၏ တန်ချိန်-၂၇.၃၆အား ဂရန်အမည်ပေါက်ပိုင်ရှင်ဖြစ်သော ဦးဝင်းထိုက် ၆/သရခ(နိုင်)၀၃၆၉၀၂ အမည်မှ ဒေါ်တင်တင်နွဲ့ ၆/ထဝန(နိုင်)၀၈၈၈၁၇ အမည်သို့ ပြောင်းလဲပေးပါရန် ဤဌာနသို့ လျှောက်ထားလာပါသည်။ ၎င်းပိုင်ရှင်အမည်ပြောင်းလဲရန်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဒုတိယညွှန်ကြားရေးမှူး၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ မြိတ်မြို့သို့ လိပ်မူ၍ ရက်ပေါင်း ၃၀ အတွင်း ပိုင်ဆိုင်မှု အထောက်အထားများနှင့်တကွ မည်သူမဆို လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ထက်ကျော်လွန်ပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ လျှောက်ထားသူအမည်သို့ ပြောင်းလဲပေးမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

## ရေယာဉ်ပိုင်ရှင်အမည်ပြောင်းလဲခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသော သီဟဇော်-၇ အမည်ရှိ မြိတ်ခရိုင်ငါးဖမ်းရေယာဉ် (ရေယာဉ်မှတ်ပုံတင်အမှတ်၊ FMD/0020/16) ရေယာဉ်၏ တန်ချိန်-၂၈.၀၀အား ဂရန်အမည်ပေါက်ပိုင်ရှင်ဖြစ်သော ဦးထိန်လင်း ၆/သရခ(နိုင်)၀၃၂၂၆၀ အမည်မှ ဦးကျော်သီဟ ၆/မမန(နိုင်)၂၂၁၂၈၇ အမည်သို့ ပြောင်းလဲပေးပါရန် ဤဌာနသို့ လျှောက်ထားလာပါသည်။ ၎င်းပိုင်ရှင်အမည်ပြောင်းလဲရန်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဒုတိယညွှန်ကြားရေးမှူး၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ မြိတ်မြို့သို့ လိပ်မူ၍ ရက်ပေါင်း ၃၀ အတွင်း ပိုင်ဆိုင်မှုအထောက်အထားများနှင့်တကွ မည်သူမဆို လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ထက်ကျော်လွန်ပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ လျှောက်ထားသူအမည်သို့ ပြောင်းလဲပေးမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## တောင်ဥက္ကလာပမြို့နယ်တရားရုံးတော်
## ၂၀၂၁ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၀

ဦးအောင်မြင့်ကျော် **နှင့်** ဒေါ်ရင်မေ

**တရားလို** **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၂)ရပ်ကွက်၊ မြိုင်တန်းသာလမ်း၊ အမှတ်(၁၈၄/၂)နေ ဒေါ်ရင်မေ (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

တရားလိုက ပဋိညာဉ်အတိုင်း မြေနှင့်အကျိုးခံစားခွင့်အရပ်ရပ် အရောင်းအဝယ်စာချုပ်အား တရားဝင်မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ (သို့တည်းမဟုတ်) ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၁ခုနှစ် နိုဝင်ဘာလ ၂၆ရက် (၁၃၈၃ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၈ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များ ကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက် တင်သွင်းရမည်။

၂၀၂၁ခုနှစ် နိုဝင်ဘာ ၉ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(နန်းရွှန်းလဲ့)**
**မြို့နယ်တရားသူကြီး**
**တောင်ဥက္ကလာပမြို့နယ်တရားရုံး**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ဇော်ဝင်းထွေး ၁၃/ညရန(နိုင်)၀၇၀၄၆၅၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၃၅၂၆၉၀၇**

## ပျောက်ဆုံးကြောင်း

ကျွန်မ မစိမ့်စိမ့်ဖြူ ၁၃/တကန(နိုင်)၃၂၃၁၅၅ ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၈၉၀၈၈၁၈၅၉**

## ပျောက်ဆုံးကြောင်း

ကျွန်မ မခင်လှ ၁၃/ညရန (နိုင်) ၁၁၆၂၉၇၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၃၅၂၆၉၀၇**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဘော့စ်စကို ၁၃/ဖခန(နိုင်)၀၇၉၂၆၃၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၄၈၆၈၁၀၆၇**

## အထွေထွေကိုယ်စားလှယ်လွှဲစာ ရုပ်သိမ်းကြောင်းကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနတွင် ဒေါ်သန်းသန်းနု (ဘ)ဦးသန်း ၇/ပခန(နိုင်)၀၇၂၃၉၇မှ ဦးသက်နိုင်ဦး ၇/ပခန(နိုင်)၁၈၁၄၃၄ အား ၆-၆-၂၀၁၄ရက်စွဲဖြင့် လွှဲအပ်ထားသော မှတ်ပုံတင်အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၂၅၀/VI/GP (၁၃၆၉/၂၀၁၄)ကို ဦးသက်နိုင်ဦးအား ကိုယ်စားလှယ်အဖြစ် ဆက်လက်ဆောင်ရွက်စေလိုသော ဆန္ဒမရှိတော့ပါသဖြင့် ပြန်လည်ရုပ်သိမ်းလိုက်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ယဉ်ယဉ်အေး [B.A (Law), LL.B, LL.M]**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၅၆၇)**
**အမှတ် -၁၆၊ မေခလမ်း၊ (၇)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၇၉၂၂၂၇၆၂၁**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3F/7310, Mitsubishi Mini Cab U61T (P/U) ယာဉ်လက်ဝယ်ရှိသူ ဦးရဲသီဟ ၁၁/စတန(နိုင်)၀၀၃၆၃၉ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**
**ရန်ကုန်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1I/4048, Toyota Belto S/L (4x2) ယာဉ်လက်ဝယ်ရှိသူValency International Pte.,Ltd. က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃/မာန်ပြေ)၊ မြေကွက်အမှတ်(၁၃၄၉/က)၊ ဧရိယာ(၂၀ x ၆၀)ပေ၊ မြေ ကွက်တည်နေရာအမှတ်(၁၃၄၉/က)၊ မာန်ပြေ(၂၁)လမ်းအနောက်၊ (၃)ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးအုံးကြည်(TTE-၀၃၆၀၉၀) အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား ဦးအုံးကြည်(ခင်ပွန်း)ကွယ်လွန်သဖြင့် အမည်ပေါက်၏ တစ်ဦးတည်းသော ဇနီးဆိုသူ ဒေါ်အမြင့် ၁၂/သကတ(နိုင်) ၀၃၁၅၂၃မှ ကျမ်းကျိန်လွှာများ၊ သေစာရင်း၊ ဂရန်မူရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာသဖြင့် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာခရိုင်၊ မော်လမြိုင်ကျွန်းမြို့၊ (၉)ရပ်ကွက်၊ အေးရိပ်သာ(၇)လမ်း၊ အမှတ်(၁၀)နေ ဦးကျော်ဝင်းနှင့် ဒေါ်အေးလွင်တို့၏သားကိုကျော်ထက်သည် မိဘတို့၏ ဆုံးမမှုကို လုံးဝမနာခံဘဲ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်အောင် ပြုမူသည့်အတွက် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့်ကိစ္စရပ်များကို တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**ဦးကျော်ဝင်းနှင့် ဒေါ်အေးလွင်**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကလောမြို့နယ်၊ တီခေါင်တိုက်နယ်အုပ်စု၊ ပေါ်ပဲကျေးရွာနေ ဦးဝင်းကျော်သန်း(ကွယ်လွန်)နှင့်ဒေါ်ခင်ဝေကြည်၏သား မောင်ကျော်ဇင်ထွန်း ၁၃/ကလန(နိုင်)၀၉၀၂၇၀သည်ကျန်ရစ်သူမိခင် ဒေါ်ခင်ဝေကြည် ၁၃/ကလန(နိုင်)၀၁၉၀၉၁၏စကားကို နားထောင်ခြင်းမရှိသည့်အပြင် စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်အောင် အကြိမ်ကြိမ်အခါခါ အမျိုးမျိုးလုပ်ဆောင်နေမှုများကြောင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင်၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်ခင်ဝေကြည်၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ပြည့်ဖြိုး(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၅၀၄၈၄/၂၇-၁၁-၂၀၁၈)**
**အမှတ်(မသ-၈၆)၊ မိုင်းပျဉ်း-လဲသက်လမ်း၊ မြို့ဦးကွက်သစ်ရပ်၊**
**ဟိုပုံးမြို့၊ ဖုန်း-၀၉-၇၈၆၀၈၉၄၈၉**

## အများသိစေရန် ကြေညာခြင်း

ကနီမြို့နယ်၊ ဝင်မနားကျေးရွာအုပ်စု၊ မန်ကျည်းအုပ်ကျေးရွာနေ ဦးပိုလို ၅/ကနန(နိုင်)၀၂၈၂၄၆၊ ဒေါ်စန်းစန်းမော် ၅/ကနန(နိုင်)၀၇၉၀၆၅တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေတို့၏သားဖြစ်သူ မောင်ဘီဂျီထွန်း ၅/ကနန(နိုင်)၁၄၆၉၀၄ ကိုင်ဆောင်သူသည် မိဘများ၏ပြောဆိုဆုံးမမှုကို နာခံမှုမရှိဘဲ မိဘများစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုမူလုပ်ဆောင်၍ ၎င်း၏သဘောဆန္ဒအရ နေအိမ်မှထွက်သွားပြီး ပြန်လာခြင်းမရှိသည့်အတွက် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း၊ ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ဆန်းဦး (LL.B)၊ တရားလွှတ်တော်ရှေ့နေ**
**စဉ်-၁၃၉၆၆/၁၇၊ မုံရွာမြို့**

## ဇနီးအဖြစ်မှ စွန့်လွှတ်ခြင်း

တောင်ကြီးခရိုင်၊ ရပ်စောက်မြို့၊ တောင်ကွက်သစ်ရပ်ကွက်၊ နယ်မြေ (၈)၊ ပင်းတယလမ်း၊ အမှတ် (၁၉၇)နေ ဦးထွန်းမြိုင်၏ သားဖြစ်သူ ဦးအေးသန်း ၁၃/ရစန(နိုင်)၀၅၀၀၇၀နှင့် ဦးစံအောင်၏သမီးဖြစ်သူ ဒေါ်မွေးခင် ၉/မထလ (နိုင်) ၀၅၉၁၁၈ တို့သည် ၈-၁၂-၂၀၁၅ ရက်တွင် လက်ထပ်ထိမ်းမြားခဲ့ပြီး သားသမီးလေးဦး ထွန်းကားခဲ့ပါသည်။ ထိုသို့ပေါင်းသင်းနေထိုင်စဉ် (၂၀၀၁ ခုနှစ်မှစ၍ ဦးအေးသန်း ဆင်ပေးထားသော လက်ဝတ်ရတနာတို့နှင့်အတူ နေအိမ်မှ ၎င်း၏သဘောဆန္ဒအရ ဆင်းလိုက်၊ တက်လိုက်ဖြင့် အကြိမ် (၂၀)ခန့် ပြုလုပ်ခဲ့သည့်အပြင် မယားဝတ္တရားတာဝန်ကျေပွန် စွာမနေထိုင်ဘဲ လင်ယောကျ်ားကို စွန့်ပစ်လျက် စိတ်အနှောင့်အယှက်ဖြစ်အောင် အကြိမ်ကြိမ်ပြုလုပ်ခဲ့ပါသည်။ ထို့ကြောင့် ၎င်းအားဇနီးအဖြစ်မှ စွန့်လွှတ်လိုက်ပြီဖြစ်ပါသောကြောင့် ၎င်းနှင့်ပတ်သက်သည့် လူမှုရေး၊ ငွေရေးကြေးရေးစသည့် မည်သည့် ကိစ္စကိုမဆို သက်ဆိုင်ခြင်းမရှိကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

**ဦးအေးသန်း၏လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ဇွန်ပွင့်ဝေဝေ (LL.B)** | **ဒေါ်မျိုးမြတ်သူ (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၁၀၅)** | **အထက်တန်းရှေ့နေ (စဉ်-၅၁၇၄၉)** |
| **အမှတ် (၃၀၅)၊ ရေစက်လမ်း၊** | **ပင်းတယလမ်း၊ တောင်ကွက်သစ်** |
| **တောင်ကွက်သစ်၊** | **ရပ်စောက်မြို့၊** |
| **ရပ်စောက်မြို့၊ ဖုန်း-၀၉-၂၅၉၂၅၉၃၁၇** | **ဖုန်း-၀၉-၄၂၆၃၆၃၀၅၈** |

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၉/ဒက္ခိဏသီရိတောင်ရပ်)၊ မြေကွက် အမှတ်(ဒ-၃၂၄၀၂၊ ဒ-၃၂၄၀၄)၊ ပေ(၈၀ x ၈၀)၊ မြေကွက်(၂)ကွက်သည် ဒေါ်ခင်သစ်လွင် ၁၄/ပသရ(နိုင်) ၀၉၂၁၀၀ အမည်ဖြင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ နှစ်(၃၀)မြေငှားစာချုပ် ချထားပေးသော မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်အမှတ် (ဒ-၃၂၄၀၂၊ ဒ-၃၂၄၀၄)အား ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးတန်ဖိုးငွေများအနက်မှ စရန်ငွေတစ်စိတ်တစ်ဒေသကို (၂၀-၉-၂၀၂၁)ရက်တွင် ပေးချေခဲ့ပြီးဖြစ်ပါသဖြင့် ယင်းမြေကွက်နှင့်မြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၀ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အဆိုပါအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးမွန်(စဉ်-၁၇၁၉၈/၂၀၂၁)၊ တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၆၃၇၈)၊ မြတ်လေး(၃)လမ်း၊ ဇဝနသိဒ္ဓိရပ်ကွက်၊ ဥတ္တရသီရိမြို့၊**
**နေပြည်တော်၊ ဖုန်း-၀၉-၄၃၀၇၅၅၇၉**




## မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပုဒ်မ -၄၃၀(ဆ)အရ ကင်းလွတ်ခွင့်ပြုပါရန် လျှောက်ထားသည့်အပေါ်ထုတ်ဆင့်သည့်ကြော်ငြာစာ

### မန္တလေးခရိုင်တရားရုံး

### ၂၀၂၁ခုနှစ် တရားမအထွေထွေမှုအမှတ်-၂၈

Khaing Mandalay Expressကုမ္ပဏီလီမိတက်
(၎င်း၏ကိုယ်စား ဦးကျော်ခိုင်ဝင်း) လျှောက်ထားသူ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ၃၉လမ်းနှင့် ၈၆လမ်းထောင့်၊ အကွက်အမှတ်(၂၇၈) တွင် ဖွင့်လှစ်ထားသည့်Khaing Mandalay Expressကုမ္ပဏီလီမိတက် (၎င်း၏ကိုယ်စား ဦးကျော်ခိုင်ဝင်း )မှ မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေအရ Myanmar Companies Online (Myco)စနစ်ဖြင့် နှစ်စဉ်အစီရင်ခံစာ (Annual Return)တင်ပြရန် ပျက်ကွက်ခဲ့၍ ကုမ္ပဏီမှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ခဲ့သဖြင့် ပြန်လည်မှတ်ပုံတင်ခွင့်ပြုပါရန် မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေပုဒ်မ-၄၃၀(ဆ)အရ ကင်းလွတ်ခွင့်ပြုပါရန် လျှောက်ထားခြင်းအပေါ် ၂၀၂၁ခုနှစ် ဒီဇင်ဘာ ၈ ရက် (၁၃၈၃ခုနှစ် နတ်တော်လဆန်း ၅ ရက်) နံနက် ၁၀နာရီတွင် ယင်းကုမ္ပဏီနှင့် ပတ်သက်၍ အကျိုးသက်ဆိုင်သူ မည်သူမဆို မိမိတို့ ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့က နေရာတကျလွှဲအပ်ထားသည့် အခွင့်အမိန့်ရ ရှေ့နေဖြင့်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ အဆိုပါ ကင်းလွတ်ခွင့်လျှောက်ထားချက်အားရသင့်/မရသင့် ကိုကြားနာ၍ ကင်းလွတ်ခွင့်ပြုသင့်/မသင့် ကိုစီရင်ဆုံးဖြတ်မည်ဖြစ်၍ အကျိုးသက်ဆိုင်သူ မည်သူမဆို လာရောက်ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ ထုတ်ဆင့်လိုက်သည်။ ၎င်းကဲ့သို့ လာရောက်ခြင်းတစ်ခုခုမရှိပျက်ကွက်ခဲ့လျှင် ဤရုံးတော်က ဆိုခဲ့သော Khaing Mandalay Express ကုမ္ပဏီလီမိတက် (၎င်း၏ကိုယ်စားဦးကျော်ခိုင်ဝင်း)၏ လျှောက်လွှာအပေါ် စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်း၏အမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်မည်ဖြစ် ကြောင်း ကြေညာစာ ထုတ်ဆင့်လိုက်သည်။

၂၀၂၁ ခုနှစ် နိုဝင်ဘာလ ၈ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(သီတာစိုး)**
**ဒုတိယခရိုင်တရားသူကြီး(၅)**
**မန္တလေးခရိုင်တရားရုံး**

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

စစ်တွေမြို့၊ ကျောင်းကြီးလမ်းရပ်ကွက်၊ အမှတ်(51/B)နေ ဦးမောင်ထွန်းဝင်း ၁၁/စတန(နိုင်)၀၃၀၉၆၄နှင့် ဒေါ်စန္ဒာလှိုင်ဝင်း ၁၁/စတန(နိုင်)၀၀၀၇၂၄တို့၏ သမီး သူဇာလှိုင်ဝင်း ၁၁/စတန(နိုင်)၀၈၀၇၅၃သည် မိဘ၏ဆိုဆုံးမမှုကိုမနာခံခြင်း၊ မိဘအား ကိုယ်ထိလက်ရောက်ကျူးလွန်ခြင်း၊ မိမိ၏သဘောအတိုင်း နေအိမ်မှ ဆင်းသွားပါသဖြင့် ဤကြော်ငြာသည့်ရက်မှစ၍ သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင်၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအား လုံးဝ(လုံးဝ)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**စုံစမ်းမေးမြန်းခြင်းသည်းခံပါ။**

**ဦးထွန်းဝင်း-ဒေါ်စန္ဒာလှိုင်ဝင်း**

## မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပုဒ်မ -၄၃၀(ဆ)အရ ကင်းလွတ်ခွင့်ပြုပါရန် လျှောက်ထားသည့်အပေါ်ထုတ်ဆင့်သည့်ကြော်ငြာစာ

### မန္တလေးခရိုင်တရားရုံး

### ၂၀၂၁ခုနှစ် တရားမအထွေထွေမှုအမှတ်-၂၇

ZAKH ကုမ္ပဏီလီမိတက်
(၎င်း၏ကိုယ်စား ဒေါ်ဝင်းထွဋ်တာရာ) **လျှောက်ထားသူ**

မန္တလေးမြို့၊ ချမ်းအေးသာစည်မြို့နယ်၊ ၄၆x၁၁၈လမ်း၊ (မမ-၁၆)၊ တိုက်(၂)၊ အခန်း(၁၀၁)တွင် ဖွင့်လှစ်ထားသည့်ZAKHကုမ္ပဏီလီမိတက်(၎င်း၏ကိုယ်စား ဒေါ်ဝင်းထွဋ်တာရာ)မှ မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေအရ Myanmar Companies Online (Myco)စနစ်ဖြင့် နှစ်စဉ်အစီရင်ခံစာ (Annual Return)တင်ပြရန် ပျက်ကွက်ခဲ့၍ ကုမ္ပဏီမှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ခဲ့သဖြင့် ပြန်လည်မှတ်ပုံတင်ခွင့်ပြုပါရန် မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေပုဒ်မ-၄၃၀(ဆ)အရ ကင်းလွတ်ခွင့်ပြုပါရန် လျှောက်ထားခြင်းအပေါ် ၂၀၂၁ခုနှစ် ဒီဇင်ဘာ ၈ရက် (၁၃၈၃ခုနှစ် နတ်တော်လဆန်း၅ရက်) နံနက် ၁၀နာရီတွင် ယင်းကုမ္ပဏီနှင့် ပတ်သက်၍ အကျိုးသက်ဆိုင်သူ မည်သူမဆို မိမိတို့ ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့က နေရာတကျလွှဲအပ်ထားသည့် အခွင့်အမိန့်ရ ရှေ့နေဖြင့်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ အဆိုပါ ကင်းလွတ်ခွင့်လျှောက်ထားချက် အားရသင့်/မရသင့် ကိုကြားနာ၍ ကင်းလွတ်ခွင့်ပြုသင့်/မသင့် ကိုစီရင်ဆုံးဖြတ်မည်ဖြစ်၍ အကျိုးသက်ဆိုင်သူ မည်သူမဆို လာရောက်ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ ထုတ်ဆင့်လိုက်သည်။ ၎င်းကဲ့သို့ လာရောက်ခြင်းတစ်ခုခုမရှိပျက်ကွက်ခဲ့လျှင် ဤရုံးတော်က ဆိုခဲ့သောZAKH ကုမ္ပဏီလီမိတက် (၎င်း၏ကိုယ်စား ဒေါ်ဝင်းထွဋ်တာရာ)၏ လျှောက်လွှာအပေါ် စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်း၏အမှုအကြောင်းအရာ တွင်စီရင်ချက်ချမှတ်မည်ဖြစ်ကြောင်း ကြေညာစာ ထုတ်ဆင့်လိုက်သည်။

၂၀၂၁ ခုနှစ် နိုဝင်ဘာလ ၈ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(သီတာစိုး)**
**ဒုတိယခရိုင်တရားသူကြီး(၅)**
**မန္တလေးခရိုင်တရားရုံး**

## Century Prosper English Center(Lashio)

Century Prosper English Center(Lashio) တွင် သင်ကြားပြသရန် ဆရာ၊ ဆရာမများ အလိုရှိသည်။

လျှောက်ထားလိုသူများသည်
- ကိုယ်ရေးရာဇဝင်
- ဘွဲ့လက်မှတ်မိတ္တူ
- မှတ်ပုံတင်၊ အိမ်ထောင်စုမိတ္တူ

နှင့်တကွ အောက်ပါလိပ်စာအတိုင်း လာရောက် လျှောက်ထားနိုင်ပါသည်-

လိပ်စာ- (၁) အမှတ်(မ-၆၂/၁)၊ ၅၆လမ်း၊ ၃၇လမ်းနှင့် ၃၈ လမ်း ကြား၊ ရဲမွန်တောင်ရပ်ကွက်၊ မဟာအောင်မြေမြို့နယ် မန္တလေးတိုင်းဒေသကြီး

(၂) ကောင်းရုံလမ်း၊ သိန္နီလမ်း၊ နယ်မြေ(၅)၊ ရပ်ကွက်(၁၂)၊ လားရှိုးမြို့၊

မှတ်ချက် - International School တွင် သင်ကြားပြသဖူး၍ အတွေ့အကြုံရှိသူများကို ဦးစားပေးခန့်ထားပါမည်။ **(လစာကောင်းမည်)**

**ဆက်သွယ်ရန်ဖုန်း** - ၀၉-၂၅၂၆၄၇၁၅၆
၀၉-၆၈၉၄၉၁၈၈၂

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၂)ရပ်ကွက်၊ အကွက်အမှတ် (န-၂)၊ ဦးပိုင်အမှတ်(၁၅)၊ ၆၃x ၆၄ လမ်းကြား၊ ၄၀x၄၁လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးအေးမောင် ၉/မနမ(နိုင်)၀၁၅၀၃၈ ၏အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၃၆၆၀/၂၀၁၃) ဖြင့်လွှဲအပ်ခြင်းခံရသူ ဦးသီဟ ၉/မဟမ(ဧည့်)၀၀၀၀၇၂ က ဂရန်စာချုပ်တင်ပြ၍ ဂရန်သက်တမ်းတိုးလျှောက်ထားရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်နှင့် အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့်(၁၄)ရက်အတွင်း ကန့်ကွက်နိုင် ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ အမှတ်(၄)ရပ်ကွက်၊ (၁၀)လမ်း၊ အိမ်အမှတ်(၂၆)၊ မြေညီ(ယာ)နေ ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဦးစန်းမြင့် ၁၂/လမတ(နိုင်)၀၂၂၂၇၁နှင့် (ဒေါ်ကြူကြူ) ၁၂/လမတ(နိုင်)၀၂၂၂၇၂တို့မှ ကိုအောင်ကျော်သူ ၁၂/လမတ(နိုင်)၀၂၇၆၈၀အား အမွေစားအမွေခံသားအဖြစ်မှ စွန့်လွှတ်ကြောင်း ၁၂-၆-၂၀၀၅ရက်စွဲပါ မြန်မာ့အလင်းသတင်းစာတွင် ထည့်သွင်းကြော်ငြာချက်အား ပြန်လည်ရုပ်သိမ်းပါကြောင်းနှင့် ကိုအောင်ကျော်သူသည် ဦးစန်းမြင့်နှင့် (ဒေါ်ကြူကြူ)တို့၏ တရားဝင်အမွေစားအမွေခံသားဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးစန်းမြင့်၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အိအိဖြိုး(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၅၀၂၈၅/၂၀၁၈)**
**ဖုန်း-၀၉-၇၉၀၂၉၀၃၀၆၊ ၀၉-၄၂၀၀၄၄၂၇၅**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

### (တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀)

### မန္တလေးခရိုင်တရားရုံးတော်

### ၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် - ၇၈၂

| | | |
|---|---|---|
| ဦးကောင်းထွဋ်ကျော် | နှင့် | ဒေါ်သန်းသန်းတင် |
| တရားလို | | တရားပြိုင် |

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ (အ-၁၈/၃၁)နေ ဒေါ်သန်းသန်းတင် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၃ ရက် (၁၃၈၃ ခုနှစ်၊ တန်ဆောင်မုန်းလကွယ်နေ့) မွန်းမတည့်မီ ၉:၃၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါ နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၁ခုနှစ် နိုဝင်ဘာ ၃ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သီရိအောင်)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**မန္တလေးခရိုင်တရားရုံး**

## ကုန်အမှတ်တံဆိပ်အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာအနောက်ရပ်၊ အကွက်အမှတ်(၅၆၄)၊ ၃၂လမ်း၊ ၈၅A လမ်းထောင့်နေ ဦးဉာဏ်လင်းမောင်(ဘ)ဦးတင်ဆွေမြင့် ၉/မရမ(နိုင်)၀၉၂၈၃၄၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း ကုန်အမှတ်တံဆိပ် အသိပေးကြေညာလိုက်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဉာဏ်လင်းမောင်သည် အထက်တွင် ဖော်ပြထားသည့် **ဖိုးသကြား**အမည်ဖြင့် ရွှေချီ၊ ဒံပေါက်ဆန်၊ ထောပတ်၊ မဆလာ၊ သကြားအမျိုးမျိုးနှင့် ဒံပေါက်နှင့် ဆက်စပ်ပစ္စည်းများအားလုံးကို မိဘများလက်ထက်ကတည်းက ရောင်းချဆောင်ရွက် လုပ်ကိုင်ခဲ့ပါသည်။ အဆိုပါဖိုးသကြားအမှတ်တံဆိပ်အား မန္တလေးမြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ဦးစီးဌာနမှူးရုံးတွင် စာချုပ်အမှတ်(၁၄၄၆/၂၀၂၁)ဖြင့် မှတ်ပုံတင်သွင်းပြီးဖြစ်ပါသည်။ ယခုအခါတွင် **ဖိုးသကြား**အမည်ဖြင့် လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည့် ရွှေချီ၊ ဒံပေါက်ဆန်၊ ထောပတ်၊ မဆလာ၊ သကြားအမျိုးမျိုးရောင်းဝယ်ရေး လုပ်ငန်းကို အထက်တွင်အမည်ပါရှိသော ၃၂လမ်း၊ ၈၅Aလမ်းထောင့်ရှိ ဆိုင်တွင်လည်း ကောင်း၊ ဆိုင်အမှတ်(၃၈)၊ သစ်သီးတန်းရပ်၊ ဈေးချိုမှလည်းကောင်း၊ မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ဖြန့်ချီရောင်းချလျက်ရှိပါသည်။ အဆိုပါနေအိမ်နှင့် ဈေးချိုဆိုင်မှလွဲ၍ မည်သည့် နေရာတွင်မှ ဆိုင်ခွဲဖွင့်လှစ်ရောင်းချခြင်းမရှိပါ။ ထို့အပြင် ဖိုးသကြားပင်ရင်းဆိုင်(၂)ဆိုင် ၏ ဖုန်းနံပါတ်မှာ ၀၉-၂၀၂၅၆၃၁၊ ၀၉-၂၅၄၆၈၆၇၃၇၊ ၀၉-၇၉၇၇၆၄၅၃၁၊ ၀၂-၄၀၂၂၂၀၂၊ ၀၂-၄၀၂၂၈၀၂တို့ဖြင့်သာ ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။ အခြားမည်သည့်ဖုန်းနှင့်မျှ ပြောင်းလဲသုံးစွဲခြင်းမရှိပါ။

အဆိုပါ**ဖိုးသကြား**အမည်နှင့် အမှတ်အသားကို ကျွန်ုပ်၏မိတ်ဆွေကသာလျှင် အသုံးပြုလျက်ရှိပြီး အခြားမည်သူ တစ်ဦးတစ်ယောက်ကိုမျှ ငှားရမ်းသုံးစွဲခွင့်ပြုထားခြင်း ကိစ္စရပ်များမရှိပါ။ အဆိုပါ**ဖိုးသကြား**အမှတ်တံဆိပ်ကို သွယ်ဝိုက်၍သော်လည်းကောင်း၊ တိုက်ရိုက်သော်လည်းကောင်း၊ ထင်ယောင်ထင်မှားသော်လည်းကောင်း၊ တုပ ဆောင်ရွက်ထားခြင်း၊ ဖိုးသကြားအမည်အား အသုံးပြု၍ ရောင်းဝယ်ဖောက်ကားခြင်းတို့ကို တွေ့ရှိပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာလိုက်ပါသည်။

**လွှဲအပ်ချက်အရ-**

| | |
|---|---|
| **ဦးလှဝေ(အထက်တန်းရှေ့နေ)** | **ဒေါ်ဝင့်ဝါဦး(အထက်တန်းရှေ့နေ)** |
| **(စဉ်-၁၉၂၉၄/၉၁)** | **(စဉ်-၅၃၅၅၆/၂၀၂၀)** |
| **B.A(Myanmar), LL.B(Q), H.G.P,** | **LL.B, D.B.S, Diploma in English** |
| **D.I.L, D.B.L, DL-101 IP(Law)** | **(MUFL) DL(101); IP Law(Geneva,** |
| **WIPO(Geneva, Switzerland)** | **Switzerland)** |

**လမ်း ၈၀၊ ၁၀x၁၁လမ်းကြား၊ အမရဌာနီအနောက်ရပ်ကွက်၊**
**အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့၊**
**ဖုန်း-၀၉-၆၈၂၂၂၂၃၃၊ ၀၉-၂၀၃၁၆၈၃၊ ၀၉-၇၇၂၀၃၁၆၈၃**

## မြေရောင်းမည်

သုဝဏ္ဏ VIP II 60x80. 100x80 40 x 60 မြေရောင်းမည်။ 1sqft 1သိန်းဈေး၊ ပွဲစားမလို ဖုန်း-၀၉-၇၈၅၉၅၄၉၄၃

## မိခင်အမည်မှန်

ကရင်ပြည်နယ်၊ မြဝတီမြို့၊ အထက(၃)၊ ဆဋ္ဌမတန်းမှ မောင်အောင်မြင့်မြတ် ၏မိခင်အမည်မှန်မှာ နန်းခိုင်ခိုင်မိုးဖြစ်ပါကြောင်း။

**နန်းခိုင်ခိုင်မိုး**

## မိခင်အမည်မှန်

ကရင်ပြည်နယ်၊ မြဝတီမြို့၊ အထက(၃)၊ ဆဋ္ဌမတန်းမှ မမြတ်နိုးသဇင် ၏မိခင်အမည်မှန်မှာ ဒေါ်တင်ချိုအေး ၁၀/မလမ(နိုင်) ၁၉၄၇၀၅ ဖြစ်ပါကြောင်း။

**ဒေါ်တင်ချိုအေး**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ်၊ ကြာညှပ် အထက (Grade-11)ဒသမတန်းမှ မထက်ထက်လင်း၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးတိုင်းကျော် ၉/သပက(နိုင်)၀၅၀၃၇၆ဖြစ်ပါကြောင်း။

**ဦးတိုင်းကျော်**

## မိဘအမည်မှန်

မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ အထက(၂) စလင်း အဋ္ဌမတန်း၌ ပညာသင်ကြားနေသော မောင်ဆန်းထွန်းအောင်၏ ဖခင်နှင့်မိခင် အမည်မှန်မှာ ဦးဗန်းလလ်ဆန်း ၄/မတန(နိုင်)၊ ဒေါ်ကီးငှမ်း ၄/မတန(နိုင်)၀၂၀၇၆၇ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ စလင်းမြို့" ကျော်" ကိုယ်ပိုင်အထက်တန်းကျောင်း ဒသမတန်းမှ မဖူးပွင့်ဝေ၏ ဖခင်အမည်မှန်မှာ ဦးဟန်ဝင်း ၈/စလန(နိုင်)၁၅၆၁၆၀ ဖြစ်ပါကြောင်း။

**ဦးဟန်ဝင်း**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၉)၊ အကွက်အမှတ်၊ (၁၄-ခ/နန္ဒဝန်)၊ ဦးပိုင်အမှတ်(၂၅/က-၁)၊ မြေရီယာ ၀ ဒသမ ၀၈၂၆ ဧကရှိ မြေကွက်အား မြေငှားဂရန်(ဦးပိုင်ခွဲ၊ အမည်ပြောင်း)လျှောက်ထားနိုင်ရေး ဒေါ်အေးသော်တာဝင်း ၁၃/ရစန(နိုင်)၀၅၅၄၇၉မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ပျားရည်ကုန်းရပ်ကွက်၊ (၁၄၉)လမ်း၊ တိုက်အမှတ်(၂၃)၊ (၄)လွှာတိုက်ခန်းကို လက်ရှိပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချခွင့်ရှိသူ ဒေါ်မေသက်ဦး ၈/မကန(နိုင်)၁၁၅၅၄၂ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်မီမီချို ၁၂/တမန(နိုင်)၀၉၆၈၀၇က လက်ရောက်ဝယ်ယူရန် စရန်ငွေအချို့ကို ပေးချေပြီးဖြစ်ရာ အဆိုပါ အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့် ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဝင်းဖေ B.A(Philo),H.G.P**
**အထက်တန်းရှေ့နေ(စဉ်-၇၆၅၂/၈၂)**
**၂၅၁(ပ)ထပ်(ခေါင်းရင်းခန်း)၊ ပြည်တော်အေးလမ်း၊ လေးထောင့်ကန်ရပ်ကွက်၊**
**သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၃၀၆၅၇၉၁**

## ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၂၁/မိုးကြိုးရွာမ-၁)၊ ကွင်း/အကွက်အမှတ် (၁၂၅)၊ မြေအကျယ်အဝန်း(အလျားပေ၄၀ x အနံ ၈၀ပေ)ရှိ မြေကွက်အား ဒေါ်စန်းနွဲ့ ၅/ဝလန(နိုင်)၀၄၀၉၃၉အမည်ဖြင့် ပိုင်ဆိုင်ခဲ့ပြီး အဆိုပါမြေကွက်တွင် အဆောက်အအုံဆောက်လုပ်ခြင်း ဆောင်ရွက်နိုင်ရေး ဦးဌေးအောင် ၁၃/နဆန(နိုင်)၀၀၇၇၇၇မှ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်မြို့နယ် စည်ပင်သာယာရေးရုံး အင်ဂျင်နီယာဌာနသို့ဖြစ်စေ၊ ကျွန်ုပ်ထံသို့ဖြစ်စေ ကြော်ငြာပါသည့်ရက်မှစ၍ ရက် ၃၀အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးဌေးအောင် ၁၃/နဆန(နိုင်)၀၀၇၇၇၇**
**ကွင်းအမှတ်(၁၂၅)၊ မိုးကြိုးရွာမ-၁၊ ရပ်ကွက်ကြီး(၂၁)၊ ပြင်ဦးလွင်မြို့**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ သီရိမာလာအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၁၉၁)၊ ဦးပိုင်အမှတ်(၆၁)၊ ၂၂x၂၃လမ်းကြား၊ ၈၇x၈၈လမ်းကြားရှိ ဦးလှတင့်၊ ဦးမောင်ငယ် အမည်ပေါက်ဂရန်မြေကွက်အား (ဖခင်)ဦးလှတင့် (မိခင်) ဒေါ်ခင်စုတို့ အသီးသီးကွယ်လွန်၍ ကျန်ရစ်သော သမီးဖြစ်သူ ဒေါ်ချိုမာဦး ၉/မနတ(နိုင်)၀၀၀၀၈၁နှင့် (ပူးတွဲအမည်ပေါက်သူ) ဦးမောင်ငယ် ၉/မနတ(နိုင်)၀၇၁၀၅၁ တို့က ဂရန်စာချုပ် မူရင်းပျောက်ဆုံးကြောင်း ရဲစခန်းနှင့်ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက်မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ည)ရပ်ကွက်၊ အကွက်အမှတ်(လလ-၈၀)၊ ဦးပိုင်အမှတ်(၅၂)၊ ၅၀x၅၁လမ်း၊ မဏ္ဍရာနှင့်တပင်ရွှေထီးလမ်းကြားရှိဂရန်မြေကွက်အမည်ပေါက်သောခင်ပွန်းဖြစ်သူ ဦးကျော်ကျော် ကွယ်လွန်သဖြင့် ကျန်ရစ်သောဇနီးဖြစ်သူ ဒေါ်သီသီမြင့် ၉/မနတ(နိုင်)၀၅၈၁၃၆ ကသေစာရင်း၊ ဂရန်စာချုပ်မူရင်းပျောက်ဆုံးကြောင်းရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့်(၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၂)၊ သုမင်္ဂလာရပ်နေ ဦးသုခ ၁၃/တကန(နိုင်)၀၃၁၉၃၈နှင့် ဒေါ်ရင်ရင်စန်း ၁/မကန(နိုင်)၀၈၁၁၅၀တို့၏ သားမောင်သူရိန်ထူး ၉/ပဥလ(နိုင်)၀၄၂၇၂၉သည် မိဘ၏ဆိုဆုံးမမှုအား နာယူမှုမရှိဘဲ မိဘအား စိတ်ဆင်းရဲအောင် အမျိုးမျိုးပြုလုပ်သောကြောင့် ၎င်းအား ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်၊ နောက်နောင်မောင်သူရိန်ထူးနှင့် ပတ်သက်သော ကိစ္စအဝဝများအား လုံးဝ(လုံးဝ)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသုခ-ဒေါ်ရင်ရင်စန်း**
**ရပ်ကွက်ကြီး(၂)၊ ပြင်ဦးလွင်မြို့**

## ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ရုံး
## ဆိုင်ထွက်ခွင့်ရရှိသူအမည်ပေါက်ပြောင်းလဲခြင်းဆိုင်ရာကြော်ငြာ

၁။ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့သည် စောင်းတန်းများအတွင်း ဆောက်လုပ်ထားသော ဆိုင်ခန်းများ၌ ဈေးရောင်းချရန် ဆိုင်ထွက်ခွင့်ရရှိသူများကို မှတ်ပုံတင်၍ သတ်မှတ်ခွင့်ပြုထားပါသည်။ ယခုအခါ အရှေ့ဘက်စောင်းတန်းမှ (၂)ဆိုင်နှင့် တောင်ဘက်စောင်းတန်းမှ (၂)ဆိုင်၊ စုစုပေါင်း(၄) ဆိုင်မှ ဆိုင်ထွက်ခွင့်ရရှိသူအမည်များ ပြောင်းလဲပေးရန် စီမံဆောင်ရွက်နေပါသည်။

၂။ အောက်ဖော်ပြပါ ဆိုင်ခန်းအမှတ်များ၌ ဆိုင်ထွက်ခွင့်ရရှိသူ အမည်ပေါက်ပြောင်းလဲခြင်းကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူရှိပါက ခိုင်လုံသော အထောက်အထားတင်ပြ၍ ကန့်ကွက်နိုင်ပြီး ကန့်ကွက်မည့်သူမရှိပါက ဤကြော်ငြာသည့်ရက်မှစ၍ (၇)ရက်အတွင်း အမည်ပေါက်ပြောင်းလဲခြင်းအား ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်–

(က) အရှေ့ဘက်စောင်းတန်းမှဆိုင်အမှတ်–၁၂၊၁၃၂

(ခ) တောင်ဘက်စောင်းတန်းမှ ဆိုင်အမှတ်– ၂၆၊ ၂၈

**ဂေါပကအဖွဲ့**

## ကန့်ကွက်နိုင်ပါကြောင်း
### ဦးအညို–သား
### ကိုဇော်နိုင်
### သမီး –မဟန်ထွန်းအိမ်
### ကြက်အူတောင့်၊ ဝက်အူတောင့်လုပ်ငန်း

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ နန္ဒဝန်ရပ်ကွက်၊ စည်သူလမ်းနေ ဒေါ်ဟန်ထွန်းအိမ် ၅/မရန(နိုင်)၂၇၄၃၈၆ "ဦးအညို–သား/ကိုဇော်နိုင်၊ သမီး မဟန်ထွန်းအိမ်၏ ကြက်အူတောင့်၊ ဝက်အူတောင့်လုပ်ငန်း" အားဤကြေညာသည့်ရက်မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက "ဦးအညို–သား/ကိုဇော်နိုင်၊ သမီး မဟန်ထွန်းအိမ်၏ ကြက်အူတောင့်၊ ဝက်အူတောင့်လုပ်ငန်း"အား ဆက်လက်လုပ်ကိုင်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ဟန်ထွန်းအိမ်**
**၅/မရန(နိုင်)၂၇၄၃၈၆**
**ဖုန်း–၀၉–၄၀၀၄၀၅၆၇၉**

### အမည်ပြောင်း

မြိတ်မြို့၊ ILBC ကျောင်း၊ Primary–3 မှ ဦးဇင်မင်းဟိန်းနှင့် ဒေါ်အိန္ဒြာထွေးတို့၏ သား မောင်သတိုးလျှံလင်းအား ယနေ့မှစ၍ မောင်သတိုးဟိန်းဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်သတိုးဟိန်း**

### အမည်မှန်

မြိတ်မြို့၊ ထွန်းတောက်ကြယ် ကိုယ်ပိုင်အထက်တန်းကျောင်း Grade–9 မှ (ဘ)ဦးထွန်းထွန်းလင်း၏သမီး ကျောင်းဝင်အမှတ် (TK–283)ဖြစ်သူ မနွေးနွေးသဥ္ဇာ၏ အမည်မှန်မှာ မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်းအရ မချယ်ရီဖူးဖူး ဖြစ်ပါကြောင်း။ **မချယ်ရီဖူးဖူး**

### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ်6N/4808 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(တောင်ငူ)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7L/9852 FAW Tractorhead (6x4) ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းမွှမ်းရင် ၁၃/တယန(နိုင်) ၀၃၉၈၅၇ က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1J/7151 Toyota Jpsurn Acm 21 Station Wagon (4x2) R ယာဉ်လက်ဝယ်ရှိသူ ဦးဟန်ဇော်ထွန်း ၁၄/မအပ(နိုင်)၂၃၃၈၈၆ က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်မြို့**

## ကုန်အမှတ်တံဆိပ် သတိပေးကြေညာခြင်း

သံဖြူရွာ၊ မြို့လှမြို့၊ ရေတာရှည်မြို့နယ်၊ တောင်ငူခရိုင်ရှိ "ရွှေဝါးတူ" ဝါးတူနှင့် အသားကင်တုတ်လုပ်ငန်းကို ဦးကျော်ကျော်နိုင် ၇/ရတရ(နိုင်)၀၇၂၅၇၉ က အောက်ပါကုန်အမှတ်တံဆိပ်ကို မူပိုင်သုံးစွဲရန် ရန်ကုန်မြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ စာချုပ်အမှတ်–၄/၁၉၁၅ဖြင့် ၂၂–၆–၂၀၂၁ရက်၌ မှတ်ပုံတင်ထားပြီးဖြစ်ပါသည်–




အထက်ပါ ကုန်အမှတ်တံဆိပ်ကို မိမိတို့ကုမ္ပဏီမှ ထုတ်လုပ်ဖြန့်ချိသော "ရွှေဝါးတူ" ဝါးတူနှင့် အသားကင်တုတ်လုပ်ငန်းကို စက္ကူအိတ်အမျိုးမျိုး၊ ပလတ်စတစ်အိတ်အမျိုးမျိုး၊ စက္ကူဘူးအမျိုးမျိုး၊စက္ကူရွက်၊ စက္ကူပတ်အမျိုးမျိုး၊ အသားတံဆိပ်အမျိုးမျိုးတို့၌ သုံးစွဲ၍ မြန်မာနိုင်ငံတစ်ဝန်းလုံး တင်ပို့ရောင်းချလုပ်ကိုင်မည်ဖြစ်သည်။ သို့ဖြစ်ပါ၍ ယင်းကုန်အမှတ်တံဆိပ်ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ပုံတူပုံမှား၊ ဆင်တူယိုးမှား၊ သံတူကြောင်းကွဲနှင့် ထင်ယောင်ထင်မှားဖြစ်အောင် ပြုလုပ်သုံးစွဲခြင်းမပြု ကြပါရန်နှင့် ထိုသို့ ပြုလုပ်သုံးစွဲသူများကို ဥပဒေနှင့်အညီ အရေးယူမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ–**
**ဦးဇေယျာအောင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၅၀၂၅)**
**အမှတ်(၆၃)၊ သီရိလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း–၀၉–၇၆၃၇၇၄၃၈၀**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံးကိုဒဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
### ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး
### ၂၀၂၁ခုနှစ် တရားမကြီးမှုအမှတ်–၁၈၃

ဦးထွန်းမြတ်အောင် ပါ–၂ နှင့် ဦးစိန်လှ(ခ)ဦးစိန်ထွေး ပါ–၂

**တရားလိုများ** **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ ဘုရင့်နောင်လမ်းမ၊ အမှတ် (၈၂–၉)နေ (၁)တရားပြိုင် ဦးစိန်လှ(ခ)ဦးစိန်ထွေး သိရှိစေရမည်။

သင့်အပေါ်၌ တရားလိုများက ပဋိညာဉ်အတိုင်း အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့မဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်၊ ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၂၁ ခုနှစ် နိုဝင်ဘာ ၂၆ ရက်(၁၃၈၃ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၈ရက်) မွန်းမတည့်မီ ၁၀:၀၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုများ၏ စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၁ခုနှစ် နိုဝင်ဘာ ၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မိုးကျော်)**
**ခရိုင်တရားသူကြီး**
**ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန
## သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲ
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲ(ရုံးချုပ်)မှ ၂၀၂၁–၂၀၂၂ ဘဏ္ဍာရေးနှစ် (အောက်တိုဘာလမှ မတ်လအထိ)(၆)လအတွင်း မြေစမ်းသပ်ခြင်း၊ တံတားစစ်ဆေးခြင်းနှင့် ဓာတ်ခွဲခန်းစမ်းသပ်ခြင်း လုပ်ငန်းတို့တွင် အသုံးပြုရန်အတွက် လိုအပ်သော ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများကို တင်သွင်းရန် မြန်မာနိုင်ငံသားတိုင်းရင်းသားလုပ်ငန်းရှင် ကုမ္ပဏီများအား ဖိတ်ခေါ်အပ်ပါသည်။

| | | | |
|---|---|---|---|
| ၂။ (က) | **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** | – | ၁၅–၁၁–၂၀၂၁ရက်(တနင်္လာနေ့) |
| (ခ) | **တင်ဒါအရောင်းပိတ်မည့်ရက်နှင့် အချိန်** | – | ၁၄–၁၂–၂၀၂၁ရက်(အင်္ဂါနေ့) ညနေ ၄:၀၀နာရီ |
| (ဂ) | **တင်ဒါတင်သွင်းရမည့်နောက်ဆုံး ရက်** | – | ၁၆–၁၂–၂၀၂၁ရက် (ကြာသပတေးနေ့) ညနေ ၄:၀၀နာရီ |
| (ဃ) | **တင်ဒါဖွင့်မည့်ရက်/အချိန်** | – | ထပ်မံဆက်သွယ်အကြောင်းကြားပါမည်။ |

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ကျေးလက်လမ်းဖွံ့ဖြိုး ရေးဦးစီးဌာန သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲ၊ နေပြည်တော်၊ ဖုန်း–၀၆၇– ၃၄၀၇၈၄၄၊ ၀၆၇–၃၄၀၇၈၅၇(Ex–124)တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### တရားမကျင့်ထုံး ကိုဒဥပဒေ အမိန့်၅၊ နည်းဥပဒေ –၂၀
### ပြင်ဦးလွင်မြို့နယ်တရားရုံး
### ၂၀၂၁ခုနှစ် တရားမကြီးမှုအမှတ်–၃၅

ဒေါ်ကြည်ညွန့် နှင့် ၁။ ဗိုလ်မှူးမြင့်သိန်း
(၎င်း၏အထွေထွေကိုယ်စားလှယ်စာရသူဒေါ်သဥ္ဇာသူ) ၂။ဒေါ်သင်းသင်းမာ
**(တရားလို)** **(တရားပြိုင်များ)**

ပြင်ဦးလွင်မြို့၊ အမှတ်(ဖ–၂)၊ သဇင်လမ်း၊ ပဒေသာမြို့သစ်၊ ရပ်ကွက်ကြီး–၈နေ(၂)တရားပြိုင် ဒေါ်သင်းသင်းမာ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

